# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၂၀ ရက်မြောက်နေ့မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်

(၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း က အစည်းအဝေးကို ကြီးကြပ်ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၂၀ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

# အမျိုးသားလွှတ်တော် ၂၀ ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဒုတိယဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့မှာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၈)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၉၈)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၀.၈၃) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့ အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရအစည်းအဝေးစတင်ကျင်းပကြောင်းကြေညာပါတယ်။(သဘြာသံ များ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၁။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမ အကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ၂၀ ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဒုတိယဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်

ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံထွန်း ဟာ သွားနှင့်ခံတွင်းရောဂါ ကုသမှုခံယူရန်နှင့် ဇနီးဖြစ်သူ ကျန်းမာရေး ကုသမှုခံယူရန် ရှိပါသဖြင့် ၁၉-၉-၂၀၁၁ နေ့ရက်တစ်ရက်အား လွှတ်တော်အစည်းအဝေး တက်ရောက်ခြင်းမှ ခွင့်ပြုပေးပါရန် ကျွန်တော် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် မှ ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစံထွန်း ဟာ ဇနီးဖစ်သူ ကျန်းမာရေးစစ်ဆေးမှု ခံယူရန်နှင့် ၎င်း၏ သွားနှင့်ခံတွင်းရောဂါ ကုသမှုခံယူရန် ၁၉-၉-၂၀၁၁ ရက် နေ့ တစ်ရက်အား လွှတ်တော်အစည်းအဝေး တက်ရောက်ခြင်းမှ ခွင့်ပြုပါရန် လျှောက်ထားခြင်း အပေါ် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ဦးစံထွန်းရဲ့ ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း ၏ ခွင့်လျှောက်ထားမှုကို ဦးစတီဗင်သာဘိတ် က တိုင်ကြားရန် ဖစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း သည် ခေါင်းမူးဖျားနာနေပါသဖြင့် ဆေးခန်းရဲ့ ညွှန်ကြားချက်အရ ၁၉-၉-၂၀၁၁ ရက်နေ့ကို ခွင့်တစ်ရက်ပေးနိုင်ပါရန် ကျွန်တော် ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မှ ၎င်း၏ ကိုယ်စား ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း ကျန်းမာရေး မကောင်းသဖြင့် ၁၉-၉-၂၀၁၁ ရက်နေ့ကို ခွင့်တစ်ရက်ပေးရန် လျှောက်ထားချက် အပေါ်မှာ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ဦးပေါလ်ထန်ထိုင်း၏ ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သဘာသံများ)

**ဒုတိယဥက္ကဋ္ဌ** ။ ။ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စိန် ၏ ခွင့်လျှောက်ထားမှုကို ဦးတင်မောင်မြင့် က ခွင့်တိုင်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်စိန် သည် ဇနီးသည် နေမကောင်း၍ ပြုစုရန်အတွက် ၁၉-၉-၂၀၁၁ ရက် တစ်ရက်ကို ခွင့်အဖြစ်သတ်မှတ် ပေးပါရန် ဦးမောင်စိန်ရဲ့ကိုယ်စား တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ကျွန်တော် ဦးတင်မောင်မြင့် က လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ တန်သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စိန် ၏ဇနီးသည် ကျန်းမာရေးမကောင်းပါသဖြင့် ၁၉-၉-၂၀၁၁ ရက်နေ့ကို ခွင့်တစ်ရက် သတ်မှတ်ပေးပါရန် လွှတ်တော်သို့ ခွင့်ပန်ကြားပါသည်။ ဦးမောင်စိန် ၏ ခွင့်ပန်ကြားချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ဦးမောင်စိန် ၏ ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးညီညီထွန်း ၏ ခွင့်ပန်ကြားချက်ကို မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောအုန်း က ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။လေးစားရပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညီညီထွန်း သည် လွန်ခဲ့သောနှစ်လခန့်က ခွဲစိတ်ကုသခံယူထားရသည့် အူပိုင်းဆိုင်ရာဝေဒနာအား ရန်ကုန်အထူးကုဆေးရုံကြီးတွင် ပြန်လည်ပြသကုသမှု ခံယူနေရပါ သည်ခင်ဗျား။ သို့ပါ၍ ၁၉-၉-၂၀၁၁ နှင့် ၂၀-၉-၂၀၁၁ နေ့ နှစ်ရက် ဤလွှတ်တော် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိပါသဖြင့် ဦးညီညီထွန်း အား ခွင့်(၂)ရက်ပေးပါရန် ဦးညီညီထွန်း ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ကျွန်တော် ဦးစောအုန်း က ခွင့်ပန်ကြားအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညီညီထွန်း သည် ခွဲစိတ်ကုသမှုရောဂါကို ဆက်လက်ကုသရန်ရှိပါသဖြင့် ၁၉-၉-၂၀၁၁ ရက်နေ့ မှ ၂၀-၉-၂၀၁၁ ရက်နေ့ထိ ခွင့်(၂)ရက်ကို လွှတ်တော်တက်ရောက်ခြင်းမှ ခွင့်ပန်ကြားချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဦးညီညီထွန်း ၏ ခွင့်ပန်ကြားချက်ကို လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်းကြေညာပါတယ်။ (သဘောသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးရှုမောင် ၏ ခွင့်ပန်ကြားချက်ကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း က ခွင့်တိုင်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရှုမောင် ဟာ ၎င်း၏ဇနီးဖြစ်သူမှာ ဝမ်းဗိုက်နာကျင် အူကျွံရောဂါကြောင့် ဆေးဝါးကုသမှု ခံယူခဲ့ရာ ၆ လတစ်ကြိမ် ပြန်လည်စစ်ဆေးခဲ့ပါတယ်။ လွန်ခဲ့သော တစ်ပတ်ခန့် က ဝမ်းဗိုက်တွင် နာကျင်သောဝေဒနာ ရုတ်တရက်ခံစားရပြီး သမားတော်ကြီးများနှင့် ပြသခဲ့ရာ ခေတ်မီကိရိယာ များဖြင့်အမြန်ကုသရန် လိုအပ်သည့်အတွက် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ ဆေးရုံမှာသွားရောက် ကုသမှုခံယူမှာဖြစ်လို့ ဇနီးသည်ဖြစ်သူနှင့်အတူ လိုက်ပါသွားရန်အတွက် ၁၉-၉-၂၀၁၁ ရက်နေ့မှ ၂၃-၉-၂၀၁၁ ရက်နေ့အထိ ခွင့်(၅)ရက် ခံစားခွင့်ပြုပါရန် ဦးရှုမောင် ရဲ့ ကိုယ်စား ကျွန်တော် ဦးအောင်ငြိမ်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရှုမောင် ၏ ခွင့်ပန်ကြားမှုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဦးရှုမောင်၏ ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သဘောသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းသိန်း ခွင့်ပန်ကြားမှုကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသက်လင်း မှ ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးသက်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။ ။**
လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဝင်းသိန်း ၏ အစာအိမ်ရောဂါသည် ဆေးစားပြီး အနားယူရန်လိုအပ်ကြောင်း ဆရာဝန်မှ ညွှန်ကြားလာပါသဖြင့် ၁၉-၉-၂၀၁၁ နေ့မှ ၂၈-၉-၂၀၁၁ ရက်နေ့အထိ ခွင့်(၁၀)ရက် ခွင့်ပြုပေး ပါရန် ဦးဝင်းသိန်း ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းသိန်း သည် အစာအိမ်ရောဂါကြောင့် ဆေးဝါးကုသရန် ရှိပါသဖြင့် ၁၉-၉-၂၀၁၁ နေ့မှ ၂၈-၉-၂၀၁၁ ရက်နေ့အထိ ခွင့်(၁၀)ရက်ကို လျှောက်ထားလာပါတယ်။ ယင်း လျှောက်ထားချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်ကသဘောတူတဲ့အတွက် ဦးဝင်းသိန်း၏ ခွင့်ပန်ကြားချက်ကို လွှတ်တော်က
ခွင့်ပြုကြောင်း ကြေညာပါတယ်။] (သဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို တက်ရောက် ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၄)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍

ခွင့်ပြုထားသူ(၂၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသား လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသား လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၄။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု လွှတ်တော် ကိုယ်စားလှယ် (၄)ဦးက မေးမြန်းထားတဲ့ မေးခွန်းများသည် အမှတ်(၂)လျှပ်စစ် စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်သို့ မဟာဓာတ်အားလိုင်း ဆက်သွယ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်သိန်းက မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်သို့ မဟာဓာတ်အားလိုင်း ဆက်သွယ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖစ်ပြပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးကျော်သိန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခြင်ဗျား။ ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မ်ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခြင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)က ချောင်းဆုံမြို့နယ်ကို ကိုယ်စားပြုတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သိန်း ဖစ်ပြပါတယ်။ ကျွန်တော်တို့ ချောင်းဆုံမြို့နယ်ဖြစ်တဲ့ ဘီလူးကျွန်းဆိုတာဟာ ကျွန်းမြို့နယ်ပေါ့နော်။ ကျွန်းမြို့နယ်ဆိုတော့ အလျားက တောင်နဲ့မြောက်နဲ့ မိုင်(၂၀)လောက်ဝေးကွာတယ်။ အရှေ့နဲ့အနောက်က (၁၀)မိုင်လောက်ပဲ ရှိပါတယ်။ ကျွန်းကသေးသေးလေး။ ဒါပေမယ့် လူဦးရေက နှစ်သိန်းနီးပါး လောက်ပေါ့နော်။ ဒါပေမယ့် လူဦးရေကများနေတာ။ အဲဒီမှာ လယ်ယာချောင်းမြောင်းကိစ္စကလည်း တိုးချဲ့ဖို့က ဘာမှမရှိတော့ဘူး။ ကျွန်တော်တို့ အနောက်ဘက်မှာ ဘ်ဂလားပင်လယ်အော်ပဲ ရှိ တော့တယ်။ အရှေ့ဘက်မှာ သံလွင်မစ်ြနဲ့ကပ်ရက် မွန်ပြည်နယ်ရဲ့ မြို့တော်ဖစ်ြတဲ့ မော်လမြိုင်ပဲ ရှိတော့တယ်။ လျှပ်စစ်မီးအနေနဲ့ကတော့ ဒီစက်မှုလုပ်ငန်း လုပ်ကိုင်ဖို့ကိစ္စက လျှပ်စစ်မီးမရှိရင် ဘယ်လိုမှမဖစ်ြနိုင်တဲ့အတွက် လျှပ်စစ်မီး လုံလုံလောက်လောက် ရရန် အင်မတန်ကို အရေးကြီးနေတယ်။ မဟာဓာတ်အားလိုင်းက မော်လမြိုင်မြို့ကို ရောက်နေတယ်။ မော်လမြိုင်ကနေ တောင်ဘက်ကို ဆင်းပီးြတော့ ထားဝယ်ရေနက်ဆိပ်ကမ်းအထိ သွားရမှာ။ အဲဒီကနေ ကျွန်တော်တို့ ဘီလူးကျွန်းကို ဖောက်ထွက်ပီးြတော့ လွှဲနိုင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဘီလူးကျွန်းသူ၊ ဘီးလူးကျွန်းသားတွေ အတွက်ကတော့ အင်မတန်ကို အဆင်ပေပြာယ်။ မွန်ပြည်နယ် အစိုးရရဲ့ ကွင်းဆင်းလေ့လာချက် အရ လျှပ်စစ်သွယ်နိုင်တဲ့လမ်းက (၂)လမ်းရှိပါတယ်။ မော်လမြိုင် ဘက်ကမ်းနဲ့ ဘီလူးကျွန်းကို (၁)မိုင်လောက်ပဲဝေးတာ ပီးြရင် ပေါင်မြို့နယ်၊ ကော့ကရင်ရွာကနေဆိုရင် (၂)မိုင်လောက် ဝေး တယ်ပေါ့။ ဒါကွင်းကနေတစ်ဆင့် ဘယ်လိုပုံစံနဲ့ သွယ်လို့ရမလဲဆိုတော့ ရေအောက်ကနေ ကြိုးနဲ့ သွယ်ရင်လည်းရတယ်။

ဒါမှမဟုတ် တံတားတိုင်လိုဟာမျိုး တိုင်ထောင်ပြီးတော့ တာဝါတိုင်လိုမျိုး နဲ့ အဲဒီလိုသွယ်ရင်လည်းရမယ်။ အဲဒီလိုသွယ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့အတွက်က အများကြီးကို အဆင်ပေမြယ်။ ကျွန်တော်တို့ ဒီချောင်းဆုံမြို့နယ်ခေါ်တဲ့ ဘီလူးကျွန်းရဲ့ လောလောဆယ် ဖြစ်နေတဲ့ လျှပ်စစ်ဓာတ်အားပေးတဲ့ပုံစံက မြို့ပေါ်(၃)ရပ်ကွက်ကို ညစဉ် (၂)နာရီလောက် ပေးတယ်။ ကျေးရွာအဆင့်မှာနေတဲ့ ဘီလူးကျွန်းရွာသားတွေက (၁၁)ရွာလောက်ရှိတာကို အဲဒါက (၁)နာရီခွဲပဲ။ အဲဒါက တစ်ညခကြေးရတယ်။ ပြီးရင် ကျွန်တော်တို့ ချောင်းဆုံမြို့နယ်မှာ သုံးနေတဲ့ ဂျင်နရေတာဟာ စကူတာအမျိုးအစား၊ မန္တမာတစ်ပြည်လုံးမှာ ဘာမှမကျန်တော့ဘူး။ အကုန်လုံး သံတိုသံစအဆင့် တွေဖြစ်နေပြီ၊ ကျွန်တော်တို့ အဲဒါကို လက်ပူတိုက်ပြီးတော့ အခုထိ သုံးနေရတဲ့အဆင့်၊ စကူတာ ဆိုတာက ချက်ကိုစလိုဗက်ကီးယားနိုင်ငံကထုတ်တဲ့ စကူဒါကုမ္ပဏီက၊ အဲဒီနိုင်ငံမှာ အဲဒီ ကုမ္ပဏီ တောင်ရှိချင်မှရှိတော့မှာ။ အဲဒါကြောင့် ကျွန်တော် မေးချင်တာက လသားလောက်ပဲ ရှိသေးတဲ့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရကို ကျွန်တော် မေးရမှာက အားတော့နာပါတယ်။ ဖြစ်လား၊ မဖြစ်လားတော့ မသိဘူးပေါ့လေ။ မတန်မရာတောင်းဆိုသူလိုမျိုး ဖြစ်မှာကြောက်လို့၊ ကျွန်တော် ကတော့ ကျွန်တော်ရဲ့ မဲဆန္ဒနယ်က မဲဆန္ဒရှင်တွေရဲ့ကိုယ်စား မေးတော့မေးရမှာပေါ့။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဘီလူးကျွန်းကို အဲဒီ လျှပ်စစ် မဟာဓာတ်အားလိုင်းကို သွယ်ပေးလို့ ရ/မရ ဒုတိယဥက္ကဋ္ဌကြီးကနေ တစ်ဆင့် ပြည်ထောင်စု ဝန်ကြီးကို Request လုပ်ဖို့နော်။ တကယ်လို့ မဟာဓာတ်အားလိုင်းကနေ သွယ်လို့ရရင်ရ၊ မရရင် ဘာကြောင့်မရလဲဆိုတာ ကျွန်တော်ကတော့ သိချင်တယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သဘြာသံများ)

## တည်ဆောက်ထားပြီး လျှပ်စစ်မဖြစ်ရေတင်စီမံကိန်းများမှ စိုက်ပျိုးရေပေးဝေရေးနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၂၀။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က တည်ဆောက်ထားပြီး လျှပ်စစ်မဖြစ်ရေတင်စီမံကိန်းများမှ စိုက်ပျိုးရေပေးဝေရေးနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ အားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းရှိပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) တောင်သာမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ တောင်သာမြို့နယ်အတွင်း တည်ဆောက်ထားပြီးတဲ့ လျှပ်စစ်ရေတင် စီမံကိန်းများဟာ မူလရည်မှန်းချက်အတိုင်း စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေမယ့် ရေပေးဝေ နိုင်ခြင်းမရှိတဲ့ကိစ္စကို တင်ပြခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်းလည်း ပဏာမ ပြောကြား လိုပါတယ်။ ဒုတိယဥက္ကဋ္ဌကြီး က ကျွန်တော်တို့ ဒီမေးခွန်းနဲ့ ပတ်သက်လို့ ဒါအမှတ်(၂)လျှပ်စစ် စွမ်းအားဝန်ကြီးဌာနတစ်ခုတည်း မေးခွန်းများဖြစ်သလို တစ်ဆက်တည်း တင်ပပြါလို့ ပြောတာ ကြားလိုက်ရပါတယ်။ သို့သော် ကျွန်တော်တင်ပတဲ့ မေးခွန်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနဲ့ဆိုင်တာ တော်တော်များများပါပြီးတော့ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေနဲ့ ပါဝင်တာလည်းရှိပါတယ်။ ဒါကိုတော့ ကျွန်တော်ကတြင်ပြီးတော့ ဖော်ပြခွင့် ပြုပြါ။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ နိုင်ငံတော်ရဲ့ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ပြီး တောင်သူများရဲ့ စီးပွားရေး၊ လူမှုရေးတို့ပါ မြင့်မားလာစေရေးအတွက် ရေသယံဇာတ များကို တိုးမြှင့်ဖော်ထုတ် အသုံးချနိုင်အောင် ရေရရှိရေးနည်းလမ်းများဖြစ်တဲ့ မြစ်ချောင်းများ ပိတ်ပြီး ရေလှောင်တမံများတည်ဆောက်ခြင်း၊ ရေလွှဲဆည်များဖြင့် ရေပေးပင့်တင်ယူခြင်း၊ ရေကြီး ရေလျှံ ဖမ်းယူပိတ်ဆို့တားဆီးခြင်း၊ မြေအောက်ရေ စက်ရေတွင်းများနှင့် တူးဖော်စုပ်ယူခြင်း အပါအဝင် မြစ်ချောင်းမြောင်းများမှ ရေစုပ်စက်များနှင့် စုပ်တင်ရယူပြီး စိုက်ပျိုးရေးအတွက် သုံးနိုင်အောင် ရေရရှိရေး နည်းလမ်း(၆)သွယ်ကို ချမှတ်ဆောင်ရွက်လျက်ရှိတဲ့အနက် ဒါဟာ ဒီ ရေစုပ်စက်စီမံကိန်းဟာတစ်ခုအပါအဝင်ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်အတွင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းများဖြစ်တဲ့ (က) လျှပ်စစ်မြစ်ရေတင်စီမံကိန်း(ကျောဇီ)၊ (ခ)

ဆင်တဲဝ(သမက္ကူ) လျှပ်စစ်မဖြိုးရေတင်စီမံကိန်း (ချောင်းဆုံ)နဲ့၊ (ဂ) ဝဲလောင်ဆည် လျှပ်စစ်ရေတင်လုပ်ငန်း(ကန်နီ)တို့ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ တစ်ခုစီအပေါ် အနည်းငယ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ (က) လျှပ်စစ်မဖြိုးရေတင်စီမံကိန်း(ကျောဇီ)။ ဧရာဝတီမဖြိုမှရေကို အဆင့်(၃)ဆင့် (၉၀ ပေ/၄၇ ပေ/ ၅၇ ပေ)နဲ့ ၆၀x၁၁ KV 7.5 MVA ထရန်စဖော်မာထားရှိပြီး ရေသောက် ဧရိယာ ၈၀၀၀ ဧကအတွက် ၂၀၀၁ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဆယ်နှစ်ခန့် သက်တမ်း ရှိပြီ ဖြစ်ပြီပါတယ်။ သို့ရာတွင် ရေသောက်စနစ် ပီပပြင်မှုမရှိသေးခြင်း၊ အချို့တူးမြောင်းဟာ စတင် သည့်မှ ယနေ့အထိ ရေပေးဝေနိုင်မှု မရှိသေးခြင်းတို့ကို သိရပါတယ်။ ၂၀၀၂ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ် အထိ (၈)နှစ်အတွင်းမှာ မိုးစပါး၊ နွေစပါး ပျမ်းမျှ ၁၇၇၆ ဧက၊ ရာခိုင်နှုန်းအားဖြင့် ၂၂ ရာခိုင်နှုန်းကို ရေပေးဝေနိုင်ခဲ့ပြီး လျှပ်စစ်ပိုင်း၊ ရေသောက်စနစ်ပိုင်းတို့မှာ ထိရောက်အကျိုးရှိစွာ စီမံကွပ်ကဲမှု လိုအပ်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ စောစောက ကျွန်တော် ကိန်းဂဏန်းတွေ ပါတဲ့အတွက် ဖတ်ကြားခွင့်ပြုပါလို့ ခွင့်မတောင်းခဲ့ခြင်းအတွက် ယခု ကျွန်တော့်ကို ဖတ်ကြားခွင့် ပြုပါလို့ တောင်းပန်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ နောက် (ခ) ဆင်တဲဝ(သမက္ကူ)ဆည် လျှပ်စစ်ရေတင်လုပ်ငန်း၊ ချောင်းဆုံဆင်တဲဝ(သမက္ကူ)ဆည် တူးမြောင်းမကြီးရဲ့ RD ၂၆၆၀၀ ပေ တာတိုင်ခေါ်ပါတယ်။ ၂၆၆၀၀ ပေမှ ဆည်ရေကို အဆင့်(၂)ဆင့် (၁၅)ပေ အမြင့်၊ (၁၅)ပေအမြင့် စုစုပေါင်းပေ(၃၀)နဲ့ 11/0.4 KV, 160 KVA, ထရန်စဖော်မာ ထားရှိပြီးတော့ ဆည်ရေသောက်ဧရိယာ ၅၀၀ ဧကခန့်အတွက် ၂၀၀၀ ပြည့်နှစ်မှာ လျှပ်စစ်ဖြင့် ရေတင် ဖြန့်ဖြူးပေးနိုင်တဲ့အဆင့် တည်ဆောက်ပြီးစီးခဲ့ပါတယ်။ (၁၀)နှစ်ခန့် သက်တမ်းရှိပြီ ဖြစ်ပြီပါတယ်။ ဆင်တဲဝ(သမက္ကူ)ဆည်မှ ရေပေးဝေမှုစနစ်တကျကွပ်ကဲခြင်း၊ မူလကဆည်ရေသောက် စီမံကိန်းဧရိယာ ၃၈၀၀ဧကအတွက် စီမံကိန်းချမှတ်ခဲ့ခြင်းစသည်တို့ဖြစ်ရာ သဲပုတ်မရေသွယ်လျှောက် Aqueduct အထက်ပိုင်း RD ၂၆၀၀၀ ပေ အများဆုံးလယ်ယာမြေ

၅၀၀ ဧကကို ဆည်ရေ စနစ်တကျ ထိန်းသိမ်းပေးဝေလာလို့ရှိလျှင် လျှပ်စစ်မဖြိုးရေတင်လုပ်ငန်း အောင်မြင်ဖြစ်ထွန်းမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဌကြီးခင်ဗျား။ မိမိအနေနဲ့ ဖြစ်စဉ်ကို ဒုတိယဥက္ကဌကြီးနှင့် ကိုယ်စားလှယ်များ သိရှိရန်အတွက် အနည်းငယ် တင်ပြလိုပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနနဲ့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများကိုလည်း With Due Regard တင်ပြခြင်းဖြစ်ပါတယ်။ မိမိအနေနဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှာ တာဝန်ယူခဲ့စဉ် အဲဒီဒေသရဲ့ ရေသောက်စနစ်ဧက ၅၀၀ ကို ဖော်ထုတ် ခဲ့တာဖြစ်ပါတယ်။ တူးမြောင်းစနစ်ကို တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီနောက်မှာ သက်ဆိုင်ရာ ဦးစီးဌာနကို ရေပေးဝေမှုလုပ်တဲ့အခါမှာ ဒီဇယ်နဲ့ပေးဖို့ စီမံဆောင်ရွက်သော်လည်းပဲ ကျေးရွာက ဒီဇယ်ဖိုး မတတ်နိုင်တဲ့အတွက် ဒါကို လက်လျှော့ခဲ့ရပါတယ်။ နည်းလမ်းရှာဖို့ ထပ်မံမေတ္တာရပ်ခံ တဲ့အခါ အဲဒီအချိန်ပဲ ကျွန်တော်ဟာ ယခင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို တာဝန်ပြောင်းရွှေ့ ထမ်းဆောင်ရပါတယ်။ ဒါကြောင့် တောင်သာကနေပြီးတော့ ဆွဲလာတဲ့ 11 KV လိုင်းကို ကျွန်တော်တို့ရောက်ပြီးသား အထက်တန်းကျောင်းရှိတဲ့နေရာ ရွာတစ်ရွာကနေပြီး တစ်မိုင် လျော့လျော့လောက်ကို 11 KV လိုင်းကို ကျွန်တော် ဆွဲထားပါတယ်။ ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ ကျွန်တော် ဝန်ကြီးဌာနရဲ့ ကိုးပြုစုစည်းများနဲ့ ရောက်အောင်ဆွဲပါတယ်။ ရောက် အောင်ဆွဲပြီးတဲ့အခါမှာ သက်ဆိုင်တဲ့ဦးစီးဌာနကို ရောက်ပြီလို့ ပြောတဲ့အခါမှာ ထရန်စဖော်မာ မပေးနိုင်ဘူးလို့ ပြောတဲ့အခါမှာ ဒီ 160 KVA ထရန်စဖော်မာ၊ ဒါဟာ ကျေးရွာ ကိုယ့်အား ကိုယ့်ကိုးနဲ့ ကျွန်တော်ပဲ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တာဝန်ထမ်းဆောင်ခဲ့လို့ ထရန်စဖော်မာပါ ထိုင်ပေးပါတယ်။ ထိုင်ပေးပြီးပြီဆိုတဲ့အချိန်ပဲ ကျွန်တော်တို့ ဒါလည်းပဲ ကျွန်တော်တို့ရေ မရပါဘူး။ သို့သော် ယနေ့ထိ ရေတင်ဖြန့်ဖြူးပေးဝေနိုင်ခြင်းမရှိပါဘူး။ တည်ဆောက်ထားပြီးတဲ့ ရေသောက်စနစ်များဟာ ပျက်စီးပြီးတော့ ရေယူတူးမြောင်းတွေဟာ သဲနုန်းပို့ချပြီးတော့ ဒေသခံ တောင်သူများရဲ့ မျှော်လင့်အားထားချက်ကို (၁၀)နှစ်တိုင်တိုင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေး ကြောင်း ဝမ်းနည်းစွာ တင်ပြလိုပါတယ်။ မိုးခေါင်ရေရှားရပ်ဝန်းဒေသတစ်ခုမှာ ရေတင်လုပ်ငန်း ဟာ စုံလင်စွာ တည်ဆောက်ပြီးစီးထားမှုအပေါ်မှာ စီမံဆောင်ရွက်နိုင်လို့ရှိရင် လယ်ယာမြေ ၅၀၀ ဧကဟာ ဒီဒေသအဖို့ အလွန်တန်ဖိုးကြီးမားတဲ့ တောင်သူအကျိုးပြုလုပ်ငန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိနိုင်ငံတော်သမ္မတကြီးဟာ ရွေးကောက်ပွဲကာလမတိုင်မီ (၁)လ (၂)လ လောက်အလိုထင်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ် တာဝန်နဲ့ တောင်သာနယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ခရီးစဉ်အတွင်းမှာ ဒီဒေသကိုရောက်ခဲ့လို့ ဒီရေတင်ကိစ္စ ပေါ်ပေါက်ခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်ပဲ မေးလို့တင်ပတြဲ့အခါမှာ သက်ဆိုင်တဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်က ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ဌာနအကြီးအကဲက ဒါကို စစ်ဆေးပြီးတော့ ဆောင်ရွက်မယ်လို့ ပြောခဲ့ပါတယ်။ သို့သော်လည်းပဲ ကျွန်တော် ဒါကို လွှတ်တော်ကို တင်တဲ့အချိန်မှာ ဒါဟာ အကောင်အထည် မပေါ်သေးပါဘူးလို့ ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။

နောက်တစ်ပိုင်းက ခုန ဧက ၅၀၀ ကျော် ရေကို ဘယ်ကရသလဲလို့ မေးလို့ရှိရင် ကျွန်တော်တင်ပြခဲ့တဲ့ ဆင်တဲ(သမက္ကူ)ဆည်ဟာ ၁၉၉၅-၁၉၉၆ ခုနှစ်ကနေပြီးတော့ ဆောက်ခဲ့တာ (၁၅)နှစ်သက်တမ်း ရှိပြီဖြစ်ပါတယ်။ အဲဒီဆည်တစ်နှစ် ပျမ်းမျှစီးဝင်ရေဟာ ၉၉၇၀ ကျော် ဧကပေဖြစ်ပြီးတော့ သူ့ရဲ့လှောင်နိုင်တဲ့ အင်အားဟာ Storage Capacity ဟာ ၁၂၀၀၀ ဧက ရှိပါတယ်။ ရေသောက်ဧရိယာ ၃၈၀၀ ဧက၊ အညာဒေသ မိုးရေချိန်(၃၀)လက်မလောက်ရှိတဲ့အရပ်မှာ (၁၀)နှစ်အတွင်းမှာ (၄)ကြိမ် ရေပိုလွှဲကနေ ကျော်ကျခဲ့ပါတယ်။ ရေရှိတယ်ဆိုတဲ့အကြောင်း ဒါ တင်ပြခြင်း ဖြစ်ပါတယ်။ သုံးစွဲတဲ့ ဧကပေဟာ ၉၄၀၀ ကျော်ပဲ ရှိပါတယ်။ ဒါကြောင့် Losses ရေကို Convent Losses အခြား Losses တွေကို ကျွန်တော်တို့ မထည့်ခဲ့ပါဘူး။ ၄၂၀၀ ကျော်လောက် Losses ဖြစ်နေပါတယ်။ ဒါတွေကိုသာလျှင် ကျွန်တော်တို့ ပေးနိုင်မယ်ဆိုလို့ရှိရင် အများကြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အကျိုးရှိတယ်ဆိုတာ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့ တတိယအနေနဲ့က ဝဲလောင်ဆည်လျှပ်စစ်ရေတင်လုပ်ငန်း ကန်နီပါ။ ဝဲလောင်ဆည်ဟာ ၁၉၉၈-၁၉၉၉ ကနေပြီးတော့ ဆောက်ခဲ့တာ သက်တမ်း (၁၂)နှစ် ရှိပြီဖြစ်ပါတယ်။ (၁၀)နှစ်ရဲ့ ပျှမ်းမျှရေဝင်နှုန်းဟာ ၂၇၀၀၀ ဧကပေရှိပြီးတော့ လှောင်နိုင်တာ ၂၀၀၀၀ ကျော်ပဲရှိပါတယ်။ (၁၀)နှစ်အတွင်းမှာ (၈)ကြိမ် ရေပိုလွှဲက ရေလျှံခဲ့တဲ့အတွက် ဆည်မြောင်းဦးစီးဌာနအတွက် ရေအလွန်ဝင်ကောင်းတဲ့ဆည် ဖြစ်ပါတယ်။ လေလွင့်ဆုံးရှုံးမှုဟာ ၁၇၅၀၀ ကျော်ဧကပေဖြစ်ပြီးတော့ စီးဝင်ရေနဲ့(၄၆)ရာခိုင်နှုန်း Losess ရှိပါတယ်။ Active Storage/ Life Storage ရှိတဲ့အတွက်ပြောရင် (၇၂) ရာခိုင်နှုန်း ရှိပါတယ်။ ဒါ့ကြောင့် ဝဲလောင်ဆည်

တူးမြောင်းမကြီး RD ၁၇၆၀၀ပေ ကနေပြီး အမြင့်(၃၀)ပေအတွင်းမှာ လျှပ်စစ်ရေတင်လုပ်ငန်းကို ၁၉၉၇ ခုနှစ် ဒီဇယ်အင်ဂျင်စက်နှစ်လုံးနဲ့ ရေတင်ပေးဝေရန်စီမံ ဆောင်ရွက်ခဲ့တာ ဒီနေ့အချိန်မှာ 11/0.4 KV/ 100 KVA ထရန်စဖော်မာများနဲ့ ရေတင်စက်ရုံ တည်ဆောက်ထားရှိပြီးတော့ မူလ ဆည်ရေသောက်ဧရိယာ ၁၅၀၀ ဧကအပြင် အမြင့်ပိုင်းတိုးချဲ့ ရေသောက်ဧရိယာ ၇၄၅ ဧကကို ရေတင်ပေးဝေခြင်း၊ ရေရှားပါးသော ဒေသခံကျေးရွာ များအား သောက်သုံးရေဖြန့်ဖြူးပေးခြင်း ဆောင်ရွက်ပေးရန်တို့ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် တို့ ဝဲလောင်ဆည်ဟာ နှစ်စဉ်စီးဝင်ရေရဲ့ (၂၃) ရာခိုင်နှုန်းကိုသာ တူးမြောင်းစနစ်နဲ့ အများဆုံး စိုက်ပျိုးရေး ရေပေးဝေနိုင်လို့ ပိုလျှံရေ များရဲ့ တစ်စိတ်တစ်ပိုင်းကို လျှပ်စစ်ရေတင်လုပ်ငန်းဖြင့် ဖြန့်ဝေပေးနိုင်ပါက ဒေသခံ တောင်သူများအတွက် လယ်ယာအကျိုးစီးပွားဖြစ်ထွန်းမှာ သေချာပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ခြုံငုံသုံးသပ်တင်ပြရရင် ပါလျှင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရရှိနိုင်ရေးနည်းလမ်း (၆)သွယ်အနက် တစ်ခု အပါအဝင်ဖြစ်တဲ့ လျှပ်စစ်ရေတင်စီမံကိန်းလုပ်ငန်းများကို စနစ်တကျစီမံကွပ်ကဲပြီးတော့ တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန် (၂၅.၉)လက်မ ရွာသွန်းတဲ့ မြန်မာနိုင်ငံအလယ်ပိုင်း တောင်သာ မြို့နယ် မိုးခေါင်ရေရှားရပ်ဝန်းရှိ လယ်မြေများကို လျှပ်စစ်ပိုင်းဖြည့်ဆည်းထားမှုနှင့်အတူ ရေပေး တူးမြောင်းစနစ် Irrigation Network လည်း အဆင်ပြေတဲ့ အခြေအနေရှိနေပါက ကုန်းသီးနှံများ ရေရရှိပြီးတော့ ဒေသခံတောင်သူလယ်သမားများ လယ်ယာအကျိုးစီးပွား တိုးတက်ခံစားနိုင်မည် ဖြစ်တဲ့အပြင် နိုင်ငံတော်သမ္မတကြီးရဲ့မိန့်ခွန်းပါကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို မုချမသွေ အထောက်အကူပြုစေနိုင်ရေးအတွက် အောက်ပါအတိုင်း ကောက်နုတ် သုံးသပ်တင်ပြအပ်ပါတယ်။ (က) ဧရာဝတီမြစ်မှ လျှပ်စစ်မြစ်ရေတင်စီမံကိန်း(ကျောဇီ)၏ စီမံကိန်း ဧရိယာ ၈၀၀၀ ဧကကို အပြည့်အဝစိုက်ပျိုးနိုင်ဖို့ လျှပ်စစ်ရေသောက်စနစ်တို့ ဟန်ချက်ညီညီ ပီပြင်ကောင်းမွန်ရေး စီမံဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ။ (ခ) ဆင်တဲဝ(သမက္ကူ)ဆည် တူးမြောင်းမကြီးမှ လျှပ်စစ်ရေတင်လုပ်ငန်း(ချောင်းဆုံ)နှင့် ဆက်စပ်လုပ်ငန်းများ ပြီးစီးခဲ့သည်မှာ (၁၀)နှစ်ခန့် ရှိပြီဖြစ်သော်လည်း ယနေ့အထိ သတ်မှတ်ရေသောက်ဧရိယာ ၅၀၀ ဧကခန့်ကို ရေတစ်ကိုက်မှ ရေတင်ပေးဝေနိုင်ခြင်း မရှိသည့်အတွက် ဆက်လက်ဆောင်ရွက်ပေးနိုင်ခြင်း

အစီအစဉ် ရှိ/မရှိ။ သတ်မှတ်ရေသောက်ဧရိယာမှာ လုံလောက်ပြည့်ဝစွာ ရေပေးဝေနိုင်မည့် အခြေအနေ (Commanded Area) ရှိသဖြင့် ရေသောက်တူးမြောင်း စနစ်ပီပြင်စွာ တည်ဆောက်မည့် အစီအစဉ် ရှိ/မရှိ။ (ဂ) ဝဲလောင်ဆည် တူးမြောင်းမကြီးမှ လျှပ်စစ်ရေတင် လုပ်ငန်း(ကန်နီ)နဲ့ ဆက်စပ်လုပ်ငန်းများ ပြီးစီးထားသော်လည်း ရေသောက်ဧရိယာ ၇၄၅ ဧက နှင့် ဒေသခံကျေးရွာများသို့ ရေတင်ဖြန့်ဖြူးပေးနိုင်မည့်အစီအစဉ် ရှိ/မရှိ နှင့် လျာထားအမြင့်ပိုင်းမှ ရေသောက်ဧရိယာများအတွက် ရေသောက်တူးမြောင်းစနစ် ပီပြင်စွာ တည်ဆောက်ပေးမည့် အစီအစဉ် ရှိ/မရှိ။ (ဃ) အထက်အပိုဒ်ခွဲ(ဂ)ပါ 11/0.4 KV/ 100 KVA ဖြင့် နိုင်နင်းစွာ လျှပ်စစ်ဖြန့်ဖြူးပေးရန် လိုအပ်လျက်ရှိပါတယ်။ 11 KV လိုင်းနဲ့ တောင်သာမြို့ ဓာတ်အားခွဲရုံမှ မိုင်(၂၀)ပတ်လည်အတွင်း လက်ရှိရေတင်လုပ်ငန်းများနှင့် ကျေးရွာလျှပ်စစ်မီး ဖြန့်ဖြူးမှုလုပ်ငန်းများ နိုင်နင်းမှုရှိစေရန်အတွက် ဝဲလောင်ရွာမှာ 33/11/0.4 KV ဓာတ်အားခွဲရုံတည်ဆောက်ထားမယ်လို့ ကျွန်တော်တို့ ဘတ်ဂျက်ရထားပြီးတာဟာ သိရှိပြီးတာကြာပြီဖြစ်ပါတယ်။ဒါကြောင့် ၎င်းဓာတ်အား ခွဲရုံတည်ဆောက်ပြီးစီးမည့် သတ်မှတ်ကာလထားရှိခြင်း ရှိ/မရှိ တင်ပြခြင်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ တင်ပြချက်အားလုံးဟာ လုပ်ငန်းသစ်မဟုတ်ဘဲနဲ့ ဆယ်စုနှစ်တစ်ခုထိအောင် အခြေအနေ အလွန်ကောင်းမွန်ခြင်း မရှိတဲ့အတွက် တင်ပြခြင်းဖြစ်တဲ့အတွက် အမှားအယွင်းပါရင် ခွင့်လွှတ် ပါလို့ ကျွန်တော် တောင်းပန်ရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ကျေးရွာများအား တစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ် လုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၃၇။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမတြ်ကို က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ ကျေးရွာများအား တစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ်လုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးမတြာ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဦးမတြာ်ကို ဖြစ်ပါတယ်။ လေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ကျေးရွာများအား တစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ်လုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းကို မေးမြန်းရန်ဖြစ်သော်လည်း ကျွန်တော်တို့ ၈.၉.၂၀၁၁ ရက်နေ့မှာ ပြန်ကြားရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း က နေပြည်တော်မှ ကျွန်တော်တို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာသာမက တစ်နိုင်ငံလုံး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမယ် လို့ ရှင်းပြထားပြီးဖြစ်ပါတယ်။ အဲဒီအထဲမှာ ကျွန်တော့်ရဲ့မေးခွန်းကလည်း အကျုံးဝင်ပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့မေးခွန်းကို ပြန်ရုပ်သိမ်းပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

## ကျောက်ဖျူကြမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ရရှိမှုကို အခြေခံ၍ ရခိုင်ပြည်နယ်တွင် မဟာလျှပ်စစ်ဓာတ်အားလိုင်းရရှိရေးကို စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၃၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော် က ကျောက်ဖျူကြမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ရရှိမှုကို အခြေခံ၍ ရခိုင်ပြည်နယ်တွင် မဟာလျှပ်စစ် ဓာတ်အားလိုင်း ရရှိရေးကို စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ စောစောကပြောသွားသလို ကျွန်တော်က ကျောက်ဖြူကြမ်းလွန် ရေနံသဘာဝဓာတ်ငွေ့ ရရှိမှုကို အခြေခံပြီး ရခိုင်ပြည်နယ်မှာ မဟာလျှပ်စစ်ဓာတ်အားလိုင်း ရရှိရေးကို စီမံဆောင်ရွက် ပေးရန် အစီအစဉ်နဲ့ ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်း မေးမြန်းရခြင်းရဲ့ အကျိုးအကြောင်းကို နည်းနည်းဆွေးနွေးပေးပါမယ်။ ကျွန်တော်ရဲ့ ဆွေးနွေးချက်ကို ဒုတိယဥက္ကဋ္ဌကြီး အား ဖတ်ကြားခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။

။ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ နည်းပါးလွန်းပါတယ်။ စက်မှုလက်မှု လုပ်ငန်းဆိုလည်း မရှိသလောက်ပါပဲ။ စက်မှုစီးပွားလုပ်ငန်း မရှိတာဟာ လျှပ်စစ်ဓာတ်အား မရှိ တာနဲ့လည်း ဆက်နွယ်မှုရှိပါတယ်။ ရခိုင်ပြည်နယ်ရဲ့ လျှပ်စစ်ဓာတ်အားပေးစနစ်ဟာ တစ်နေ့ကို ညဘက်မှာ နာရီအချို့ အနည်းငယ်သာပေးပြီး တစ်ယူနစ်သုံးစွဲမှု တန်ဖိုးလည်းများတဲ့ အိမ်သုံးအဆင့်ပဲ ဖြစ်ပါတယ်။ စက်မှုကုန်ထုတ် စီးပွားဖန်တီးပေးနိုင်မှ ကျွန်တော်တို့ ရခိုင်ပြည်နယ် စီးပွားရေး ဖွံ့ဖြိုးမှုရှိလာနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် စက်မှုဖွံ့ဖြိုးဖြစ်ထွန်းလာနိုင်ရန်အတွက် လျှပ်စစ် ဓာတ်အားရရှိရန် အဓိက လိုအပ်လာပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်က ကိုယ်စားလှယ်တစ်ဦးက လွန်ခဲ့တဲ့အပတ်က ဆွေးနွေးသွားတာမှာ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်ဟာ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးဆိုပြီးတော့ သူကပြောသွားပါတယ်။ တစ်နည်းအားဖြင့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအားလုံးရဲ့အောက်မှာ နောက်ဆုံးကရှိနေတယ်လို့ ဖော်ပြခြင်း ပါတယ်။ အဲဒါကို

ကျွန်တော် မှတ်သားလိုက်ရပါတယ်။ ဟုတ်လည်း ဟုတ်ပါတယ်လို့ ကျွန်တော်က ထပ်လောင်းပြီးတော့ ပြောလိုပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူဒေသမှ ရရှိသော ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့သယံဇာတဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇(က) အရ နိုင်ငံတော်ပိုင် ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်က ရခိုင်ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို စိတ်ဝင်စားပေးမည်ဆိုရင် ထွက်ရှိနေတဲ့ ရေနံနှင့်သဘာဝဓာတ်ငွေ့ သယံဇာတကို အခြေခံပြီးတော့ ဒီရခိုင်ဒေသမှာ မဟာလျှပ်စစ်ဓာတ်အားရရှိရေးကို စီမံဆောင်ရွက်ပေးလိုလျှင် ဆောင်ရွက်ပေးလို့ ရနိုင်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော် မေးလိုတဲ့မေးခွန်းမှာ (၁) ကျောက်ဖြူကမ်းလွန် ရေနံနှင့်သဘာဝဓာတ်ငွေ့ရရှိမှုကို အခြေခံပြီး ရခိုင်ပြည်နယ်တွင် မဟာလျှပ်စစ်ဓာတ်အားလိုင်း ရရှိရေးကို စီမံဆောင်ရွက်ပေးနိုင်ပါမည်လား။ (၂) စီမံဆောင်ရွက်မပေးနိုင်လျှင် အဘယ်ကြောင့် ပါနည်းဆိုပြီးတော့ ကျွန်တော် မေးမြန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၂။**

**ဦးခင်မောင်စိုး(ပြည်ထောင်စုဝန်ကြီးအမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ကျွန်တော့်အနေဖြင့် နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သိန်း ၏ မေးမြန်းလာသော မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်ဟာဆိုရင် မီးသုံးသူဦးရေ(၁၆၉၅)ဦး ရှိပြီးတော့ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ Skoda (608)KVA၊ Cummins 350 KVA ဒီဇယ်စက်များနဲ့ ချောင်းဆုံမြို့ကို ၂၀၁၁ ခုနှစ်၊ ဇွန်လအထိ တစ်လလျှင် စက်သုံးဆီ ၁၉၀၀ ဂါလံနဲ့ မြို့ပေါ်(၅)ရပ်ကွက်ဖြစ်တဲ့

ချောင်းဆုံအရှေ့၊ ချောင်းဆုံအနောက်၊ ခရိုက်သစ်၊ ခရိုက်သစ်(တိုးချဲ့)၊ ကုလားတို့ ရပ်ကွက်တို့ကို နေ့စဉ် တစ်ရက်(၂)နာရီ ဓာတ်အားပေးပြီး ကျေးရွာ(၉)ရွာဖြစ်တဲ့ နတ်မော်၊ မူကွဲ၊ ရွာလွတ်၊ ကလော့၊ နှီးမှုတ်၊ ကွမ်သဲ၊ မရမ်း၊ မူရစ်ကြီး၊ မူရစ်ကလေးကျေးရွာ တွေကို တစ်ရက်ခြား(၂)နာရီ ဓာတ်အားပေးထား လျက်ရှိပါတယ်။

၂၀၁၁ ခုနှစ်၊ ဇူလိုင်လမှစပြီး စက်သုံးဆီဝယ်ယူရရှိမှု လျော့နည်းလာသဖြင့် တစ်လ စက်သုံးဆီ ၁၇၀၀ ဂါလံဖြင့် မြို့ပေါ်(၅)ရပ်ကွက်ကို တစ်ရက်(၂)နာရီနဲ့ ကျေးရွာ(၉)ရွာကို တစ်ရက်(၁)နာရီ(၃၀)မိနစ်သာ ဓာတ်အားပေးလျက်ရှိပါတယ်။ ဓာတ်အားပေးချိန် ပိုမိုရရှိရေး အတွက်ချောင်းဆုံမြို့နယ်ရှိ လက်ရှိသက်တမ်းကြာမြင့်ပြီးတော့ဆီစားနှုန်းများတဲ့ ဒီဇယ်ဓာတ်အားပေး စက်များနေရာမှာ ဓာတ်အားပေးစက်အသစ်များ ဝယ်ယူထားပြီးဖြစ်ပါတယ်။ ဒီ ဓာတ်အားပေး စက်သစ်များနဲ့ မကြာမီအတွင်းမှာလဲလှယ်ပြီး ဆောင်ရွက်ပေးခြင်းအားဖြင့် ဓာတ်အားပေးချိန် ပန်္ကြလည်တိုးတက်ရရှိလာမှာ ဖြစ်ပါတယ်။ ချောင်းဆုံမြို့နယ်အား နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရေးအတွက် လမ်းကြောင်းအားဖြင့် (၂)ခုတွေ့ရပါတယ်။ ပထမနည်းလမ်းကတော့ ကျွန်တော်တို့ 33 KVA တည်ဆောက်ပါက ပေါင်မြို့မှ ကော့ကရင်ရွာ အထိ(၉)မိုင်၊ ကော့ကရင်ရွာမှ ဒရယ်ကျေးရွာအထိ သံလွင်မြစ်ကို(၂)မိုင်ဖြတ်ပြီးတော့ ဒရယ်ရွာမှ ချောင်းဆုံမြို့အထိ(၁၅)မိုင် စုစုပေါင်း(၂၆)မိုင်ခန့် တည်ဆောက်ရမှာ ဖြစ်ပါတယ်။ ဓာတ်အားလိုင်း ရှည်လျားပြီးတော့ မြစ်ကျော် (၂)မိုင်ထိ ဖြတ်သန်းရမှာ ဖြစ်ပါတယ်။

ဒုတိယနည်းလမ်းကတော့ 66 KV ဓာတ်အားလိုင်းနဲ့ဓါတ်အားပေးနိုင်တဲ့ မော်လမြိုင် (ငန်းတေး)ဓာတ်အားခွဲရုံကနေပြီးတော့ ကျိုက်မုပွန်ဘုရားအထိ (၂.၈)မိုင်၊ ကျိုက်မုပွန်ဘုရားမှ ကညော်ကျေးရွာ ဘက်ကမ်းအထိ သံလွင်မြစ်ကျော်(၁)မိုင်၊ ကညော်ကျေးရွာမှ ချောင်းဆုံမြို့အထိ (၁၁.၂)မိုင် စုစုပေါင်း 66 KV ဓာတ်အားလိုင်း(၁၅)မိုင် တည်ဆောက်ရမှာဖြစ်ပါတယ်။ မည်သည့် နည်းလမ်းနဲ့ ဆောင်ရွက်စေကာမူ သံလွင်မြစ်ကျော် ဓာတ်အားလိုင်းကို မဖြစ်မနေတည်ဆောက်ရမှာ ဖြစ်ပါတယ်။ မြစ်ကျော်ဓာတ်အားလိုင်း ဆောက်တဲ့အခါမှာ တာဝါတိုင်အမြင့်များကို တည်ဆောက် ရပြီးတော့ ရေထဲမှာဆောင်ရွက်ရတဲ့အတွက်ကြောင့် ပုံမှန်ဓာတ်အားလိုင်းတွေ တည်ဆောက်တာထက် အဆများစွာပိုမိုပြီးတော့ ကုန်ကျမှာဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အား ပို့လွှတ်ရန် တိုင်းတာမှုများ ပြုလုပ်တဲ့အဆင့်မှာ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ အခြေးသင့်လျော်တဲ့ နည်းလမ်းများကိုလည်း လေ့လာဆောင်ရွက်ပြီး ဖြစ်ပါကြောင်းနှင့် ဓာတ်အား တိုးတက်ရရှိရေးကိစ္စများကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ် ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမင့်ဌွေ မေးမြန်းလာသော မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် ဖြေမြယ့်အပိုင်းကတော့ ကျွန်တော့်ရဲ့ လျှပ်စစ်အပိုင်းကိုပဲ ကျွန်တော်ထည့်သွင်းပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ ဧရာဝတီမြစ်မှ လျှပ်စစ်မြစ်ရေတင်စီမံကိန်း(ကျောဇီ)ရဲ့ စီမံကိန်းဧရိယာ(၈၀၀)ဧက အပြည့်အဝ စိုက်ပျိုးနိုင်ရန် လျှပ်စစ်ရေသောက်စနစ်ကို ဟန်ချက်ညီညီ ပိုပြင်ကောင်းမွန်စေရန် စီမံထားရှိမည့် အစီအစဥ်နှင့် ပတ်သက်ပြီး ဖြေကြားရမှာဖြစ်ပါတယ်။ မင်္ဂလာခြံခရိုင်မှာ မင်္ဂလာခြံနွားထိုးကြီး၊ တောင်သာ၊ မလှိုင်၊ ညောင်ဦးမြို့နယ်များရှိ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများနှင့် မြို့ရွာများ လျှပ်စစ်ဓာတ်အားပေးနိုင် ရန်အတွက် မြင်းခြံမြို့မှာ (၁၃၂/၆၆/၁၁) KV ဓာတ်အားလိုင်းနှင့် 45 MVA ထရန်စဖော်မာ(၂)လုံး ပင်မဓါတ်အားခွဲရုံ တည်ဆောက်ပြီးဖြစ်ပါတယ်။ တောင်သာမြို့နယ် ကျောဇီလျှပ်စစ်မြစ်ရေတင် လုပ်ငန်းသည် မြင်းခြံဓာတ်အားခွဲရုံမှ 66 KV လိုင်းနှင့် တည်ဆောက်ခဲ့ပြီး ၂၀၀၃ ခုနှစ် အောက်တိုဘာလ(၂၅)ရက်နေ့မှာ ဓာတ်အားဖြန့်ဖြူးပေးလျက် ရှိပါတယ်။ သုံးစွဲဝန်အားသည် (၀.၈)မဂ္ဂါဝပ်သာ ရှိပြီးတော့ ထရန်စဖော်မာဝန်အား၏ (၂၀)ရာခိုင်နှုန်း သုံးစွဲလျက်ရှိပါတယ်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကို (၂၄)နာရီဓာတ်အားဖြန့်ဖြူးပေးလျက် ရှိပါတယ်။ ကျောဇီမြစ်ရေတင် အနေဖြင့် ဝန်အားတိုးချဲ့အသုံးပြုပါကလည်း လျှပ်စစ်ဓာတ်အား လုံလောက်မှုရှိပါကြောင်း ဖြေကြား အပ်ပါတယ်။ဒုတိယမေးခွန်းဖြစ်တဲ့ ဆင်တဲဝဆည် တူးမြောင်းမကြီးမှ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ချောင်းဆုံနှင့် ဆက်စပ်လုပ်ငန်းများ ပြီးစီးခဲ့သည်မှာ (၁၀)နှစ်ခန့်ရှိပြီဖြစ်သော်လည်း ယနေ့အထိ သတ်မှတ်ရေသောက်ဧရိယာ ၅၀၀ ဧကကို ရေတင်ပေးဝေနိုင်ခြင်း မရှိသည့်အတွက် ဆက်လက် ဆောင်ရွက်ပေးမည့် အစီအစဥ် ရှိ/မရှိ နှင့် ပတ်သက်တဲ့ မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ဆင်တဲဝ(သမက္ကူ)ဆည် တူးမြောင်းမကြီးမှ လျှပ်စစ်

မစ်ပြီရေတင်လုပ်ငန်းဟာ တောင်သာမြို့နယ်၊ ချောင်းဆုံရွာအနီးရှိ 11 KV၊ တောင်သာ-ဝဲလောင် ဓာတ်အားလိုင်းမှ 11 KV လိုင်း (၄)မိုင်နှင့် 160 KVA ထရန်စဖော်မာ တည်ဆောက်ပြီး ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့မှာ ဓာတ်အားပေးခဲ့ပါတယ်။ တောင်သာမြို့နယ် ရေအရင်းအမြစ်ဦးစီး ဌာန၏ ညှိနှိုင်းအကြောင်းကြားချက်အရ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်နေ့မှစပြီးတော့ ထရန်စဖော်မာဓာတ်အားပေးမှုကို ဖြုတ်တောက်ပေးထားရပါတယ်။ ဆင်တဲဝဆည် လျှပ်စစ်ရေတင် လုပ်ငန်း ပြန်လည်ဆောင်ရွက်ရပါကလည်း လျှပ်စစ်ဓာတ်အား (၂၄)နာရီ ပေးနိုင်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ ဝဲလောင်ဆည် တူးမြောင်းမကြီးမှ မစ်ပြီရေတင်လုပ်ငန်းနှင့် ဆက်စပ် လုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ မစ်ပြီရေတင်ဖြန့်ဝေနိုင်ခြင်း ရှိ/မရှိ အစီအစဉ် လျာထားချက်နဲ့ ပတ်သက်ပြီးတော့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ တောင်သာမြို့နယ် ဝဲလောင်ဆည် တူးမြောင်းမကြီး လျှပ်စစ်ရေတင်လုပ်ငန်း(ကန်နီ)အတွက် တောင်သာမြို့မှ 33/11 KV၊ 1.25 MVA ထရန်စဖော်မာ(၂)လုံး တပ်ဆင်ထားတဲ့ ဓာတ်အားခွဲရုံမှ ဝဲလောင်ရွာသို့ ဆွဲထားသော 11 KVA လိုင်းမှတစ်ဆင့် ဓာတ်အားရယူထားပါတယ်။ တောင်သာ-ဝဲလောင်-ကန်နီ တို့အား 11KVA ဓာတ်အားလိုင်းဖြင့်ဆွဲ၍ လျှပ်စစ်ရေတင်လုပ်ငန်း(ကန်နီ)တွင် 100 KVA ဓာတ်အားခွဲရုံ တည်ဆောက်ကာ ၂၀၁၁ ခုနှစ် ဇူလိုင်လ(၂၄)ရက်နေ့မှစ၍ ဓာတ်အားပို့လွှတ်ထားပါတယ်။ ရေတင်လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားကိုလည်း (၂၄)နာရီပေးထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

စတုတ္ထမေးခွန်းဖြစ်တဲ့ 11/0.4 KV၊ 100 KVA ဖြင့်နိုင်နင်းစွာ လျှပ်စစ်ဖြန့်ဖြူးရန် လိုအပ်ခြင်း၊ ၁၁ ကေဗွီလိုင်းဖြင့် တောင်သာမြို့ဓာတ်အားခွဲရုံမှ မိုင်(၂၀)ခန့် ပတ်လည်အတွင်း လက်ရှိရေတင်လုပ်ငန်းများနှင့် ကျေးရွာလျှပ်စစ်မီး ဖြန့်ဖြူးမှုလုပ်ငန်းများ နိုင်နင်းမှုရှိစေရန် ဝဲလောင်ရွာမှာလျာထားပြီး 33/11/0.4 KV ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမည့်ကာလ သတ်မှတ်ခြင်း ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီး ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဝဲလောင်ဆည် တူးမြောင်းမကြီးမှနေပြီး ကန်နီကို လျှပ်စစ်မစ်ပြီရေတင်လုပ်ငန်း တောင်သာမြို့ ဓာတ်အားခွဲရုံမှ ၁၁ကေဗွီလိုင်းဖြင့် ပို့လွှတ်ထားပါတယ်။ ရေတင်လုပ်ငန်းအတွက် 11/0.4 KV၊ 100 KVA ထရန်စဖော်မာတပ်ဆင်ထားပြီး ထရန်စဖော်မာအတွက် ဗို့အားဟာ Single Phaseမှာ

(၂၀၀)ဗို၊ Three Phase မှာ (၃၈၀)ဗို့ ရှိပါတယ်။ ရေတင်လုပ်ငန်းအတွက် တပ်ဆင်ထားသော (၅၅)ကီလိုဝပ် မော်တာတစ်လုံး၏ဝန်အားဟာ ထရန်စဖော်မာရဲ့ (၆၈) ရာခိုင်နှုန်းသာရှိသဖြင့် ဓာတ်အား(၂၄)နာရီမောင်းနှင်ပေးနိုင်ပါတယ်။ ရေတင်လုပ်ငန်းတွင် ဝန်အားတိုးချဲ့တပ်ဆင်ပါက ထရန်စဖော်မာအင်အားကို တိုးချဲ့တပ်ဆင်ပေးသွားမှာဖြစ်ပါတယ်။ တောင်သာမြို့ (၃၃)ကေဗွီ ဓာတ်အားခွဲရုံမှ ဝဲလောင်၊ တံငါကျင်း၊ ဗျိုင်းအင်း(တောင်)၊ ဗျိုင်းအင်း(မြောက်)၊ ဆီမီးကန်၊ ကျောက်ကာရွာ၊ ခံပင်ချွေ့၊ ရွာသစ်၊ သမက္ကူ၊ ချောင်းဆုံ စုစုပေါင်း(၁၀)ရွာကိုလည်း(၁၁)ကေဗွီအေ လိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားပါတယ်။ ဝဲလောင်မှတစ်ဆင့် (၁၁)ကေဗွီအေလိုင်းဖြင့် ကျန်ကျေးရွာ(၉)ရွာကို ဆက်လက်ဓာတ်အားရယူထားခြင်း ဖြစ်ပါတယ်။ ကျေးရွာ(၁၀)ရွာ၏ တပ်ဆင်ထားသော စုစုပေါင်း ထရန်စဖော်မာ(၁၀)လုံးဟာ (၆၅၀)ကေဗွီအေ ရှိပါတယ်။ ၎င်းကျေးရွာ (၁၀)ရွာရဲ့ နေ့အများဆုံးဝန်အားသည် (၀.၂)မဂ္ဂါဝပ်၊ ညအများဆုံးဝန်အားဟာ (၀.၃)မဂ္ဂါဝပ်သာ ဖြစ်ပါတယ်။ ဗို့အားသည် ထရန်စဖော်မာရဲ့ Tapping ကို ပုံမှန်တွင်ထားပြီး Single Phase ဟာ (၂၀၀)ဗို့ရှိသဖြင့် မီးအားမြှင့်စက်မလိုဘဲ မီးသုံးနိုင်ကြောင်း တွေ့ရှိရပါတယ်။ အထက်မှာ တင်ပြခဲ့တဲ့ သမက္ကူဆည်တူးမြောင်းမကြီး၊ ရေတင်လုပ်ငန်း ဝဲလောင်ဆည် ရေမြောင်းမကြီး၊ လျှပ်စစ်ရေတင်ကန်နီနှင့် ကျေးရွာ(၁၀)ရွာစုစုပေါင်းရဲ့ ထရန်စဖော်မာ တပ်ဆင်လုံးရေ (၁၂)လုံး စုစုပေါင်းအင်အား (၉၁၀)ကေဗွီအေရှိပြီး၊သုံးစွဲဝန်အား မှာ နေ့အများဆုံး (၀.၃) မဂ္ဂါဝပ်၊ ညအများဆုံး (၀.၄)မဂ္ဂါဝပ်ရှိသဖြင့် တောင်သာ-ဝဲလောင် (၁၁)ကေဗွီ ဓာတ်အားလိုင်းအနေနဲ့ ဓာတ်အားနိုင်နင်းမှု ရှိပါတယ်။ ထို့အပြင် တောင်သာမြို့မှ 33/11 KV 1250x2=2.5 MKV ဓာတ်အားခွဲရုံ၏ဝန်အားဟာ နေ့အများဆုံး (၀.၇) မဂ္ဂါဝပ်၊ ညအများဆုံး (၀.၉) မဂ္ဂါဝပ်ရှိသဖြင့် အသုံးပြုနိုင်သော ဝန်အားရဲ့ (၄၅)ရာခိုင်နှုန်းသာ ဓာတ်အားသုံးစွဲလျက် ရှိသဖြင့် တောင်သာမြို့ရဲ့ လျှပ်စစ်မဖြင့်ရေတင်လုပ်ငန်း(၂)ခုနှင့် ကျေးရွာ (၁၀)ရွာကို နိုင်နင်းစွာ ဓာတ်အားပေးနိုင်ပါတယ်။ ဝဲလောင်ကျေးရွာမှာ 33/11 KV ၊1.25 KVA ဓာတ်အားခွဲရုံ တည်ဆောက်ရန်မှာ လက်ရှိအခြေအနေတွင် လိုအပ်မှုမရှိ သေးပါကြောင်းနှင့် လျှပ်စစ်မဖြင့်ရေတင် လုပ်ငန်းများ တိုးချဲ့ခြင်းနှင့် ဝဲလောင်ကျေးရွာနှင့် ပတ်ဝန်းကျင်မှာ လျှပ်စစ်ဓာတ်အား တိုးချဲ့ သုံးစွဲလာပါက ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း တင်ပြခြင်း နိဂုံးချုပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ၏ မေးမြန်းသောမေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကတော့ ကျွန်တော်တို့က စွမ်းအင်ဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာန ဆက်စပ်နေတဲ့အတွက်ကြောင့် စွမ်းအင်ဝန်ကြီးဌာနက ပြောကြားတဲ့အချက်တွေကိုပါ ထည့်သွင်းပြီး ကျွန်တော် ရှင်းပြသွားမှာဖြစ်ပါတယ်။ စွမ်းအင်ဝန်ကြီးဌာနရဲ့ ပြောကြားချက်အရ ရခိုင်ကမ်းလွန် ဒေသမှာ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရန်အတွက် ရွှေစီမံကိန်းလုပ်ကွက်အမည်နဲ့ ကိုရီးယားနိုင်ငံနဲ့ ဦးဆောင်သူအဖြစ် ပါဝင်ပြီးတော့ ရင်းနှီးမြှုပ်နှံမှု အစုရှယ်ယာများဖြင့် အိန္ဒိယ နိုင်ငံ၊ ကိုရီးယားနိုင်ငံ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့မှ အသီးသီးစုပေါင်းပြီးတော့ ဆောင်ရွက်တဲ့ Joint Operating Agreements ကို ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ (၃)ရက်နေ့တွင် စာချုပ်ချုပ်ဆိုခဲ့ကြောင်း စွမ်းအင်ဝန်ကြီးဌာနရဲ့ ပြောကြားချက်အရ သိရပါတယ်။ ထိုရွှေစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုများ လျင်မြန်စွာ ပြန်လည် ရရှိနိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံတော်အတွက် လိုအပ်သောနိုင်ငံခြားငွေ ရရှိစေရန်အတွက်လည်းကောင်း၊ စီမံကိန်းမှ ထွက်လာ မယ့် သဘာဝဓာတ်ငွေ့ကို နိုင်ငံခြားကိုရောင်းချရန် သဘောတူဆုံးဖြတ်ပြီး ရွှေစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနဲ့ နိုင်ငံတကာတို့အကြား သဘောတူလက်မှတ် ရေးထိုးခဲ့ပြီး ကတိကဝတ်လည်း ပြုပြီးလည်း ဖြစ်ပြီပါတယ်။ စာချုပ်အရ မြန်မာနိုင်ငံက ပမာဏမည်မျှ သုံးစွဲရမည်၊ တရုတ်နိုင်ငံက မည်မျှသုံးစွဲမည်ကိုလည်း စီမံကိန်းကာလနှစ်(၃၀)အတွက် ကတိကဝတ် ပြုထားပြီးလည်း ဖြစ်ပြီပါတယ်။ ရွှေစီမံကိန်းမှ ပြည်တွင်း လိုအပ်ချက် ဖြည့်ဆည်းနိုင်ရန်အတွက် တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေသန်း(၁၀၀)ကို ပြည်တွင်းနေရာ(၃)နေရာ၌ရယူဖို့ စီစဥ်ထားပြီးဖြစ်ပြီပါတယ်။ ၎င်းသဘာဝ ဓာတ်ငွေ့ ရယူမယ့်နေရာများဟာ ဓာတ်ငွေ့ပိုက်လိုင်း ကွန်ယက်စနစ် တည်ဆောက်ပြီးဖြစ်တဲ့ နေရာများမှာ ဖြတ်သန်းရယူမှာဖြစ်ပြီးတော့ ဖြန့်ဖြူးပေးရန် လိုအပ်တဲ့ တည်ဆောက်ပြီး နိုင်ငံတော်ရဲ့ သဘာဝဓာတ်ငွေ့သုံးစွဲနေတဲ့ စက်မှုကဏ္ဍများသို့ ဦးစားပေး ပို့လွှတ်ရန် ဖြစ်ပြီပါတယ်။ ဒါကြောင့် ယခုအချိန်မှ နောက်ထပ် စီမံကိန်းတစ်ခုအတွက် စာချုပ်ကို ဆန့်ကျင်ပြီး ဓာတ်ငွေ့အသုံးပြုရန် မဖြစ်နိုင်ကြောင်းလည်း စွမ်းအင်ဝန်ကြီးဌာနရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။ စွမ်းအင်ဝန်ကြီး ဌာနမှ သိရှိရတဲ့သတင်းအရ ရခိုင်ပြည်နယ်

ကမ်းလွန်ဒေသ ရေတိမ်ပိုင်းနှင့် ရေနက်ပိုင်းလုပ်ကွက် တွေမှာ ကိုရီးယားနိုင်ငံမှလည်းကောင်း KMDC ကုမ္ပဏီ စ်ကာပူနှင့်ပူးပေါင်း၍လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလည်းကောင်း၊ အိန္ဒိယနိုင်ငံမှလည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းများကို မြန်မာနိုင်ငံနဲ့ ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ကုန်းတွင်းပိုင်း လုပ်ကွက်များကိုလည်း အိန္ဒိယနိုင်ငံ ESSAR ကုမ္ပဏီနဲ့ ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဲဒီလုပ်ငန်းများက ရေနံနှင့်သဘာဝဓာတ်ငွေ့ တွေ့ရှိရန် အလားအလာများလည်း ရှိနေပါကြောင်းသိရှိရပါတယ်။ ရခိုင်ပြည်နယ် ဒေသရှိလုပ်ကွက်များမှ သဘာဝဓာတ်ငွေ့များ တွေ့ရှိတဲ့အခါ ရခိုင်ပြည်နယ်ရဲ့ လျှပ်စစ်ဓာတ်အားအတွက် သုံးစွဲခွင့်ရရှိရေး အခွင့်အလမ်းများလည်း ပေါ်လာမှာဖြစ်ပါတယ်။

သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများနဲ့ ကနဦး မတည်ရင်းနှီးစရိတ်ဟာ ရေအား လျှပ်စစ် ဓာတ်အားပေးစက်ရုံများနဲ့ ကနဦး မတည်ရင်းနှီးစရိတ်ထက် သက်သာသော်လည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် လောင်စာဓာတ်ငွေ့အသုံးပြုရသဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု ကုန်ကျစရိတ်ဟာ ရေအားစက်ရုံများမှ ထုတ်လုပ်မှုထက် အလွန်များပြားပါတယ်။ ဒါကြောင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် အလားအလာရှိတဲ့ ဒေသများမှာ အများ အားဖြင့် ရေအားလျှပ်စစ် စက်ရုံများကိုသာ တည်ဆောက်လေ့ရှိပါတယ်။ ယခုအခါ ရခိုင်ပြည်နယ် အတွင်း ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝအသုံးပြုနိုင်ရေးအတွက် သူဋ္ဌေးကျောင်း၊ အမ်း၊ လေးမြို့ စိုင်ဒင်ရေအားလျှပ်စစ် စီမံကိန်းမှာလည်းလျာထားပြီး လေ့လာဆောင်ရွက်လျက် ရှိပါတယ်။ အဆိုပါ စီမံကိန်းများမှထွက်လာတဲ့ လျှပ်စစ်ဓာတ်အားပမာဏဖြင့် ဒေသအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာ အသုံးပြုနိုင်မှာဖြစ်ပြီး ပိုလျှံတဲ့ ဓာတ်အားများကိုလည်း နိုင်ငံတော် ဓာတ်အားစနစ်နဲ့ ချိတ်ဆက်လို့ ပို့လွှတ်သွားမှာဖြစ်ပါတယ်၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေနဲ့ ရခိုင်ပြည်နယ်ဒေသမှာ အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံနေတဲ့ ရေအားလျှပ်စစ် စီမံကိန်းများနဲ့ဆက်စပ်ပြီး ၂၃၀ KV ဓာတ်အားလိုင်းကြီးများ၊ ပင်မဓာတ်အားခွဲရုံများတည်ဆောက်၍ ဓာတ်အားကွန်ယက်တစ်ခု တည်ဆောက်ရန် စီမံကိန်းများချမှတ် ဆောင်ရွက်နေပါတယ်။ သူဋ္ဌေးကျောင်း လျှပ်စစ်စီမံကိန်းနဲ့ ဆက်စပ်ပြီး အုန်းရှစ်ပင်၊ တောင်ကုတ်-မအီ၊ မအီ-အမ်း၊ မအီ-ဇနဲကို၊ မင်းလမ်းဆုံ-ကျောက်ဖြူ

အမ်း-မန်း၊ သူငွေးကျောင်း မဟာဓာတ်အားလိုင်းများနဲ့ ဓာတ်အားခွဲရုံ စီမံကိန်းများကို လျာထားပြီး ဖြစ်ပါတယ်။ ၎င်းစီမံကိန်းများ ပြီးပါက တောင်ကုတ်-မအီ၊ ကျောက်ဖြူ- အမ်းမြို့များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရခိုင် ပြည်နယ်မြောက်ပိုင်းဒေသများမှာ တည်ဆောက်မယ့် လေးမြို့ရေအား လျှပ်စစ်စီမံကိန်းမှ ထွက်ရှိ လာမယ့် လျှပ်စစ်ဓာတ်အားများကို ကျောက်တော်မှတစ်ဆင့် စစ်တွေ၊ မြောက်ဦး၊ မင်းပြား၊ ပေါက်တော၊ မေပုံ၊ ကန်စောက်၊ ပုဏ္ဏားကျွန်းသို့လည်းကောင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေး နိုင်ရန်နှင့် ပိုလျှံသည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်နဲ့ ချိတ်ဆက်ဆောင်ရွက်ရန် လျာထားပြီးလည်း ဖြစ်ပါတယ်။ စိုင်ဒင် ရေအားလျှပ်စစ်စီမံကိန်းမှ ထွက်လာမယ့် လျှပ်စစ် ဓာတ်အားကို ဘူးသီးတောင်၊ မောင်တော၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် ပိုလျှံမယ့် လျှပ်စစ်ဓာတ်အားကိုလည်း နိုင်ငံတော်ဓာတ်အားစနစ်နဲ့ ချိတ်ဆက်ဆောင်ရွက်ရန်လည်း စီမံထားပြီး ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ဒေသတစ်ခုလုံးအတွက် စီမံဆောင်ရွက်ထားရှိတဲ့ ရေအားလျှပ်စစ် စီမံကိန်းများအားလုံး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ယင်းစီမံကိန်းများမှ ထွက်ရှိလာမယ့် လျှပ်စစ်ဓာတ်အားသည် ရခိုင်ပြည်နယ် ဒေသအတွင်း အပြည့်အဝအသုံးပြုနိုင်ရုံမက၊ နိုင်ငံတော် ဓာတ်အားစနစ်ကိုပါ ပို့လွှတ်ဖြန့်ဝေပေးနိုင်ရန် ဖြစ်ပါတယ်။ နောင်တွင် ရခိုင်ပြည်နယ် ကမ်းလွန် ဒေသမှထွက်ရှိလာမယ့် သဘာဝဓာတ်ငွေ့နဲ့ လိုအပ်တဲ့အခြေအနေ ရောက်ရှိပါက သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများလည်း တည်ဆောက်ပေးရန်အတွက်သော်လည်းကောင်း၊ အခြားလုပ်ငန်းများအတွက်သော်လည်းကောင်း၊သုံးစွဲရန်အတွက်သော်လည်းကောင်း စီမံဆောင်ရွက် သွားမှာဖြစ်ကြောင်း တင်ပြရင်း ကျွန်တော့်ရဲ့ တင်ပြချက်ကို နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် တင်ပြတဲ့အထဲမှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ မေးခွန်းရှိရင် ပြန်လည်ပြီးတော့ လွှတ်တော်ကို မေးမြန်းနိုင်ပါတယ်။

**မဂ္ဂါဝပ် ၆၀၀ ခန့် ထုတ်လုပ်နိုင်မည့် တန့်သာရီမြို့နယ်၊ ဂဏန်းကွင်းရေအားလျှပ်စစ်ဓာတ်အား ပေးစက်ရုံကို စီမံကိန်းလျာထားချက်အတိုင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၈။**

**ဒုတိယဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းသည့် မေးခွန်းသည် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေကြားရမည့် မေးခွန်း ဖြစ်ပါတယ်။ တန်သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့် က မဂ္ဂါဝပ် ၆၀၀ ခန့် ထုတ်လုပ်နိုင်မည့် တန့်သာရီမြို့နယ် ဂဏန်းကွင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို စီမံကိန်း လျာထားချက်အတိုင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဦးသန်းမြင့်၊ တန်သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မ်ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော် ကတော့ တန်သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) တန်သာရီမြို့နယ်အခေပြုတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော် တင်ပမြယ့်မေးခွန်းကတော့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေအခန်း ၁၆၊ ပုဒ်မ - ၁၀၉ က အများပြည်သူနဲ့ ဆိုင်ရာ ကိစ္စနဲ့ပတ်သက်တဲ့ မဂ္ဂါဝပ် ၆၀၀ ခန့် ထုတ်လုပ်နိုင်မယ့် ဂဏန်းကွင်းကျေးရွာ ရေအားလျှပ်စစ် စီမံကိန်း တည်ဆောက်ပေးနိုင်ခငြ်း ကိစ္စနှင့်ပတ်သက်ပြီး မေးမြန်းလိုခငြ်းပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တန်သာရီမြို့နယ်ဟာ မဟာဓာတ်အားလိုင်းကြီး တည်ရှိရာဒေသနဲ့ အင်မတန်မှ အလှမ်းကွာဝေးလှတဲ့ မန္တြမာနိုင်ငံရဲ့တောင်ဘက်ဖျား မိတ်မြို့ကနေ မိုင်(၅၀)ခန့် ထပ်သွားရတဲ့နေရာမှာ တည်ရှိတဲ့မြို့တစ်မြို့ဖြစ်ပါတယ်။ အဲဒီအခေအြနေကော်ြင့် လက်ရှိအချိန်မှာ ကျွန်တော်တို့ တန်သာရီမြို့ရဲ့ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ရေးအတွက်ကို ပုဂ္ဂလိကဓာတ်အားပေး စက်ရုံကိုပဲ အားကိုးနေရပါတယ်။ ပုဂ္ဂလိကဓာတ်အားပေးစက်ရုံဟာ တစ်နေ့မှာ ည(၆)နာရီ က နေပြီးတော့(၁၁)နာရီထိ၊(၅)နာရီခန့် ဓာတ်အားလွှတ်ပေးပါတယ်။ ဒါပေမယ့် ဓာတ်အားခနှုန်း

ထားဟာ အင်မတန်မှကြီးမြင့်ပါတယ်။ တစ်ယူနစ်ကို ၄၆၀ ကျပ်ကနေ ၅၀၀ ကျပ်ကြား ဆီစျေး အတက်အကျပေါ် မှာမူတည်ပြီးတော့ကောက်ခံပါတယ်။ဓာတ်အားသုံးစွဲလိုတဲ့ အိမ်တိုင်းကလည်းပဲ အခြေခံဓာတ်အားအဖြစ်နဲ့ (၁၅)ယူနစ်၊ တန်ဖိုးအားဖြင့် ၇၀၀၀ ကျပ် ပတ်ဝန်းကျင်ခန့်ကို မဖြစ် မနေပေးသွင်းနိုင်မှ ဓာတ်အားသုံးစွဲခွင့် ရကြပါတယ်။ တစ်လ(၁၅) ယူနစ်ထက်ကျော်ပြီး သုံးစွဲတဲ့ အိမ်ဆိုရင်လည်းပဲ တစ်ယူနစ်ကို ၄၆၀ ကျပ်နှုန်းထပ်မံ ဖြည့်သွင်းရပါတယ်။ အဲဒီလို ဓာတ်အားခတွေ ကြီးမြင့်စွာ ပေးဆောင်ရတဲ့ အခြေအနေမှာရှိတဲ့အတွက် ဒေသခံ ပြည်သူများဟာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍတွေမှာ ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘဲ လူနေမှု အဆင့်အတန်းဟာလည်း နိမ့်ကျနေခဲ့ရပါတယ်။ အဲဒီလို အခြေအနေတွေရှိခဲ့လို့ ကျွန်တော်တို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ ခေတ်အခါကတည်းက လွန်ခဲ့တဲ့ သုံးနှစ်လောက်ကနေပြီးတော့ တန့်သာရီမြို့နယ် ဂဏန်းကွင်းကျေးရွာမှာ မဂ္ဂါဝပ် ၆၀၀ အား ထုတ်လွှတ်ပေးနိုင်မယ့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်ပေးဖို့ စီမံကိန်း ချမှတ်ထားပြီးသားလည်းဖြစ်ပါတယ်။ နိုင်ငံတဝန်းလုံးကိုလည်း အတိအလင်း ကြေညာထားပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ယခုလက်ရှိ အခြေအနေမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအစိုးရကလည်း ခေတ်ပြောင်းပြီးတော့ ယခုဆိုလျှင် ပါတီစုံဒီမိုကရေစီ အစိုးရခေတ်ကို ရောက်ရှိလာပြီဖြစ်ပါတယ်။ အဲဒီမှာ စီမံကိန်းလျာထားချက်အတိုင်း ရေအားလျှပ်စစ်ဓာတ်အား ပေးစက်ရုံကို စီမံကိန်းအတိုင်း ဆောင်ရွက်ပေးသွားနိုင်မည် ဆိုလို့ရှိလျှင် ဒေသခံပြည်သူများ သာမက ကျွန်တော်တို့ တန့်သာရီမြို့နယ်၊ မြိတ်မြို့နယ်၊ ပုလောမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ် အပါအဝင် မြို့နယ်ကြီး(၄)ခုပါ လျှပ်စစ်ဓာတ်အားကို အပြည့်အဝသုံးစွဲနိုင်မှာဖြစ်ပြီးတော့ လူနေမှု ဘဝ ပိုပြီးတော့ အဆင့်မြင့်တိုးတက်လာမှာဖြစ်တဲ့အပြင် ပိုလျှံတဲ့ဓာတ်အားတွေကိုလည်းပဲ မိုင်(၈၀) မျှသာဝေးတဲ့တစ်ဖက်နိုင်ငံ ထိုင်းနိုင်ငံကို ရောင်းချပေးနိုင်မှာဖြစ်တဲ့အတွက် နိုင်ငံတော်အနေနဲ့လည်း နိုင်ငံခြားငွေများ များပြားစွာရရှိပြီးတော့ နိုင်ငံအတွက်ရော၊ ဒေသခံပြည်သူများပါ အကျိုးရှိတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် ဒေသခံပြည်သူများရဲ့ကိုယ်စား ကျွန်တော်မေးခွန်းမေးမြန်းချင်တာက မေးခွန်းအမှတ်(၁)အနေနဲ့ မဂ္ဂါဝပ် ၆၀၀ အား ထုတ်လုပ်ပေးနိုင်မယ့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို စီမံကိန်း လျာထားချက်အတိုင်း ဂဏန်းကွင်းကျေးရွာမှာ တည်ဆောက် ပေးနိုင်ပါမည်လား။ ဒုတိယမေးခွန်းအနေနဲ့

တည်ဆောက်ပေးနိုင်မည်ဆိုလျှင် မည်သို့သော အချိန်အခါမှာစတင်ပြီး ဆောင်ရွက်ပေးနိုင်မည်ဆိုတာကို သိရှိလိုပါကြောင်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၂။**

**ဦးဇော်မင်း(ပြည်ထောင်စုဝန်ကြီး၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်း ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းမငြိမ်း မေးခဲ့တဲ့မေးခွန်းမှာ အချက်(၂)ချက်ပါဝင်ပါတယ်။ ပထမအချက်ကတော့ တနင်္သာရီတိုင်း ရေအားလျှပ်စစ်စီမံကိန်းကို စီမံကိန်းလျာထားချက်အတိုင်း တည်ဆောက်ပေးနိုင်မည်လားဆိုတဲ့ မေးမြန်းချက်နဲ့၊ ဒုတိယမေးမြန်းချက်အနေနဲ့ကတော့ အဆိုပါစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်နိုင်မည်လဲ သိလိုကြောင်း ဖြစ်ပါတယ်။ တနင်္သာရီရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ ထိုင်းနိုင်ငံ၊ Italian-Thai Development Public Co.Ltd(ITD)တို့ဟာ နားလည်မှု စာချွန်လွှာကို ၉-၁၀-၂၀၀၈ ရက်နေ့မှာ လက်မှတ် ရေးထိုးခဲ့ပါတယ်။ တနင်္သာရီတိုင်းမှာလုပ်မယ့် တနင်္သာရီစီမံကိန်းကို နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု (JV/BOT)စနစ်ကို အခြေခံပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်မယ့်စီမံကိန်း ဖြစ်ပါတယ်။ Italian-Thai ကုမ္ပဏီအနေနဲ့ စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှုကြားဖြတ် အစီရင်ခံစာကို ၂၂-၂-၂၀၁၁ က တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါ Italian-Thai ကုမ္ပဏီအနေနဲ့ ဆက်လက်ပြီးတော့ စီမံကိန်းအပြီးသတ် ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာကို ၂၈-၃-၂၀၁၁ ရက်နေ့မှာ ဝန်ကြီးဌာနကိုတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေဖြင့် Italian-Thai ကုမ္ပဏီက တင်ပြ လာတဲ့ ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာအပေါ်မှာ

အသေးစိတ်လေ့လာစိစစ်မှုများ ဆောင်ရွက် လျက်ရှိပါတယ်။ တန်သာရီစီမံကိန်းရဲ့ ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ စိစစ်သုံးသပ်ချက် အစီရင်ခံစာ ကိုလည်း ပြုစုနိုင်ရန်အတွက် ၁၀-၁၂-၂၀၁၀ ကစပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်း အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဖြစ်ပေါ်လာနိုင်စွမ်း မိမိတို့ ဝန်ကြီးဌာနက စိစစ်တွေ့ရှိရပါက နှစ်ဦးနှစ်ဖက်စီးပွားရေးဆိုင်ရာ တွက်ခေကြိုက်မှုကို စိစစ်တွက်ချက်ပြီးတော့ အသေးစိတ် ဆွေးနွေးပါမယ်။ အသေးစိတ်ဆွေးနွေးပြီးတော့ နှစ်ဖက် Win Win Situation ဖြစ်တဲ့၊ စီးပွားရေး Win Win Situation ဖြစ်တဲ့အခြေအနေ ရောက်လာလို့ရှိရင်၊ လက်ခံနိုင်သော အခြေအနေဆိုရင် သဘောတူညီမှုစာချွန်လွှာနှင့် ဖက်စပ်သဘောတူစာချုပ်များကို ချုပ်ဆိုနိုင်ရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခု ကျွန်တော်တင်ပြခဲ့တဲ့ လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ပြီး ပြီဆိုရင်တော့ Italian-Thai ကုမ္ပဏီအနေနဲ့ စီမံကိန်းကာလ သတ်မှတ်ပြီးတော့ စီမံကိန်းစတင် အကောင် အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သဘြာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းသည့် မေးခွန်းများသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်က သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်း ပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ကံစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများ ယခု အခြေအနေထက်ပိုမိုပြီး ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ကံစိုက် တောင်သူများ၏ ဘဝရပ်တည်ရှင်သန်ရေးကိုရှေးရှု၍ နိုင်ငံတော်မှ ထွက်ရှိသော သီးနှံဈေးနှုန်းကို ဂရုတစိုက်နှင့် စာနာနားလည်မှုအပြည့်ဖြင့် ထိုက်သင့်သောဈေးနှုန်းများရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဇော်နိုင်ဦး က စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ကံစိုက်ပျိုး ထုတ်လုပ်ရေးလုပ်ငန်းများ ယခု အခြေအနေထက် ပိုမိုပြီး ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ရန်အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ကံစိုက်တောင်သူများ၏ ဘဝရပ်တည်ရှင်သန်ရေးကို ရှေးရှု၍ နိုင်ငံတော်မှထွက်ရှိသော သီးနှံ ဈေးနှုန်းကို ဂရုတစိုက်နှင့် စာနာနားလည်မှုအပြည့်ဖြင့် ထိုက်သင့်သောဈေးနှုန်းများရရှိအောင်

ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ဂါရဝပြုရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်နိုင်ဦး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းများအား ဖတ်ကြားမေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါသည်။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နေထိုင်ရာ မဲဆန္ဒနယ် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ ကျုံစိုက်ပျိုးရေး လုပ်ငန်းများဖြစ်ပါတယ်။ ဘီးလင်းမြို့နယ်သည် တစ်ချိန်က ဘီးလင်းသကြားစက်ရုံကြီးနဲ့ ၎င်းမှ ထွက်ရှိသော ဘီးလင်းသကြားမှာ မြန်မာနိုင်ငံတွင် ကျော်ကြားခဲ့သော အဓိကစားသောက်ကုန် တစ်မျိုးဖြစ်ခဲ့ပါတယ်။ ၎င်းကာလများ၌ ကျုံစိုက်ပျိုးရေးလုပ်ငန်းများ များစွာဖွံ့ဖြိုးတိုးတက် ကောင်းမွန်ခဲ့၍ ကျုံစိုက်တောင်သူများ၏ စီးပွားရေးတိုးတက်ကောင်းမွန်ခဲ့သဖြင့် မြို့နယ်အတွင်း ရှိရပ်ကွက်၊ ကျေးရွာများမှာ စည်ပင်ဝပြောခဲ့ပါတယ်။ ယခုအချိန်တွင် ဘီးလင်းသကြားစက်ရုံကြီးသည် သက်တမ်းအိုမင်းလာခြင်းနှင့်အတူ စက်ပြင်ဆင်ချိန်များခြင်း၊ ကုန်ကြမ်းလုံလောက်စွာ မရခြင်း၊ ခေတ်စနစ်နှင့်မညီသော စီမံခန့်ခွဲမှုများအားနည်းခြင်းတို့ကြောင့် ကျုံစိုက်ပျိုးထုတ်လုပ်မှု နှင့် သကြားကုန်ချောထုတ်လုပ်မှု ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။ ခေတ်အဆက်ဆက် ကျုံစိုက်ပျိုးရေးလုပ်ငန်းကိုမှီပြီး အသက်မွေးဝမ်းကျောင်းပြုကြသော ကျုံစိုက်တောင်သူများ၏ နှစ်စဉ်စီးပွားရေးတွက်ခြေမကိုက်မှုများနှင့် ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့ခဲ့ကြ၍ ကျုံစိုက်တောင်သူများ စီးပွားရေး၊ လူမှုရေးနိမ့်ကျခဲ့သဖြင့် တချို့မှာ မြေယာမဲ့ဘဝရောက်ပြီး တစ်ဖက်နိုင်ငံတွင် ရရာ အလုပ်ဖြင့် လုပ်ကိုင်စားသောက်နေရသည့်အထိ ဖြစ်နေကြရပါတယ်။

တချို့တောင်သူများမှာ မိရိုးဖလာအမွေအနှစ်ဖြစ်၍ ကံစိုက်ပျိုးရေးလုပ်ငန်း ဆက်လက်လုပ်ကိုင်လျက်ရှိရာ အနာဂါတ် ကောင်းနိုးမျှော်လင့်ရင်း အခက်အခဲများစွာ ခါးသီးစွာရင်ဆိုင်နေကရပါတယ်။ တွေ့ကြုံရသောအခက်အခဲများမှာ ရာသီဥတု ဖောက်ပြန်ခြင်းနှင့်အတူ မြေဆီလွှာညံ့၍ အထွက်နှုန်း မကောင်းခြင်း၊ ကကြွေအန္တရာယ်ခံစားရခြင်း၊ ထုတ်လုပ်မှုကျဆင်းသည့်အပြင် စိုက်ပျိုးရေးစရိတ် မလုံလောက်၍ ငွေတစ်ရာလျှင်ရှစ်ကျပ်မှ တစ်ဆယ်ကျပ်နှုန်းအတိုးဖြင့် ချေးငှားဆောင်ရွက်နေကြ ရသည်ကို တွေ့ရှိရပါတယ်။ အပင်ထွက်နှုန်းတိုးရန်အတွက် ဓာတ်မြေဩဇာ လုံလောက်အောင် မသုံးနိုင်၍ အထွက်နှုန်းမကောင်းမှုများအတွက် အစားထိုးသီးနှံအဖြစ် စပါး၊ မြေပဲ၊ ပဲလွန်းစိုက်ပျိုးကြသော်လည်း ကံစိုက်ပျိုးမြေဖြစ်၍ အံဝင်မှုမရှိခြင်း နည်းပညာအခက်အခဲများကြောင့် အောင်မြင်မှု မရခဲ့ပေ။ စက်ပြင်ဆင်ချိန် တချို့ကာလများတွင် ကံဝယ်ယူရေးများ မလုပ်ဆောင်နိုင်သဖြင့် ကံခင်းများမီးရှို့ဖျက်စီးသည့်အထိ ကြုံတွေ့ခဲ့ရပါတယ်။ လမိုင်းငုတ်များအတွက် ခုတ်သိမ်းချိန် နောက်ကျ၍ ပျက်စီးခဲ့ရပါတယ်။ ကံစိုက်တောင်သူများအား သက်ဆိုင်ရာမှ ကူညီပေးမှုများမှာ တစ်ဧက စိုက်ပျိုးစရိတ် ၂၀၁၀ ခုနှစ်တွင် ၃၅၀၀၀ ကျပ်ဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် ၁၈၀၀၀ ကျပ်သို့ လျှော့ကျခဲ့ရပါတယ်။ ဓာတ်မြေဩဇာတစ်အိတ်အတွက် ယူရီးယားတစ်အိတ်လျှင် ၂၂၅၀၀ ကျပ်ဖြင့် ရောင်းချပေးပါတယ်။ ကံတောင်သူများမှ ကံဝယ်ယူရာတွင် ၂၀၁၀ ခုနှစ်တွင် ကံတစ်တန်လျှင် ၁၅၀၀၀ ကျပ်ဖြစ်ပြီး၂၀၁၁ ခုနှစ်တွင် ၁၈၀၀၀ ကျပ် ဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ် သကြားပေါက်ဈေးမှာ ၈၀၀ ကျပ်ဖြစ်ပြီး၂၀၁၁ ခုနှစ် သကြားပေါက်ဈေးမှာ ၁၁၀၀ ကျပ်မှ ၁၆၀၀ ကျပ်အတွင်း ငွေဈေး အပြောင်းလဲလိုအပ်ချက်အရ ပြောင်းလဲမှုများတွေ့ ရှိရပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဧက လျှင် ဓာတ်မြေဩဇာ တစ်အိတ်သုံး၍ ထုတ်လုပ်မှုစရိတ်စုစုပေါင်း တစ်ဧကကံအထွက်နှုန်း ပျမ်းမျှ (၁၅)တန်ဖြင့် ပေါက်ဈေးအရ တောင်သူများရရှိသော ဝင်ငွေစုစုပေါင်းကို သိစေရန် စာရင်းများဖြင့် တင်ပြအပ်ပါတယ်။

တစ်ဧကကံစိုက်ပျိုးထုတ်လုပ်မှုစရိတ် (၁) ထွန်စက်(၁၆)သွား(၂)ပန်း၊ ၂၀၀၀၀ ကျပ်၊ (၂) ထွန်စက်(၃)သွား(၁)ပန်း ၂၀၀၀၀ ကျပ်၊ (၃) ဂျမ်းတုံး+ဒလိမ့်မြေခြေချစရိတ် ၁၅၀၀၀ ကျပ်၊ (၄) စိုက်မြောင်းဆွဲ (ဂဋ္ဌုန်တောင်) ၁၅၀၀၀ ကျပ်၊ (၅) မျိုးကံဖြူတစ်ဖူးကို(၅)ကျပ်၊ အဖူး ၁၅၀၀၀- ၇၅၀၀၀ ကျပ်၊ (၆) တစ်ဧကစိုက်လုပ်အားခ ၁၅၀၀၀ ကျပ်၊ (၇) ပေါင်းဆွ+ကံလြက်ရိုက် ၂၀၀၀၀

ကျပ်၊(၈)ခေတ်မေသြာဇာဘ်ယူရီးယားတစ်အိတ် ၂၂၅၀၀ ကျပ်၊ (၉) ကံခြတ်ခ ၄၀၀၀ ကျပ်+ လှည်းခ ၄၀၀၀ ပေါင်း ၈၀၀၀ ကျပ် (၁၅)တန် ၁၂၀၀၀၀ ကျပ် ကုန်ကျစရိတ်စုစုပေါင်း ၃၂၂၅၀၀ကျပ် တွေ့ရှိရပါသည်။ ကံတြစ်ဧကရဲ့ ပန်ြရငွေမှာ တစ်ဧကကို (၁၅)တန်ပျမ်းမျှခြင်းနှင့် ထွက်နှုန်းဖြင့် ပေါက်စျေး ၁၈၀၀၀ ကျပ်အရ ၂၇၀၀၀၀ ပန်ြရပါတယ်။ အရှုံးပငြွေ ၅၂၅၀၀ ကျပ်ဖြစ်ပါတယ်။ ကံစိုက်တောင်သူများ၏ တစ်ဧကစိုက်တိုင်းငွေ ၅၂၅၀၀ ကျပ် အရှုံးပငြေန၍ လမိုင်းငုတ်ကိုသာ အားကိုးနေရပါသဖြင့် အနာဂါတ်မျှော်လင့်ချက် လမ်းပျောက်နေသော ကံတြောင်သူများ၏ ဘဝများကို စာနာသောအားဖြင့် ဖွဲ့စည်းပုံအခခြေဥပဒေ အခန်း(၁) နိုင်ငံတော်၏အခြေခံမူများ ပုဒ်မ ၂၃ အရ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ ပုဒ်မခွဲ(က) အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများပဋြွာန်းဆောင်ရွက်ရမည်။ ပုဒ်မခွဲ(ခ) စိုက်ပျိုး ထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်ပေးရမည် ဟူသော အခြေခံမူအရ တောင်သူလယ်သမားများ၏အကျိုးကို ရှေးရှုသောအားဖြင့် မေးခွန်းများ မေးမန်ြးအပ်ခြင်း ဖစြ်ပါတယ်။

မေးခွန်းများ မေးခွန်း(၁) စက်မှုကုန်ကမ်ြးသီးနှံဖစြ်သော ကံစိုက်ပျိုးထုတ်လုပ်ရေး လုပ်ငန်းများ ယခုအခြေအနေထက်ပိုမိုပီး ဖွံ့ဖိုးတိုးတက်အောင် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ရန် အစီအစဥ် ရှိ/မရှိ မေးခွန်း၊ မေးခွန်း(၂) ကံစိုက်တောင်သူများ၏ ဘဝရပ်တည်ရှင်သန်ရေးကို ရှေးရှု၍ နိုင်ငံတော်မှ ထွက်ရှိသော သီးနှံစျေးနှုန်းများကို ဂရုတစိုက်နှင့် စာနာနားလည်မှု အပညြ့်ဖြင့် ထိုက်သင့်သော စျေးနှုန်းများရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဥ် ရှိ/မရှိ မေးခွန်းများကို ကံစိုက်တောင်သူများကိုယ်စား ဒုတိယဥက္ကဌကီးထံ မေးမန်ြးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဒုတိယဥက္ကဌ**။ ။ မေးခွန်းများနှင့် ပတ်သက်ပီးတော့ အမှတ်(၁)စက်မှုဝန်ကီးဌာန၊ ပညြ်ထောင်စုဝန်ကီးက တစ်ခုချင်း ဖေကြားဖို့ဖစြ်ပါတယ်။

**ဖေကြားချက်**

**အချိန်၊ ၁၁း၁၄။**

**ဦးစိုးသိန်း(ပညြ်ထောင်စုဝန်ကီး၊ အမှတ်(၁)စက်မှုဝန်ကီးဌာန)**။

။ကိုယ်စားလှယ်များ ခင်ဗျား။ မေးခွန်း(၂)ခုကို ကျွန်တော်ဖေကြားပါ့မယ်။

ပထမမေးခွန်းအနေနဲ့ကတော့ လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်များ ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားထားတဲ့ ဖြေဆိုချက်ကို ကျွန်တော်မှ တင်ပြပါ့မယ်။ နိုင်ငံတော် အနေနဲ့ ကံသြီးနှံ ထုတ်လုပ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်တကျ ဆောင်ရွက်ပေးမယ့် အစီအစဉ်များ ရှိနေပြီးတော့ အောက်ပါ အခြေခံလိုအပ်ချက်ကြီး (၅)ချက်ကို သတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ နံပါတ်(၁) အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲအသုံးပြုခြင်း၊ နံပါတ်(၂) ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်း စနစ်များ အသုံးပြုခြင်း၊ နံပါတ်(၃)သွင်းအားစု၊ စိုက်ပျိုးရေးအပါအဝင် ဓာတ်မြေဩဇာနှင့် သဘာဝ မြေဩဇာများကို အချိန်ကိုက် အချိုးကျအသုံးပြုခြင်း၊ နံပါတ်(၄) မျိုးစေ့သွင်းအားစုအပါအဝင် အပင် စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့်ဆုံးရှုံးမှု နည်းပါးအောင် ဆောင်ရွက်ခြင်း၊ နံပါတ်(၅)ထွက်ရှိလာသည့် သီးနှံအပေါ်တွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာအောင်ဆောင်ရွက်ပေးခြင်း တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ကံသြီးနှံမျိုးနဲ့ပတ်သက်ပြီး လက်ရှိစိုက်ပျိုးနေတဲ့ မျိုးများထက် ပိုမိုကောင်းမွန်ပြီး အထွက်နှုန်းကောင်းမွန်သည့် အထူးအထွက်တိုး ကံမြိုးများကိုလည်း မျိုးပွား ထုတ်လုပ်ပေးလျက်ရှိပြီး ဒေသလိုအပ်ချက်နှင့်အညီ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ သို့ပါ၍ ကံစိုက် တောင်သူများအနေနဲ့ စီးပွားရေးတွက်ခြေကိုက်အောင် အထူးအထွက်တိုး မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးပေးခြင်း၊ အရည်အသွေးနှင့် အထွက်နှုန်း ကောင်းမွန်စေရန်အတွက် ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (Good Agriculture Practice)ကို အသုံးပြုစေခြင်းနှင့် သကြားစက်ရုံများကို ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်စေခြင်းဖြင့် ကံစိုက်တောင်သူများအနေနဲ့ လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ် ရောင်းချနိုင်ပြီး တွက်ခြေကိုက်သည့် စက်မှုသီးနှံအဖြစ် ရေရှည် ရပ်တည်နိုင်အောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပထမမေးခွန်းအနေနဲ့ ဖြေရှင်း တင်ပြအပ်ပါတယ်။

အမှတ်(၂)မေးခွန်းကိုတော့ ကျွန်တော် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဖြေကြားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ မှာ စက်မှုကုန်ကြမ်းသီးနှံများကို စိုက်ပျိုးနေတဲ့ တောင်သူများကိုလည်း အထူးအလေးထား ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ဥပမာ ကံစိုက်တောင်သူများလိုပဲ

ပလောပီနံစိုက်တောင်သူတွေ၊ ဝါစိုက် တောင်သူတွေ၊ ရာဘာစိုက်ပျိုးတဲ့သူတွေ၊ ဆီအုန်းစိုက်ပျိုးတဲ့သူတွေအားလုံးကို ကူညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စက်မှုကုန်ကမ်း စိုက်ပျိုးသူများအတွက် အထောက်အပံ့ဖြစ်စေရေး ကိုလည်း လိုအပ်တဲ့ စိုက်ပျိုးရေးစရိတ် ကြိုတင်ငွေများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေနဲ့ ထောက်ပံ့ထုတ်ပေးလျက်ရှိပါတယ်။အမှတ်(၁)စက်မှုဝန်ကြီးဌာနအနေနဲ့ ဘီးလင်းနယ်မြေအတွင်းမှာ ရှိတဲ့ ကြံစိုက်တောင်သူများကို ယခုနှစ် ကြံစိုက်ပျိုးရာသီအတွက် ကြံစိုက်ပျိုးစရိတ်အဖြစ် ကြိုတင် ငွေ ၄၃.၆၇၂ သန်း ထုတ်ပေးခဲ့ပါတယ်။ ထွန်ယက်ဖို့အတွက် ၁၃.၃၃၈ သန်း၊ ဓာတ်မြေသြဇာ အတွက် ၃၀.၃၃၄ သန်း ထုတ်ပေးပြီးဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေနဲ့ လက်ရှိကျင့်သုံးနေတဲ့ စီးပွားရေးစနစ်ဟာ ဈေးကွက်စီးပွားရေးစနစ် ဖြစ်တဲ့ အတွက်ကြောင့် စက်မှုကုန်ကမ်းသီးနှံများအတွက် ဈေးနှုန်းများကို ဈေးကွက်မှာသာ သတ်မှတ် သွားမည်ဆိုသည့် အချက်ကို ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင် အကောင်အထည်ဖော်နေတဲ့ အချိန်မှာ မေ့ပစ်၍မရနိုင်ဆိုတဲ့ အချက်တစ်ချက်ကို တင်ပြလိုပါတယ်။ ဘီးလင်းသကြားစက်ရုံဟာ ၁၉၆၄ ခုနှစ်မှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ယခုအချိန်မှာ စက်ရုံရဲ့ သက်တမ်းဟာ ၄၇ နှစ် ကြာမြင့်နေပြီဖြစ်ပါတယ်။ စက်ရုံရှိ စက်ပစ္စည်းများအနေနဲ့ ဟောင်းနွမ်း နေပြီဖြစ်တဲ့အတွက် စက်ရုံဟာ လည်ပတ်နေတဲ့အချိန်မှာ ကြံစိုက်တောင်သူတွေ ဝင်ငွေတိုးတက် ရရှိရေးကိုသာ ဦးစားပေး ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် နှစ်စဉ်နီးပါး နိုင်ငံတော်အနေနဲ့ အရှုံးခံပြီးစက်ရုံအား လည်ပတ်ဆောင်ရွက်ပေးခဲ့ရပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်းမှာ လည်ပတ်ဆောင်ရွက်မယ်ဆိုပါက နိုင်ငံတော်အနေနဲ့ ၅၃၈.၆၉၅ ကျပ်သန်း အရှုံးပေါ်နိုင်ကြောင်း တွက်ချက်သိရှိနိုင်ပါတယ်။ ပန်ကြားတင်ပြပါမယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်းမှာ စက်ရုံကို လည်ပတ် ဆောင်ရွက်မယ်ဆိုရင် နိုင်ငံတော်အနေနဲ့ ၅၃၈.၆၉၅ ကျပ်သန်းအထိ အရှုံးပေါ်နိုင်ကြောင်း တွက်ချက်သိရှိရပါတယ်။ ဒါ့ကြောင့် နှစ်စဉ် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေဆုံးရှုံးမှုကို သက်သာစေရေး အတွက် အဲဒီစက်ရုံက ဝန်ထမ်းတွေကို အမှတ်(၂)စက်မှုဝန်ကြီးဌာနအောက်မှာရှိတဲ့ အမှတ်(၂၂) အထွေထွေအကြီးစားစက်ရုံ ဘီးလင်းတာယာစက်ရုံ ဖြစ်ပါတယ်ခင်ဗျား။ ထိုသို့ပြောင်းရွှေ့ပြီးတော့ ကုန်ကျစရိတ် သက်သာစေရေးတစ်ဖက်က ကြိုးပမ်းသော်လည်းပဲ ဆက်လက် အရှုံးပေါ် နေဆဲဖြစ်ကြောင်း

တွေ့ရှိရပါတယ်။ အဲဒီလို အခြေအနေတွေအရ ဘီးလင်းသကြားစက်ရုံကို ပိတ်သိမ်းရမယ့် အခြေအနေဖြစ်ပေါ်နေသော်လည်း အဲဒီစက်ရုံကို အမှီပြုပြီးတော့ နယ်မြေ အတွင်းမှာ ကံစိုက်နေတဲ့ တောင်သူတွေရဲ့ဘဝကို ငဲ့ညှာထောက်ထားသောအားဖြင့် စက်ရုံအား ပုဂ္ဂလိကသို့ ငှားရမ်းဆောင်ရွက်ပြီး ဆက်လက်လည်ပတ်နိုင်ရေးအတွက် စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဘီးလင်းသကြားစက်ရုံနည်းတူ အမှတ်(၁)စက်မှုဝန်ကြီးဌာန အောက်မှာရှိတဲ့ ဇေယျဝတီသကြားစက်ရုံ အနေနဲ့လည်း နှစ်စဉ် အရှုံးပေါ်နေတဲ့အတွက်ကြောင့် နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေဆုံးရှုံးမှုများကို တားဆီးတဲ့အနေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်က စတင်ပြီးစက်ရုံအား ရပ်ဆိုင်းခဲ့ပါတယ်။ သို့သော်လည်း ယခုအခါမှာ ပုဂ္ဂလိကကို ငှားရမ်းပြီးတော့ ထုတ်လုပ်မှုဆောင်ရွက် နိုင်ရေးအတွက် စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ ကမ္ဘာ့ဈေးကွက်မှာ ဖြစ်ပေါ်နေတဲ့ သကြားဈေးနှုန်းနဲ့ ပန်ရှိလည်နိုင်းယှဉ်ရင် ပြည်ပသကြားအဖြူရဲ့ မြန်မာနိုင်ငံအရောက် ဈေးနှုန်းဟာ ပြည်တွင်းထွက် သကြားအဖြူရဲ့ဈေးနှုန်းထက် တစ်ပိဿာမှာ ခန့်မှန်း ၂၀၀ ကျပ်ခန့် လျော့နည်း သက်သာနေကြောင်း တွေ့ရှိရပါတယ်။ ကံစိုက်တောင်သူများဘက်က ရပ်တည်ပြီးတော့ သူတို့ရဲ့ ဘဝရှင်သန်နိုင်ရေးအတွက် တင်ပြတဲ့အချက်အနေနဲ့ အလွန်တရာ မှန်ကန်ပါသော်လည်းပဲ နိုင်ငံတော်အနေနဲ့ နှစ်စဉ် အရှုံးပေါ်နေတဲ့အချက်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ စဉ်းစားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ယနေ့ခေတ် အခြေအနေ အကြောင်းအရာများ အားလုံးကို Win Win behaviour ထပ်တင်ပြပါ့မယ်။ Win Win behaviour အနေနဲ့ ဆောင်ရွက်မှသာ မျှတမှန်ကန်တဲ့အဖြေကို ရနိုင်မည်ဖြစ်တဲ့အတွက်ကြောင့် ကံစိုက်တောင်သူ များရဲ့ အကျိုးစီးပွား၊ နိုင်ငံတော်ရဲ့ အကျိုးစီးပွား၊ စားသုံးသူများရဲ့ အကျိုးစီးပွားတို့အပေါ် မူတည်ပြီးတော့ မျှမျှတတစဉ်းစား ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေရှင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သဘာသံများ)

**စစ်တွေမြို့တွင် စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ပေးမည့် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၂။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းတဲ့ မေးခွန်းသည် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေကြားမယ့် မေးခွန်းဖြစ်ပါတယ်။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး က စစ်တွေမြို့တွင် စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ပေးမည့် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၂**။

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစား အပ်ပါသော အမျိုးသား လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး နဲ့ ပြည်ထောင်စုအဆင့်ရှိဝန်ကြီးများ၊ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျွန်တော် ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်က မင်္ဂလာပါလို့ တလေးတစားနဲ့ နှုတ်ခွန်းဆက်သအပ်ပါ တယ်။ ဒီနေ့ ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် စက်မှုလက်မှု လုပ်ငန်းများ ထူထောင်ပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ သမားရိုးကျအားဖြင့် ပြည်သူပြည်သားများဟာ တောင်သူလယ်သမားများဖြစ်ပြီး လယ်ယာလုပ်စားကပါတယ်။ ရေလုပ်ငန်းလုပ်စားကပါတယ်။ စက်မှုလုပ်ငန်းဆိုလို့ ရခိုင်ပြည်နယ်မှာ ယခုအချိန်အထိ ကျောက်တော်မြို့မှာရှိတဲ့ သကြားစက် တစ်ခုပဲရှိပါတယ်။ နှစ်ပေါင်း (၆၀)ကျော်အတွင်းမှာ ဒီသကြားစက်ကလေးတစ်ခုသာ စက်မှု လုပ်ငန်းအနေနဲ့ပြစရာရှိပါတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ လူငယ်လူရွယ်အတော်များများဟာ ဘဝရပ်တည်မှုအတွက် တစ်နေ့ထက် တစ်နေ့ခက်ခဲလာခြင်း၊ ကုန်ဈေးနှုန်းက အဆမတန် မငြိမ်လာ တဲ့အတွက် ဆက်လက် ရှင်သန်စေဖို့ မျှော်လင့်ချက် ကင်းမဲ့လာတဲ့အတွက် လူငယ်လူရွယ် များဟာ တစ်ရပ်တစ်ကျေး၊ တစ်မြို့တစ်ရွာသာမက နိုင်ငံရပ်ခြားကိုသွားပြီးတော့ အိုးပစ်အိမ်ပစ် မိသားစုကိုပစ်ပြီးတော့မှ စွန့်စားထွက်ခွာသွားလာနေမှုများ ရှိနေပါတယ်။ အဲဒီလို ရွှေ့ပြောင်း လုပ်သားအရေအတွက်ဟာဆိုလို့ရှိရင် လူငယ်လူရွယ် တော်တော်များများ ကုန်သလောက်ကို ရှိနေပါပြီ။ လယ်ယာလုပ်ကိုင်ဖို့အတွက် တော်တော်အခက်အခဲ ရှိနေပါတယ်။ မြန်မာနိုင်ငံ အရပ်ရပ်မှာဆိုလို့ရှိရင် မြို့ကြီးတွေမှာ စက်မှုဇုန်တွေအများအပြား ပေါ်ပေါက်နေပါတယ်။ ဟိုတစ်လောကပဲ သတင်းစာမှာ ကျွန်တော်တို့ တွေ့လိုက်ရပါတယ်။ ပုဂ္ဂလိကစက်မှုကုမ္ပဏီ

တစ်ခုက ဗီယက်နမ်နိုင်ငံကို စွမ်းအားမှငြိမ်စက်တွေရောင်းချဖို့ စာချုပ်ချုပ်လိုက်တယ်ဆိုတာ တွေ့လိုက်ရပါတယ်။ ကျွန်တော်တို့ အများကြီးပြမ်းသာအားရ ဖြစ်ရပါတယ်။ ကမ္ဘာမှာ စက်မှုနိုင်ငံတော်တော်များများက လွှမ်းမိုးနေတာ ကျွန်တော်တို့ တွေ့ရပါတယ်။ စက်မှုစွမ်းအား ပြည့်ထွန်းကားဆိုတဲ့ဆောင်ပုဒ်နဲ့အညီ ကျွန်တော်တို့ နိုင်ငံဟာလည်းပဲ စက်မှုလက်မှု ထွန်းကားမှသာလျှင် တိုးတက်တဲ့နိုင်ငံအဖြစ်ကို ရောက်ရှိလာမှာ ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် မြန်မာပြည်ရဲ့တစ်စိတ်တစ်ဒေသဖြစ်တဲ့ ရခိုင်ပြည်နယ်မှာလည်းပဲ စက်မှုလုပ်ငန်းများ ထွန်းကားနိုင်မှု ရှိ/မရှိ၊ လုပ်ဆောင်ဖို့ အစီအစဉ် ရှိ/မရှိ ကို မေးလိုခြင်းဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၂၅။**

**ဦးစိုးသိန်း(ပြည်ထောင်စုဝန်ကြီး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရဲ့အမေးကို ကျွန်တော်မှ ပြန်လည်ရှင်းလင်းဖြေဆိုပါမယ်။

နိုင်ငံတော်ရဲ့ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းတွေကို စစ်ဆေးလမ်းညွှန်ကြီးကြပ် ဆောင်ရွက်သွားနိုင်ဖို့အတွက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါတယ်။ အဆိုပါကော်မတီရဲ့ ကြီးကြပ်မှုအောက်မှာ ကဏ္ဍအလိုက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆပ်ကော်မတီ(၁၂)ရပ်ကိုဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ထပ်မံဖွဲ့စည်းပေးအပ်တဲ့ ဆပ်ကော်မတီ(၁၂)ရပ်အနက် အသေးစားနဲ့အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီနဲ့ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဆိုပြီးတော့ ပါရှိပါတယ်။ နိုင်ငံတစ်ဝန်းမှာ ဖွဲ့စည်းတည်ထောင် ထားပြီးတဲ့ စက်မှုဇုန်(၁၈)ဇုန်ရှိပြီးတော့ ၎င်းစက်မှုဇုန်များ အဆင့်မြှင့်တင်နိုင်ရေးအတွက်၊ လိုအပ်တဲ့ဒေသတွေမှာလည်း စက်မှုဇုန်အသစ်များ ထပ်မံပေါ်ထွန်းလာရေးအတွက် စီမံဆောင်ရွက် လျက်ရှိပါတယ်။ ယခုအခါ

ကရင်ပြည်နယ်၊ ဘားအံစက်မှုဇုန်အသစ်ကို စတင် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ တိုင်းဒေသကြီး ပြည်နယ်များအတွက် စက်မှုဇုန်အသစ်များအား ထပ်မံအကောင်အထည် ဖော်နိုင်ရေးကိုရှေးရှုလျက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ရခိုင်ပြည်နယ်အတွင်း အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဏ္ဏားကျွန်းနဲ့ စစ်တွေတစ်ဝိုက် သင့်တော်တဲ့နေရာမှာ စက်မှုဇုန် အသစ်အား ထပ်မံတည်ထောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက် လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် အစည်းအဝေးကို ခေတ္တရပ်နားပြီး (၁) နာရီအချိန်မှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ၁၁း၃၀ နာရီ အချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၀၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၀၀။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းသည့် မေးခွန်းများသည် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဆန်စပါးနှင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ၏ ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော်(ခ)ကိုပေါက်က ဆန်စပါးနှင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ၏ ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၀။**

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီး များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းဇော်(ခ)ကိုပေါက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆန်စပါးနှင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ၏ ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် ဒုတိယဥက္ကဋ္ဌကြီး အား တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားဦးရေ ၃.၄၂

သန်းခန့် မိုးစပါး၊ နွေစပါး ဧကသန်း ၂၀ ခန့်နှင့် ပဲမျိုးစုံဧက ၁၀ သန်းခန့်ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိ ကပါတယ်။ ကုန်သွယ်မှုစာရင်းများအရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ ဆန်တန်ချိန် ၅၃၆၈၄၀၊ မတ်ပဲတန်ချိန် ၄၆၄၃၉၃၊ ပဲတီစိမ်းတန်ချိန် ၂၆၈၂၇၆ နဲ့ ပဲစင်းငုံတန်ချိန် ၁၄၆၃၁၅ တန်တို့ကို ပြည်ပသို့ တင်ပို့ရောင်းချခဲ့ရကြောင်း လေ့လာသိရှိရပါတယ်။ ပြည်ပပို့ကုန်ဈေးနှုန်းများအရ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လမှာ ဆန်တစ်တန်အမေရိကန်ဒေါ်လာ ၄၀၅ ဒေါ်လာ၊ မတ်ပဲတစ်တန် ၈၂၂ ဒေါ်လာ၊ ပဲတီစိမ်းတစ်တန် ၁၅၃၅ ဒေါ်လာ၊ ပဲစင်းငုံတစ်တန် ၆၅၃ ဒေါ်လာ ဈေးရှိပြီး၊ ယခင်နှစ် အလားတူကာလမှာတော့ ဆန်တစ်တန်ကို ၄၃၂ ဒေါ်လာ၊ မတ်ပဲတစ်တန် (၁၀၇၉) ဒေါ်လာ၊ ပဲတီစိမ်းတစ်တန် ၁၄၅၄ ဒေါ်လာ ရှိခဲ့သဖြင့် ပြည်ပရောင်းဝယ်ရေးမှ ဆန်နှင့်ပဲဈေးနှုန်းများ (ပဲတီစိမ်းမှအပ) ကျဆင်းခဲ့ကြောင်း တွေ့ရပါတယ်။ အခုလို နိုင်ငံခြားငွေ တည်ငြိမ်မှုမရှိတဲ့ အချိန်မှာ လယ်ယာထွက်ကုန်ပစ္စည်းများရဲ့ ကုန်ဈေးနှုန်းဟာလည်း ကျဆင်းနေခဲ့မှုကြောင့် တောင်သူလယ်သမားများအတွက် တွက်ခြေကိုက်ရန် စိုက်ပျိုးစရိတ်ကုန်ကျမှု Minimum Support Price ကို အာမခံချက်ပေးရန် လိုအပ်လာပါတယ်။ ကမ္ဘာ့နိုင်ငံအချို့မှာ အစိုးရ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုမှ စိုက်ပျိုးထုတ်လုပ်တဲ့သီးနှံများ စိုက်ပျိုးစရိတ်ကာမိစေရန် ထွက်ကုန်သီးနှံများကို သင့်တင့်သောဈေးနှုန်းနဲ့ ဝယ်ယူပေးခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျ စရိတ် လျော့နည်းစေရန် စက်ကိရိယာများ၊ သွင်းအားစုများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ ပေးခြင်းစသည်ဖြင့် တောင်သူလယ်သမားများအား စိုက်ဧကနှင့် ထွက်ကုန်သီးနှံပမာဏ လျော့ပါး ခြင်းမရှိအောင် စိုက်ပျိုးစေရေး ဆွဲဆောင်နိုင်ကြောင်း သိရှိရပါတယ်။ ယခုအခါမှာလည်း နိုင်ငံတော်အစိုးရရဲ့အစီအစဉ်နဲ့ မြန်မာ့စိုက်ပျိုးရေးဘဏ် သမအထူးပကြုံကုမ္ပဏီများနဲ့ အခြား NGO အဖွဲ့အစည်းများဟာလည်းပဲ တောင်သူလယ်သမားများအတွက် လိုအပ်နေသောငွေကြေးအထောက်အကူပြု ပစ္စည်းများကို အတိုးနှုန်းသက်သာစွာနဲ့ ဆောင်ရွက်ပေးနေတဲ့အပြင်၊ သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများဟာလည်း တောင်သူလယ်သမားများအတွက် အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါတယ်။ သို့ပါသောကြောင့် တောင်သူ များက ဆန်၊ စပါး၊ ပဲစိုက်ဧကပမာဏနှင့် ထွက်ကုန်ပမာဏ လက်ရှိအခြေအနေထက် လျော့နည်း စိုက်ပျိုးထုတ်လုပ်ခြင်းမျိုးမရှိစေရန် နိုင်ငံတော်၏အကျိုးစီးပွားနှင့် စိုက်ပျိုးထုတ်လုပ်သူများရဲ့ အကျိုးစီးပွားတို့ကို ရည်မှန်းလျက် တောင်သူလယ်သမားများ ယနေ့ ကြုံတွေ့နေရသော အထက်

ဖော်ပပြါ အခက်အခဲများကို နိုင်ငံတော်အစိုးရမှ ဖြေရှင်းပေးမည့်အစီအစဉ်ကို သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်များရှိ တောင်သူများနှင့် သီးနှံအထူးပြုကုမ္ပဏီကြီးများ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၀၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီးက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်များရှိ တောင်သူများနှင့် သီးနှံအထူးပြုကုမ္ပဏီကြီးများ ပူပေါင်းဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး ဖြစ်ပါတယ်။ ဒီကနေ့ ဆောင်ရွက်နေတဲ့ တောင်သူလယ်သမားများ ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် လိုအပ်တဲ့ အရင်းအနှီးများကို နိုင်ငံတော်က ဖြည့်ဆည်းပေးနေတာကို တွေ့ရတဲ့အတွက် အများကြီးဝမ်းမြောက်ဝမ်းသာရှိပါတယ်။ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တစ်ဧကကို ၂၀၀၀၀ ကျပ်နှုန်းနဲ့ ထုတ်ချေးပေးတဲ့နေရာမှာ စိုက်ဧကရဲ့ (၅၇.၁၅)ရာခိုင်နှုန်း လွှမ်းခြုံပြီးတော့ ထုတ်ချေးနိုင်တာကို တွေ့ပါတယ်။ နောက်ထပ်လည်း ၄၀၀၀၀ ကျပ်ပြည့်အောင် ဆိုပြီးတော့ ၂၀၀၀၀ ကျပ်ကိုလည်း ထပ်ပြီးပေးမယ်ဆိုတာကို ကျွန်တော်တို့ သိရပါတယ်။ နောက်တစ်ခါ သမဝါယမဝန်ကြီးဌာနကလည်းပဲ တစ်ဧကကို ၄၀၀၀၀ ကျပ်နှုန်းနဲ့ ထုတ်ချေးတဲ့ အခါမှာ စိုက်ဧကရဲ့ (၈.၂၄)ရာခိုင်နှုန်း ဆောင်ရွက်နိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။ ထို့အတူပဲ ဒီသီးနှံအထူးပြုကုမ္ပဏီကြီးများကနေပြီးတော့ ကျွန်တော်တို့ နေပြည်တော်ကောင်စီ နယ်မြေမှာ လာရောက်ပြီးတော့ တစ်ဧကကို ၄၀၀၀၀ ကျပ်၊ တချို့နေရာမှာ ၅၀၀၀၀ ကျပ် ဒီလိုနဲ့ ထုတ်ချေး

တဲ့အခါမှာ (၁၃.၈)ရာခိုင်နှုန်း လွှမ်းခြုံပြီးတော့ ဆောင်ရွက်နိုင်တာကို တွေ့ရတဲ့အတွက် များစွာ ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ ပြောကြားလိုတာကတော့ သီးနှံ အထူးပြုကုမ္ပဏီများအနေနဲ့ (၁၃.၈) ရာခိုင်နှုန်း လွှမ်းခြုံပြီးတော့ ကညွှန်းတဲ့နေရာမှာ နေပြည်တော် ကောင်စီနယ်မြေမှာ (၈)မြို့နယ်ရှိပါတယ်။ (၈)မြို့နယ်အနက်မှာရှိတဲ့ ပုဗ္ဗသီရိ၊ ဇေယျာသီရိ၊ ဇမ္ဗူသီရိဆိုတဲ့ (၃)မြို့နယ်မှာသာ ဆောင်ရွက်တာကို တွေ့ရှိရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျန်နေသေးတဲ့ ဥတ္တရသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေးဆိုတဲ့ မြို့နယ်များမှာရှိတဲ့ တောင်သူဦးကြီးများအနေနဲ့ သီးနှံအထူးပြု ကုမ္ပဏီကြီးများနဲ့ ပူးပေါင်းပြီး တော့ ဆောင်ရွက်လိုတဲ့ ဆန္ဒရှိတဲ့အတွက်ကြောင့်မို့လို့ ဆောင်ရွက်ပေးနိုင်မယ့် အစီအစဉ် ရှိ/မရှိ နဲ့ ရှိမယ်ဆိုရင်လည်း မည်သည့်အချိန်မှာ စတင်ပြီးတော့ ဆောင်ရွက်နိုင်မယ်ဆိုတဲ့ အကြောင်း ကို မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၀၈။**

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး နှင့် တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတွေနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ အခုလို ဖြေကြားခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း ဦးစွာတင်ပြလိုပါတယ်။

အဲဒီမှာ ကျွန်တော်ပြောလိုတာကတော့ ကျွန်တော်ဒီနေ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဇော်(ခ)ကိုပေါက် ရဲ့ မေးခွန်းကိုတော့ ကျွန်တော်ကြိုတင် ရရှိပါတယ်။ ဖြေကြားဖို့လည်း ပြင်ဆင်လာပါတယ်။ နောက် မန္တလေးတိုင်း ဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး၊ က နေပြည်တော်ကောင်စီမှာ သီးနှံအထူးပြု ကုမ္ပဏီများ ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ ကိုတော့ အခုပဲသိရှိတဲ့အတွက် တစ်ခါတည်းပဲ ဖြေခွင့်

ပပြုပါလို့ ပြောကြားလိုပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဇော်(ခ)ကိုပေါက်ရဲ့ ဆန်စပါးနဲ့ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူများရဲ့ တွေ့ကြုံနေရတဲ့ အခက်အခဲများကို ဖြေရှင်းပေးမယ့် အစီအစဉ် ရှိ/မရှိ မေးမြန်းချက်များနဲ့ စပ်လျဉ်းပြီး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ မေးခွန်းရဲ့ အဓိကအချက်များကတော့ ဆန်စပါးနဲ့ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချရာမှာ ကုန်သွယ်မှုစာရင်းအရ ဈေးနှုန်းများကျဆင်းခြင်း Export Earning ဈေးနှုန်းများကျဆင်းမှုကြောင့် သင်္ဘောတင်ပို့ပြီးကုန်များအတွက် နိုင်ငံခြားငွေဆုံးရှုံးမှု ကြီးမားခြင်း၊ Exporters များအနေနဲ့ Export Earning ဈေးကျဆင်းလာနိုင်မှုအပေါ် မူတည်ပြီးတော့ ပြည်တွင်းမှာဝယ်ယူတဲ့ ဈေးနှုန်းများကို တွက်ချက်ဝယ်ယူမှုများ ရှိလာတဲ့အတွက် ပြည်တွင်းဈေးနှုန်းများကျဆင်းခြင်း၊ တောင်သူလယ်သမားများအတွက် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် Cost of Production မကာမိဘဲနဲ့ ဝင်ငွေများလျော့နည်းလာခြင်း၊ လယ်ယာလုပ်ငန်းများမှာ ပြန်လည်ရင်းနှီးရန် အခက်အခဲရှိလာမှာကို စိုးရိမ်ပူပန်ခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ဒီအတွက်ကြောင့် တောင်သူလယ်သမားများအတွက် စိုက်ပျိုးကုန်ကျစရိတ်ကို ကာမိပြီး တွက်ခေကြိုက်တဲ့ဈေးနှုန်း Minimum Support Price MSP ကို ကမ္ဘာ့နိုင်ငံအချို့မှာ အစိုးရ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက သင့်တင့်သောဈေးနှင့် ဝယ်ယူပေးခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် ကာမိစေဖို့ ဆောင်ရွက်ပေးခြင်းအားဖြင့် တောင်သူများရဲ့ စိုက်ဧကနဲ့ ထွက်ကုန်သီးနှံပမာဏမလျော့စေရေး ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးထုတ်လုပ်သူများရဲ့ အကျိုးစီးပွားနဲ့ နိုင်ငံတော်ရဲ့အကျိုးစီးပွားတွေကို မျှော်ကိုးရည်မှန်းပြီးတော့ တောင်သူလယ်သမားများ တွေ့ကြုံနေရတဲ့ အထက်ဖော်ပြပါ အခက်အခဲများကို နိုင်ငံတော်မှ ဖြေရှင်းပေးမယ့် အစီအစဉ် ရှိ/မရှိ။ ရှိပါက မည်သို့ဆောင်ရွက်ပေးမယ်ဆိုတာ သိလိုပါကြောင်း၊ ဒါ ဦးထွန်းဇော်(ခ)ကိုပေါက်က မေးမြန်းတင်ပြတာကို တွေ့ရပါတယ်။ ပထမဆုံးတင်ပြချင်တာကတော့ ဆန်စပါးတင်ပို့နိုင်မှု အခြေအနေကို လေ့လာမယ်ဆိုရင် ၂၀၀၉-၂၀၁၀ ခုနှစ်မှာ မက်ထရစ် တန် ၈.၉၅ သိန်း တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၀-၂၀၁၁ မှာ ပြည်ပဆန်တင်ပို့မှုဟာ ၅.၃၇ သိန်း တင်ပို့နိုင်ခဲ့တဲ့အတွက် အနည်းငယ်လျော့လာတာကို တွေ့ရပါတယ်။ ယခုနှစ်မှာတော့ စက်တင်ဘာ (၉)ရက်နေ့အထိ ဆန်တန်ချိန် ၃.၄၆ သိန်းတင်ပို့ပြီး ဖြစ်ပါတယ်။ ယခင်နှစ်ကာလတူ ဒီအချိန်မှာ ၁.၃၇ သိန်းသာ တင်ပို့နိုင်တဲ့အတွက် မနှစ်ကထက်တန်ချိန်(၂)သိန်းကျော် ပိုမိုတင်ပို့နိုင်ပါတယ်။ ဆန်တင်ပို့တဲ့နိုင်ငံများကို ကြည့်မယ်ဆိုရင်တော့

အများဆုံးဝယ်ယူတဲ့ နိုင်ငံများကတော့ အိုင်ဗရီကို့စ်၊ ဘင်္ဂလားဒေ့(ရှ်)၊ ဘူးလ်ဂေးရီးယား၊ စင်ကာပူ၊ တောင်အာဖရိကနဲ့ အီဂျစ် စတာတွေဖြစ်ပါတယ်။ တင်ပို့တဲ့ဆန်အမျိုးအစားကတော့ ဧည့်မထ(၂၅)မှတ်၊ ရာခိုင်နှုန်းအားဖြင့် (၉၇)ရာခိုင်နှုန်းလောက်ရှိပြီးတော့ ဧည့်မထ(၁၅)မှတ် ဆန်ရာခိုင်နှုန်းအားဖြင့် (၁.၈)ရာခိုင်နှုန်း၊ ဧည့်မထ(၁၀၀)ရာခိုင်နှုန်း၊ (၀.၆၈)ရာခိုင်နှုန်းနဲ့ ပေါ်ဆန်း(၁၀၀)ရာခိုင်နှုန်း၊ (၀.၄၇)ရာခိုင်နှုန်း ဖြစ်ပါတယ်။ တင်ပို့တဲ့ဆန်အမျိုးအစားဟာ ဧည့်မထ(၂၅)မှတ်ဆန် အများဆုံးဖြစ်ပြီးတော့ အများဆုံးဝယ်ယူတဲ့ နိုင်ငံတွေကလည်းပဲ အရေအတွက်နဲ့ ဦးစားပေးတဲ့ နိုင်ငံတွေဖြစ်တာကြောင့် ရရှိတဲ့ဆန်ဈေးနှုန်းဟာ နိမ့်နေတာကို တွေ့ရပါတယ်။ တန်းမြင့်ဆန်များ ပိုမိုထုတ်လုပ်တင်ပို့ရေး၊ ဝယ်ယူတဲ့ဈေးကွက်များရှာဖွေရေးနဲ့ ပြည်တွင်းမှာလည်းပဲ စိုက်ပျိုးထုတ်လုပ်နိုင်တဲ့ အနေအထားရှိအောင် ကြိုးစားဆောင်ရွက်ကဖို့ လိုအပ်ကြောင်းလည်း တွေ့ရှိရပါတယ်။ နိုင်ငံတော်အနေနဲ့ လယ်ယာကုန်စည်ထုတ်လုပ်ရေး အပိုင်းမှာ အရင်းအနှီးရစေရန်အတွက် ဆောင်ရွက်ပေးမှုများကတော့ အထူးပြုကုမ္ပဏီများမှာ စိုက်စရိတ်ချေးငွေ၊ သွင်းအားစုနဲ့ လယ်ယာသုံးကိရိယာပံ့ပိုးမှုများ၊ မြန်မာ့လယ်ယာနှင့် ဖွံ့ဖြိုးရေး ဘဏ်မှ ထောက်ပံ့မှုများနဲ့ သမဝါယမအသင်းအဖွဲ့များမှ ပံ့ပိုးမှုများ ပြုလုပ်ပေးနေခြင်းဖြစ်ပါ တယ်။ ကိန်းဂဏန်းများနဲ့ တင်ပြရမယ်ဆိုရင် အထူးပြုကုမ္ပဏီ(၆၀)ဟာ ၂၀၀၉-၂၀၁၀ စိုက်ပျိုး ရာသီမှာ မိုးစပါးနဲ့ ပဲမျိုးစုံအတွက် တောင်သူ(၆၁၄၇၃)ဦးရဲ့ စိုက်ဧက(၆၂၈၅၄၂)အတွက် ပံ့ပိုးငွေကျပ် ၂၉.၃၁၉ ဘီလီယံရှိပါတယ်။ ၂၀၁၀-၂၀၁၁ မှာ တောင်သူ(၁၀၀၉၃၉)ဦးရဲ့ စိုက်ဧက (၈၀၇၀၆၃)အတွက် ပံ့ပိုးငွေကျပ် ၃၅.၉၅၉ ဘီလီယံရှိခဲ့ပြီးတော့ ၂၀၁၁-၂၀၁၂ မိုးစပါး နဲ့ မိုးမပြေစုံ စိုက်ပျိုးချိန်မှာ တောင်သူ(၅၁၇၂၄)ဦးရဲ့ စိုက်ဧက(၃၇၇၅၆၇)အတွက် ပံ့ပိုးငွေ ကျပ် ၁၇.၁၄၃ ဘီလီယံဖြစ်ပါတယ်။ ယခု စိုက်ပျိုးရာသီအတွက်လည်းပဲ ဆက်လက်ပံ့ပိုး နေဆဲ ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဆောင်ရွက်မှုအနေနဲ့ မြန်မာ့ ဖွံ့ဖြိုးရေးဘဏ်အနေနဲ့လည်း ၂၀၁၁-၂၀၁၂ စိုက်ပျိုးရာသီမှာ စပါးတစ်ဧက ကျပ် ၂၀၀၀၀ နှုန်း၊ အခြားသီးနှံတစ်ဧကကျပ် ၁၀၀၀၀ နှုန်း ထုတ်ချေးလျက်ရှိရာမှ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်အရ စပါးတစ်ဧကချေးငွေ ၄၀၀၀၀ ကျပ်အထိ တိုးမြှင့်ထုတ်ချေးရန် ထပ်မံလိုအပ်ငွေ တစ်ဧကကျပ် ၂၀၀၀၀ ကို ၂၀၁၁ ခုနှစ်၊ သဂြုတ်လ ၁၆ ရက်နေ့ကစပြီး ထုတ်ချေးပေးလျက် ရှိကြောင်းနဲ့ အခြားသီးနှံတစ်ဧကကျပ် ၁၀၀၀၀ နှုန်းထုတ်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ သမဝါယမဝန်ကြီးဌာနအနေနဲ့လည်းပဲ

နေပြည်တော်ကောင်စီ၊ ရန်ကုန်၊ စစ်ကိုင်းနဲ့ မန္တလေးတိုင်း ဒေသကြီး၊ ရခိုင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှာ ၂၀၁၁-၂၀၁၂ စိုက်ပျိုးရာသီအတွက် မြို့နယ်(၅၀) မှာရှိတဲ့ လယ်ယာကုန်ထုတ်နဲ့ လက်လုပ်လက်စား ငွေစုငွေချေးအသင်း၊ ၁၃၂၂ သင်းမှ အသင်းသား (၂၂၂၄၃)ဦး၊ စိုက်ဧက(၇၉၈၉၃)အတွက် ကျပ် ၃.၅၇၁ ဘီလီယံကို ပံ့ပိုးပေးခဲ့ပါ တယ်။ ဒါ့အပြင် သမဝါယမဝန်ကြီးဌာနအနေနဲ့ စိုက်ပျိုး ထုတ်လုပ်မှုသမဝါယမအသင်းများကို ပြည်နယ်တိုင်းဒေသကြီး(၁၃)ခု၊ မြို့နယ်(၁၁၉)မြို့နယ်မှာ အသင်း(၅၇၇)သင်းရဲ့ စိုက်ဧက (၂၃၇၀၅၀)အတွက် စိုက်ပျိုးစရိတ်ပံ့ပိုးငွေကျပ် ၄.၄၄၇ ဘီလီယံ ပံ့ပိုးပေးခဲ့ကြောင်း သိရှိရပါ တယ်။ တစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ် Cost of Production ကျဆင်းစေဖို့ ခါတ်မြေသြဇာ ကိုလည်းပဲ အကောက်အခွန်စည်းကြပ်ခြင်း လုံးဝမရှိပါဘူး။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀.၃ သန်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှာ တန်ဖိုးအမေရိကန် ဒေါ်လာ ၁၄.၉၇ သန်း၊ ၂၀၁၁-၂၀၁၂ ယခုနှစ် သြဂုတ်လ (၂၂)ရက်နေ့အထိ တန်ဖိုး အမေရိကန် ဒေါ်လာ ၈.၄၈ သန်း တင်သွင်းခွင့်ပြုခဲ့ပြီးလည်း ဖြစ်ပါတယ်။ အလားတူ လယ်ယာသုံး စက်ကိရိယာ တင်သွင်းမှုမှာလည်း အကောက်ခွန်စည်းကြပ်မှုမပြုဘဲ တင်သွင်းခွင့်ပြုထားပါတယ်။ ပိုလျှံတဲ့ သီးနှံများ ပြည်ပတင်ပို့တဲ့နေရာမှာ အိမ်နီးချင်းနိုင်ငံများနဲ့ ဈေးနှုန်းကွာဟမှု လျှော့ချနိုင် ဖို့အတွက် အရည်အသွေးတိုးတက်မြင့်မားရေး၊ စိုက်ပျိုးထုတ်လုပ်မှုနဲ့ ကိုတ်ခွဲပြုပြင်မှု လုပ်ငန်းများ ပိုမိုခေတ်မီလာရေးနဲ့ တန်းမြင့်ဆန်များ ပြည်ပကို ပိုမိုတင်ပို့နိုင်ရေး၊ Quality မြင့်မားသည့်နှင့် အမျှ End User အထိ ဈေးကွက်ထိုးဖောက်နိုင်ရေး၊ နိုင်ငံတကာဈေးကွက် ရရှိရေး စတာတွေကို ပုံမှန်ဖြစ်စေဖို့အတွက် ကုန်သွယ်စက်မှုအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်းတို့နဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ စပါးပေါ် ချိန်မှာ တောင်သူလယ်သမားများအရှုံးမပေါ်ရအောင်အစိုးရနဲ့လုပ်ငန်းရှင်ကြီးများ ငွေကြေးစိုက်ထုတ်ပြီး တော့ ထုတ်လုပ်မှုစရိတ်နဲ့ သင့်တင့်မျှတကာမိတဲ့ အခြေခံကုန်ဈေးနှုန်း တစ်ခု သတ်မှတ် ဝယ်ယူပြီး တော့ နိုင်ငံတော်ရဲ့အရန်ဆန်အဖြစ် ထားသွားဖို့လည်းပဲ အစီအစဉ်သစ်တစ်ရပ်ကို ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါတယ်။ ပြည်ပပို့ကုန်လုပ်ငန်းကျဆင်းမသွားစေဖို့နဲ့ ဒေါ်လာဈေးကျဆင်းမှုအပေါ် မှာ ထိခိုက်နစ်နာမှုသက်သာစေဖို့ ကုန်သွယ်ခွန်(၈)ရာခိုင်နှုန်းကို လယ်ယာကုန်စည်များဖြစ်တဲ့

ဆန်စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရာသီအလိုက် ရေထွက်ပစ္စည်း၊ သစ်၊ ဝါး၊ ကိုမြဲအချော ထည်ပစ္စည်းနဲ့ CNPများကို (၆)လ ကင်းလွတ်ခွင့် နိုင်ငံတော်မှ ဆောင်ရွက်ပေးထားပြီးလည်း ဖြစ်ပါတယ်။ အထက်ပါဆောင်ရွက်ချက်များဟာ ဆန်စပါးနဲ့ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူလယ်သမားများရဲ့ တွေ့ကြုံနေရသော အခက်အခဲများကို ဖြေရှင်းပေးခဲ့တဲ့ အစီအစဉ်များ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။

တစ်ဆက်တည်းမှာပဲ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး၊ နေပြည်တော်ကောင်စီကနေပြီးတော့ ကျွန်တော်တို့ တစ်ဧကကို ၂၀၀၀၀ ကျပ်နှုန်းနဲ့ ထုတ်ချေး ပြီးတော့ ထပ်လောင်းပြီးတော့ ကျွန်တော် စောစောက တင်ပြသွားတဲ့ ၂၀၀၀၀ ကျပ်နဲ့ ထုတ်ချေးတဲ့ကိစ္စမှာလည်းပဲ ကျွန်တော်တို့ ဒါနေပြည်တော်၊ နယ်တွေမှာလည်း ကျန်မြို့နယ်တွေ မှာလည်း ချေးမယ်လို့ ကျွန်တော်ထင်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ပြောလိုတာကတော့ သီးနှံအထူးပြုကုမ္ပဏီများအနေနဲ့ နေပြည်တော်(၈)မြို့နယ်မှာရှိတဲ့ ကျန်တဲ့ မချေးရသေးတဲ့ နယ်မြေတွေမှာလည်း မချေးရသေးဘူးဆိုရင် ကျွန်တော့်အနေနဲ့ အထူးပြုကုမ္ပဏီများကို ညှိနှိုင်းပြီးတဲ့အခါမှာ လယ်သမားများ အဆင်ပြေအောင် ဆောင်ရွက်ပေးပါမယ်လို့ ကတိပြု ပြောကြားလိုပါတယ်။ အခုလိုဖြေကြားခွင့်ရတဲ့အတွက် ဒုတိယဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော် ကိုယ်စားလှယ်ကြီးများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ (သြဘာသံများ)

**ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးကန် မတိမ်ကောရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ မည်သို့စီမံထားရှိသည်ကို သိလိုပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၁၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီးလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက မေးမြန်း သည့်မေးခွန်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ဖြေကြားမည့်မေးခွန်း ဖြစ်ပါတယ်။ ယခု ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် က ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးကန် မတိမ်ကောရေးနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ မည်သို့ စီမံထားရှိသည်ကို သိလိုပါကြောင်းနှင့် စပ်လျဉ်း သည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၉။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်မှာရှိတဲ့ အင်းတော်ကြီးကန် မတိမ်ကောရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ မည်သို့စီမံထားရှိသည်ကို မေးမြန်းမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မှာရှိတဲ့ အင်းလေးကန်ကို နိုင်ငံတော်ရဲ့အစီအစဉ်နဲ့ စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းခဲ့တဲ့အတွက်ကြောင့် ယခုချိန်မှာ ပြည်တွင်းပြည်ပမှ ခရီးသွားများဟာ အင်းလေးကန်ကို သွားရောက်လည်ပတ်လျက်ရှိပြီးတော့ နိုင်ငံတော်မှလည်း ဝင်ငွေရရှိသလို ဒေသခံပြည်သူများဟာလည်း အလုပ်အကိုင်တွေ ရရှိတဲ့ အတွက်ကြောင့်မို့လို့ မိသားစုစီးပွားရေးများ အဆင်ပြေလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်မှာလည်း အင်းတော်ကြီးကန်ဆိုတာ ရှိပါတယ်။ အင်းတော်ကြီးကန်ဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အကြီးဆုံးကန် ဖြစ်ပါတယ်။ ကန်ရဲ့အနံဟာ (၇) မိုင်ရှိပြီးတော့ အလျားဟာ (၁၄)မိုင် ရှိပါတယ်။ အကျယ်ဟာ ဧရိယာ (၂၀၁၃၈၉)ဧကရှိပါတယ်။ အဲဒီအင်းတော်ကြီးကန်မှာ ရေပျော်ငှက်မျိုးစုံကလည်း ဆယ့်နှစ်ရာသီ ကျက်စားလျက်ရှိပါတယ်။ ကျွန်တော်တို့ အင်းလေးကန်မှာ ဖောင်တော်ဦးဘုရား ရှိသလို အင်းတော်ကြီးကန်မှာလည်း သမိုင်းဝင်တန်ခိုးကြီး ရွှေမဉ္ဇူဘုရား ရှိပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်ရဲ့ နယ်မြေလုံခြုံရေးကန့်သတ်ချက်ကြောင့် အင်းတော်ကြီးကန်ကို ပြုပြင် ထိန်းသိမ်းမှုများဟာ အားနည်းခဲ့တာကိုတွေ့ရပါတယ်။ အဲဒီလို အားနည်းတဲ့အတွက်ကြောင့်မို့လို့ ရေရှည်မှာ ကန်ရေလျော့နည်းချက်နဲ့ အခြားကန်ပြုပြင်ယိုယွင်းပျက်စီးမှုများလည်း ရှိနိုင်တာကို တွေ့ရပါတယ်။ ယခုအချိန်မှာ ကျွန်တော်တို့ အင်းတော်ကြီးဒေသမှာ နယ်မြေလုံခြုံရေးကလည်း အပြည့်အဝ တည်ငြိမ်အေးချမ်းမှုရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အင်းလေးကန် လိုပဲ ကျွန်တော်တို့ အင်းတော်ကြီးကန်ကို ကန်ရေထိန်းစနစ်တွေပြုပြင်ခြင်း၊ အလှအပရှုခင်းများ ပြုပြင်ခြင်းနဲ့ ပြည်တွင်းပြည်ပမှ ခရီးသွားများ သွားလာအပန်းဖြေခြစ်ဖို့အတွက် ဟိုတယ်၊ မိုတယ်များ ပြုပြင်ဆောက်လုပ်ခြင်းနဲ့ အခြားသဘာဝပတ်ဝန်းကျင် မပျက်စီးရအောင် နိုင်ငံတော် အစိုးရအနေနဲ့ မည်သို့စီမံထားရှိကြောင်းကို သိရှိလိုပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပြီပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၂၃။**

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ဖြစ်ပြီပါတယ်။ မင်္ဂလာကျက်သရေ အပေါင်းနဲ့ ပြည့်စုံနိုင်ကပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် ၏ မိုးညှင်းမြို့နယ်အတွင်းရှိ အင်းတော်ကြီးကြန် မတိမ်ကောရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးလုပ်ငန်းများ မည်သို့စီမံထားရှိသည်ကို သိရှိလိုခြင်းအပေါ်မှာ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပြီပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ရဲ့ သစ်တောဆိုင်ရာ မူဝါဒအရ နိုင်ငံတော်ဧရိယာရဲ့ (၁၀)ရာခိုင်နှုန်းကို တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် အမျိုးသားဥယျာဉ် အစရှိတဲ့ သဘာဝ နယ်မြေများအဖြစ် ဖွဲ့စည်းလျက်ရှိပါတယ်။ ယနေ့အထိ သဘာဝနယ်မြေ(၃၆)ခု၊ စတုရန်းမိုင် (၁၄၀၀၀)ကျော် နိုင်ငံတော်ဧရိယာရဲ့ (၅.၆)ရာခိုင်နှုန်းကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပြီပါတယ်။ အဲဒီထဲမှာ မိုးညှင်းမြို့နယ်မှာရှိတဲ့ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောလည်း တစ်ခု အပါအဝင် ဖြစ်ပြီပါတယ်။ အင်းတော်ကြီးကြန်ဟာ မြန်မာနိုင်ငံတော်ရဲ့ အကြီးဆုံး ကုန်းတွင်းရေအိုင်ကြီး ဖြစ်ပြီးတော့ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ(၅၄၆)ပေမှာ တည်ရှိပါတယ်။ တောင်မြောက် (၁၄)မိုင်၊ အရှေ့အနောက် (၇)မိုင်ရှိပြီးတော့ စတုရန်းမိုင်(၁၀၀)ကျော် ကျယ်ဝန်းပါတယ်။ အင်းတော်ကြီးကြန်အတွင်းမှာ ရှားပါးတိရစ္ဆာန်များနှင့် အပင်မျိုးစိတ်များ အများအပြား တွေ့ရှိ ရပါတယ်။ ဒီအပြင် မြောက်ဝင်ရိုးစွန်းဒေသက ဆောင်းခိုငှက်များဟာလည်း လာရောက် ကျက်စားကတြဲအတွက်ကြောင့် ငှက်မျိုးစိတ်များအတွက်လည်း အရေးကြီးတဲ့ နေရင်းဒေသ တစ်ခုဖြစ်ပြီပါတယ်။ ပြည်တွင်း၊ ပြည်ပငှက်ပညာရှင်များ

အာရုံစူးစိုက်လေ့လာမှုပြုရတဲ့ ဒေသတစ်ခု ဖြစ်လို့ နိုင်ငံတကာအသိအမှတ်ပြု Important Bird Area (IBA) တစ်ခုလည်း ဖြစ်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝပြီးတော့ သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းများ ရှိနေသေးတဲ့ အတွက်ကြောင့်မို့လို့ ရှားပါးငှက်မျိုးစိတ်များနဲ့ အခြားတောရိုင်းတိရစ္ဆာန်များ နေထိုင်ကျက်စား နေကြဆဲပဲ ဖြစ်ပါတယ်။ အင်းတော်ကြီးကြာန် ပတ်ဝန်းကျင်မှာ အမဲစိမ်းတောများရှိပြီးတော့ တောဆင်ရိုင်းများ၊ စိုင်၊ ပြောင် စသည့် နို့တိုက်သတ္တဝါများ ရှားပါးလှတဲ့ မျောက်လွှဲကျော် မျိုးစိတ်များနဲ့ Forest Bird လို့ခေါ်တဲ့ သစ်တောငှက်များလည်း ယနေ့ထိ နေထိုင်ကျက်စား လျက်ရှိပါတယ်။ အင်းတော်ကြီးကြာန် အနီးတစ်ဝိုက်မှာ ကျေးရွာအုပ်စု(၁၁)ခု၊ ကျေးရွာပေါင်း (၃၆)ရွာရှိပြီးတော့ အဲဒီထဲကကျေးရွာ (၁၃)ရွာကတော့ဖြင့် ကန်ပတ်လည်မှာ တည်ရှိပါတယ်။ ကန်ရဲ့အလယ်မှာတည်ရှိတဲ့ ရွှေမဉ္ဇူစေတီဟာလည်း သမိုင်းဝင်ဖြစ်ပြီးတော့ အနယ်နယ် အရပ်ရပ်က ဘုရားဖူးများလာရောက် ဖူးမြော်ကြတာကိုလည်း တွေ့ရပါတယ်။ အင်းတော်ကြီးကြာန်ဒေသဟာ သဘာဝသယံဇာတများနဲ့ ဇီဝမျိုးစုံ မျိုးကွဲများ ကြွယ်ဝပါတယ်။ တိုင်းရင်းသားလူမျိုးစုများရဲ့ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်း အစဉ်အလာများကိုလည်း တွေ့ရှိနိုင်ပါတယ်။ ဒါ့အပြင် သမိုင်းဝင် ဘာသာရေးဆိုင်ရာ အဆောက်အဦများတည်ရှိပြီးတော့ ဧရာဝတီမြစ်ကြီးအတွက်လည်း ရေဝေရေလဲဒေသကြီးတာစ်ခုဖြစ်လို့ ထာဝစဉ်တည်တံ့စေဖို့အတွက် စဉ်ဆက်မပြတ် ကာကွယ် ထိန်းသိမ်းလျက်ရှိပါတယ်။ ရေပြင်ဧရိယာ (၆၄၀၀၃)ဧကနဲ့ ပတ်လည်ရှိ သစ်တောကြိုးဝိုင်း(၅)ခု ဧရိယာအားဖြင့် (၁၃၇၃၈၆)ဧကကိုပါ ထည့်သွင်းလျက် စုစုပေါင်းဧရိယာ (၂၀၁၃၈၉)ဧကကို အင်းတော်ကြီး ၊တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ၂၀၀၄ ခုနှစ်၊ သဂြုတ်လ ၉ ရက်နေ့မှာ သစ်တောရေးရာ ဝန်ကြီးဌာနရဲ့ အမိန်ကြော်ငြာစာအမှတ် ၃၉/၂၀၀၄နဲ့ သတ်မှတ်ကြေညာခဲ့ ပါတယ်။ ဒီအပြင် ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့မှာလည်း အင်းတော်ကြီးကြာန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park) တစ်ခုအဖြစ်သတ်မှတ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ အင်းတော်ကြီးကြာန်ထိန်းသိမ်းနိုင်ဖို့ အုပ်ချုပ်ရေးမှူး ရုံးကိုလည်း ၁၉၉၉ ခုနှစ်မှာ ထိုနေရာတွင် ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာပဲ ပြဋ္ဌာန်းထားတဲ့ တောရိုင်း တိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ထိန်းသိမ်းရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကို ကျင့်သုံးပြီးတော့ အင်းတော်ကြီးကြာန်ကို ထိန်းသိမ်းကာကွယ်ထားပါတယ်။ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

ဝန်ထမ်းများအပြင် မြို့နယ်အလိုက် သစ်တောဦးစီး ဌာနမှ ဝန်ထမ်းများလည်းပူးပေါင်းပြီးတော့ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ အင်းတော်ကြီး ကန်ရဲ့ ကုန်းတွင်းရေတိမ်ဂေဟစနစ်များကို ထိန်းသိမ်းနိုင်ဖို့အတွက် ဆောင်းခိုငှက်များနဲ့ ရှားပါး တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းကာကွယ်ဖို့၊ ဧရာဝတီမြစ်ကြီးရဲ့ ရေဝေရေလဲဒေသများကို ထိန်းသိမ်းကာကွယ်ဖို့အတွက်ကို အမျိုးသားသစ်တောကဏ္ဍ နှစ်(၃၀)ပင်မစီမံကိန်း သစ်တော အုပ်ချုပ်လုပ်ကိုင်မှု(၁၀)နှစ်စီမံကိန်း၊ နှစ်စဉ်စီမံကိန်းများ ရေးဆွဲပြီးတော့ ဆောင်ရွက်လျက် ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ အစိုးရဌာနများ၊ တက္ကသိုလ်ကောလိပ်များ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ကျွမ်းကျင်ပညာရှင်များ၊ ဒေသခံပြည်သူလူထု လည်း ပါဝင်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုအင်းတော်ကြီးကန်ရဲ့ ရေရှည်တည်တံ့မှု ကို အလေးထားဆောင်ရွက်ပေမယ့် စီးပွားရေးသမားများနှင့် လူနည်းစုအချို့က အင်းတော်ကြီး ကန်အတွင်း တရားမဝင်သစ်များ ခိုးခုတ်ခြင်း၊ တောင်ယာခုတ်ပြီး လယ်မြေ ယာမြေများ ကျူးကျော်ခြင်း၊ ရွှေနှင့်ဓာတ်သတ္တုများ တူးဖော်ခြင်းတို့ကို စည်းမဲ့ကမ်းမဲ့လုပ်ကိုင်ကတြွဲအတွက် ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဇွန်လ အထိ အင်ဂျင်စက်(၅၄)လုံး၊ မော်တော်ဆိုင်ကယ်(၂)စီး၊ စက်လွှများ၊ သစ်လုံးသစ်ခွဲသားများကို ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ရတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။

အင်းတော်ကြီးကန်အတွင်း တရားမဝင်လုပ်ကိုင်မှုများကို တရားဥပဒေအရ အရေးယူ ဆောင်ရွက်မှုပြုနေသော်လည်းပဲ ဒေသအတွင်း နယ်မြေလုံခြုံရေး ကန့်သတ်ချက်များ စတင် ဖြစ်ပေါ်လာတဲ့ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လမှစပြီးတော့ ဘေးမဲ့တောဝန်ထမ်းများနှင့် တာဝန်ရှိ ဝန်ထမ်းများ နယ်မြေလှည့်လည်စစ်ဆေးရာမှာ တရားမဝင်ရွှေတူးဖော်ခြင်း၊ သစ်ခိုးထုတ်ခြင်းနှင့် မြေကျူးကျော်သူများမှ အဖွဲ့အစည်းများရဲ့ အရှိန်ကိုယူပြီးတော့ မထီမဲ့မြင်ဆက်ဆံခြင်း၊ ရိုင်းပြခြင်း၊ ရန်မူလာသည့်အထိ ဥပဒေမဲ့ဆောင်ရွက်နေခြင်းများကို ကြုံတွေ့ရပါတယ်။ ဒီလို တရားမဝင် လုပ်ကိုင် ဆောင်ရွက်နေမှုများကြောင့် နောက်ဆက်တွဲ ဆိုးကျိုးများအနေနဲ့ အင်းတော်ကြီးကန်၏ ရေဝေရေလဲသစ်တောများပြုန်းတီးခြင်း၊ မြေဆီလွှာတိုက်စားပြီး သဲနုန်းပို့ချမှုများပြားကာ ကန်ရေ တိမ်ကောလာစေခြင်း၊ ရေအရည်အသွေး လျော့ကျပြီးတော့ ရေကောင်းရေသန့် မရရှိနိုင်ခြင်းနှင့် ကန်အတွင်းရှိ ရေနေသတ္တဝါများအပါအဝင် ဇီဝမျိုးကွဲများ ပျက်စီးဆုံးရှုံးမှုများနဲ့ သဘာဝ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်လာနိုင်ပါတယ်။

ဒီလိုဖြစ်လာရင် အကျိုးဆက်တွေအနေနဲ့ လက်ရှိ ကျွန်တော်တို့သာမကပဲနဲ့ သားစဉ်မြေးဆက် ကကြုံတွေ့ခံစားသွားကရမှာ ဖြစ်ပါတယ်။ ဒီလိုဖြစ်စဉ်တွေဟာ ပတ်ဝန်းကျင်နဲ့ ရေမြေတောတောင်သဘာဝကို ထိန်းသိမ်းကာကွယ်တဲ့ အခါမှာ နိုင်ငံတကာမှာကြုံတွေ့ရစမြဲပြ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာနအနေနဲ့ ဒီလိုဖြစ်စဉ်တွေကို တားဆီးကာကွယ်နိုင်ဖို့အတွက်ကို ဥပဒေနဲ့အညီ ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံများနဲ့ ပူးပေါင်းပြီးတော့ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနဲ့ အမျိုးသားဥယျာဉ်များကို ထိန်းသိမ်း ကာကွယ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းတို့ကို စီမံခန့်ခွဲသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မိတ်ဖက်နိုင်ငံတကာ အဖွဲ့အစည်းများနဲ့လည်း နည်းပညာအတွေ့အကြုံများ အပြန်အလှန် ဖလှယ်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အင်းတော်ကြီးကန်ကို အာဆီယံဇီဝမျိုးစုံ မျိုးကွဲ ထိန်းသိမ်းရေးဗဟိုဌာန ASEAN Centre for Bio Diversity နဲ့ နည်းပညာရန်ပုံငွေများ ရယူပြီးတော့ ပြည်သူလူထုရဲ့ပူးပေါင်းဆောင်ရွက်မှုနဲ့ အစီအမံများ ချမှတ်ထိန်းသိမ်းခဲ့ပါတယ်။ ဆက်လက်ပြီး အာဆီယံဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဗဟိုဌာနရဲ့ပံ့ပိုးမှုနဲ့ပဲ အင်းတော်ကြီးကန်ကို ရေရှည်တည်တံ့ စေပြီး ဒေသခံပြည်သူတွေရဲ့ စားဝတ်နေရေးကို အထောက်အကူပြုမယ့် အစိမ်းရောင်စီးပွားရေး လုပ်ငန်း(Green Economy)ကို ဖော်ဆောင်မယ့် နှစ်နှစ်စီမံကိန်း တစ်ခုကိုလည်း မကြာမီ အကောင်အထည်ဖော်သွားရန် အစီအစဉ်ရှိပါကြောင်း အသိပေးတင်ပြ လိုပါ တယ်။

ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ထောင်စုနှစ် ရည်မှန်းချက်တစ်ခုဖြစ်တဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်တစ်ရပ်လည်းဖြစ်၊ အစိမ်းရောင်စီးပွားရေးလုပ်ငန်းလည်းဖြစ်တဲ့ သဘာဝ အခြေခံခရီးသွားလုပ်ငန်းကို အင်းတော်ကြီးကန်ဒေသမှာ တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ပြီး သဘာဝ ပတ်ဝန်းကျင်အခြေအနေကောင်းများကိုလည်း ဆက်လက်ထိန်းသိမ်းသွားနိုင်မှာဖြစ်တဲ့အတွက် ကြောင့်မို့လို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အစိုးရ အနေနဲ့ ဟန်ချက်ညီညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြ အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့၌ စံချိန်စံညွှန်းမီ ဘောလုံးကွင်းတစ်ကွင်းနှင့် မိုးလုံလေလုံ အားကစားခန်းမ အဆောက်အဦတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၃၂။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်း သည့်မေးခွန်းသည် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားမည့်မေးခွန်း ဖြစ်ပါ တယ်။ ယခု ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးထွန်းကျော်က ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့၌ စံချိန်စံညွှန်းမီဘောလုံးကွင်းတစ်ကွင်းနှင့် မိုးလုံလေလုံအားကစားခန်းမ အဆောက် အဦတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၂။**

**ဦးထွန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအစိုးရဝန်ကြီးများ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီးများအား လေးစားစွာဂါရဝပြုပါကြောင်း ဦးစွာပထမ ပြောကြား အပ်ပါတယ်။ ကျွန်တော်ဟာ ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်-မန်တုန်မြို့များရဲ့ ကိုယ်စားပြု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းကျော် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့၌ စံချိန်စံညွှန်းမီ ဘောလုံးကွင်းတစ်ကွင်းနှင့် မိုးလုံလေလုံ အားကစားခန်းမ အဆောက်အဦတစ်ခု တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းကို စာဖြင့် ဖတ်ကြားခွင့် ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးထွန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ နမ့်ဆန်မြို့ဟာ ရေမြေ တောတောင်သဘာဝအခြေအနေအရ တောင်ထိပ်တောင်ကြားမှာ တည်ဆောက်ထားခြင်းဖြစ်တဲ့ အတွက် ပတ်ပတ်လည်မှာ တောင်ထိပ်တွေ၊ ချောက်ကမ်းပါးတွေ ဝိုင်းရံထားလျက်ရှိပါတယ်။

ပင်လယ်ရေမျက်နှာပြင်အထက် (၅၃၃၂)ပေမြင့်ပါတယ်။ မြို့ပေါ်နှင့်မြို့အနီးတစ်ဝိုက်ရှိ ကျေးရွာအုပ်စုများပါဆိုရင် လူဦးရေနှစ်သောင်းကျော် နေထိုင်လျက်ရှိပါတယ်။ အထက်တန်းကျောင်း(၁) ကျောင်း၊ အလယ်တန်းကျောင်း(၄)ကျောင်းနှင့် မူလတန်းကျောင်း(၁၈)ကျောင်းရှိပြီး ကျောင်းသူ/သား ဦးရေ(၂၇၇၀)ဦးခန့် ရှိပါတယ်။ သို့သော် စံချိန်စံညွှန်းမီ ဘောလုံးကွင်းနှင့် မိုးလုံလေလုံ အားကစားခန်းမ အဆောက်အဦမရှိသေးပါ။ လူငယ်လူရွယ်များ၊ ကျောင်းသူကျောင်းသားများ အားလပ်တဲ့အချိန်မှာ အားကစားကို စနစ်တကျစုပေါင်းကစားခြင်းမပြုနိုင်ဘဲ အခြားမလိုလား အပ်တဲ့ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ဘောလုံးပွဲလောင်းခြင်း၊ အခြားလောင်းကစားများပြုလုပ်ခြင်း စသည့် ဒုစရိုက်လုပ်ငန်းများဘက်သို့ ဦးတည်သွားတာတွေ့ရှိရပါတယ်။ အကျင့်စာရိတ္တပျက်ပြား လာကပါတယ်။

မေပြန်မြို့မှာဆိုရင် ဘောလုံးကွင်းတစ်ကွင်းတည်ဆောက်ဖို့ မခဲယဉ်းသော်လည်း မိမိတို့တောင်ပေါ်ဒေသမှာ အလွန်ပဲတန်ဖိုးကြီးပြီး ခက်ခက်ခဲခဲပြုလုပ်နိုင်မှရရှိနိုင်မှာ ဖြစ်ပါတယ်။ တောင်တွေဖြိုပြီး တစ်ဖက်မှာချောက်ကမ်းပါးတွေကိုဖို့ဘို့ လိုအပ်မှာဖြစ်တဲ့အတွက် စက်ယန္တရားကြီး များ လိုအပ်မှာဖြစ်ပါတယ်။အလားတူမိုးလုံလေလုံအားကစားခန်းမအဆောက်အဦ တည်ဆောက်ဖို့လည်း သစ်မာတွေ၊ အုတ်၊ ထုံး၊ သဲ အလွန်ပဲ ရှားပါးပါတယ်။ ဒေသထွက် သစ်တွေဟာ သဘာဝရာသီဥတုဒဏ်ကို တာရှည်မခံနိုင်ပါ။ နမ့်ဆန်မြို့ဟာ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ရဲ့ ရုံးစိုက်ရာမြို့လည်း ဖြစ်ပါတယ်။ ယခုလို မိုးရာသီမှာဆိုရင် တစ်လကိုးသီတင်း မိုးစွေပြီး ရွာလေ့ရှာထ ရှိတတ်ပါတယ်။ ဆောင်းတွင်းကာလကျပြန်တော့လည်း ရေခဲလုမတတ် အေးချမ်းလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လူငယ်လူရွယ်များ၊ ကျောင်းသူကျောင်းသားများ၏ ကျန်းမာသန်စွမ်းမှုကိုလည်းကောင်း၊ ပေါင်းသင်းဆက်ဆံရေးကိုလည်းကောင်း၊ စုပေါင်းဦးဆောင်မှု၊ စုပေါင်းလုပ်ဆောင်မှု၊ စုပေါင်းတာဝန်ယူမှုကိုလည်းကောင်း စသည့်အစဉ်အလာကောင်းများကို ရရှိစေရန် စံချိန်စံညွှန်းမီ ဘောလုံးကွင်းတစ်ကွင်းနှင့် မိုးလုံလေလုံအားကစားခန်းမ အဆောက်အဦ တစ်ခု ပြည်ထောင်စုအစိုးရမှ တည်ဆောက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ။ ရှိမည်ဆိုပါကလည်း ဘယ်ခုနှစ်မှာ စတင်တည်ဆောက်ပေးနိုင်မယ်ဆိုတာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းနှင့်ပတ်သက်ပြီး အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၃၇။**

**ဦးတင့်ဆန်း(ပြည်ထောင်စုဝန်ကြီး၊ အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး နဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကပါစေလို့ ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကျော် မှ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် လူငယ်လူရွယ်များ ကျောင်းသူကျောင်းသားများ၏ ကျန်းမာသန်စွမ်းမှုကိုလည်းကောင်း၊ ပေါင်းသင်းဆက်ဆံရေးကိုလည်းကောင်း၊ စုပေါင်းဦးဆောင်မှု၊ စုပေါင်းလုပ်ဆောင်မှု၊ စုပေါင်းတာဝန်ယူမှုကိုလည်းကောင်း ရရှိစေရန် စံချိန်စံညွှန်းမီ ဘောလုံးကွင်းတစ်ကွင်းနှင့် မိုးလုံလေလုံ အားကစားခန်းမ အဆောက်အဦတစ်ခု ပြည်ထောင်စုအစိုးရမှ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ။ ရှိပါက ဘယ်နှစ်ခုနှစ်အပြီး တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ ကယ်ပွင့်ပြမေးခွန်းအား တင်သွင်းလာခြင်းနှင့် ပတ်သက်ပြီး ကျွန်တော် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း မှ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် လိုအပ်သော တည်ဆောက်ပြီး အားကစားကွင်း၊ အားကစားခန်းမများရေရှည်တည်တံ့အသုံးပြုနိုင်အောင် ပြုပြင်ထိန်းသိမ်းလျက်ရှိသည့်အပြင် အားကစားကွင်း၊ အားကစားခန်းမ မရှိသေးသောခရိုင်၊ မြို့နယ်များတွင် အားကစားကွင်း၊ အားကစားခန်းမအသစ်များ ဆောက်လုပ်ပေးလျက်ရှိပါတယ်။ အားကစားဝန်ကြီးဌာနအနေဖြင့် အားကစားကွင်း၊ အားကစားခန်းမအသစ်များ ဦးစားပေးအစီအစဉ်အရ ဆောက်လုပ်ပေးခဲ့ရာ ယခုအခါ တစ်ပြည်လုံးတွင် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း (၃၀၈)ကွင်း၊ ပြေးလမ်းမပါ ဘောလုံးကွင်း (၁၅၁)ကွင်းနှင့် မိုးလုံလေလုံ အားကစားခန်းမ(၁၃၂)ခု တည်ဆောက်ခဲ့ပြီး ဖြစ်ပါတယ်။

ထိုသို့ ဘောလုံးကွင်းအသစ်များ၊ အားကစားခန်းမအသစ်များ တည်ဆောက်ရာတွင် ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့တော်များ၊ ခရိုင်မြို့များနှင့် အားကစားအစဉ်အလာရှိသော အားကစားလှုပ်ရှားမှုများသော မြို့နယ်များတွင် အားကစားကွင်း၊ အားကစားခန်းမ တည်ဆောက်

ရန် မြေနေရာရရှိမှုအပေါ် ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ကျန်မြို့နယ်များကိုလည်း ဆက်လက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ သို့ပါ၍ အားကစားဝန်ကြီးဌာနအနေဖြင့် မြို့နယ်တိုင်းတွင် မီတာ(၄၀၀)ပေးပြေးလမ်းပါ စံချိန်မီ ဘောလုံးကွင်းရှိရန် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းကျော် တင်ပြထားသည့် နမ့်ဆန်မြို့တွင် မီတာ (၄၀၀)ပေးပြေးလမ်းပါ စံချိန်မီဘောလုံးကွင်း တစ်ကွင်းနှင့် အားကစားခန်းမ တည်ဆောက်ခြင်းအား ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သဘောသံများ)

## အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင်က ပြည်သူ့ငွေစာရင်း ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၃း၄၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ဦးသိန်းဝင်းက ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၀။**

**ဦးသိန်းဝင်း(အဖွဲ့ဝင်၊ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဝင်း ဖြစ်ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ ၄.၃.၂၀၁၁ ရက်နေ့မှ ၂၁.၈.၂၀၁၁ ရက်နေ့အထိ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းများနှင့် ဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်မှ မှတ်တမ်းတင်ပေးနိုင်ရန်အလို့ငှာ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ အမျိုးသား လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာ။ နိဒါန်း။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ

၁၄၇(က)အရလည်းကောင်း၊ အမျိုးသားလွှတ်တော်ဥပဒေပုဒ်မ ၂၁ အရလည်းကောင်း၊ အမျိုးသား လွှတ်တော်သည် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီကို ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန် အစည်းအဝေး တတိယနေ့ ၃.၃.၂၀၁၁ နေ့တွင် ကော်မတီဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။ ဖွဲ့စည်း သတ်မှတ်ပေးသည့် ကော်မတီ၏တာဝန်များနှင့် လွှတ်တော်မှ အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ကော်မတီသည် ဆောင်ရွက်ခဲ့ပါသည်။ ၄.၃.၂၀၁၁ နေ့မှ ၂၁.၈.၂၀၁၁ နေ့အထိ ကော်မတီ၏ဆောင်ရွက်ချက်များကို တင်ပြအစီရင်ခံအပ်ပါသည်။ ဆွေးနွေးပွဲများ တက်ရောက်မှု။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီသည် အမျိုးသားလွှတ်တော်ရုံးခန်းတွင် ပြည်သူ့ငွေစာရင်းကော်မတီတာဝန်များကိုဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့်စာရင်း စစ်ဆေးခြင်း နည်းစနစ်များ၊ လိုက်နာကျင့်သုံးလျက်ရှိသော စစ်ဆေးရေးလက်စွဲများ၊ ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲရေးစနစ်များ စသည်တို့နှင့်ပတ်သက်၍ ၁၄.၃.၂၀၁၁ နေ့မှ ၂၅.၃.၂၀၁၁ နေ့အထိ ကော်မတီတွင်း ဆွေးနွေးပွဲများ (၁၀)ကြိမ်ဆောင်ရွက်ခဲ့ပါသည်။ တာဝန်ပေးချက်များ ဆောင်ရွက်ခြင်း။ ၂၅.၃.၂၀၁၁ နေ့မှ ၂၄.၆.၂၀၁၁ နေ့အထိ ရုံးအမှတ်(၂၀) လွှတ်တော် ရုံးခန်းမတွင်ပြုလုပ်သော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီဝင်များ၊ ပြည်နယ်/တိုင်းဒေသကြီးများမှ လွှတ်တော်ဥက္ကဋ္ဌများ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် လက်ရှိကျင့်သုံးနေသော ဥပဒေများမှ ရုပ်သိမ်းရန်ဥပဒေများ၊ ဆက်လက် ကျင့်သုံးနိုင်သော ဥပဒေများ၊ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် လိုအပ်သော ဥပဒေများအား လေ့လာစိစစ်တင်ပြရန် လမ်းညွှန်မှုအရ ကော်မတီသည် စီးပွားရေးအဖွဲ့အစည်း ဝန်ကြီးဌာန (၁၇)ခုတို့၏ လိုက်နာကျင့်သုံးလျက်ရှိသော ဥပဒေများအား လေ့လာဆန်းစစ်တင်ပြရန် တာဝန် ပေးအပ်ခြင်းခံခဲ့ရပါတယ်။ တာဝန်ပေးအပ်ချက်များအရ စီးပွားရေးအဖွဲ့အစည်း ဝန်ကြီးဌာန (၁၇)ဌာနတို့တွင် လက်ရှိကျင့်သုံးလျက်ရှိသော ဥပဒေပေါင်း (၁၁၃)ခုအား လေ့လာဆန်းစစ် ခဲ့ရာ အောက်ပါအတိုင်း တွေ့ရှိခဲ့ပါသည်။

ပယ်ဖျက်ရန် ဥပဒေပေါင်း(၁၃)ခု၊ ပြင်ဆင်ဖြည့်စွက်ရန် ဥပဒေပေါင်း(၃၈)ခု၊ ဆက်လက်ကျင့်သုံးသင့်သော ဥပဒေပေါင်း(၆၀)ခု၊ တိုင်းဒေသကြီးသို့လွှဲရန် ဥပဒေပေါင်း(၂)ခု စုစုပေါင်း(၁၁၃)ခု ဖြစ်ပါတယ်။ ဖော်ပြပါ လေ့လာဆန်းစစ်ချက်များအရ တွေ့ရှိချက်များအား

၂၀-၆-၂၀၁၁ နေ့ လွှတ်တော်လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲတွင် တင်ပြဆွေးနွေးခဲ့ပါသည်။ တည်ဆဲဥပဒေများအား လေ့လာဆန်းစစ်ရာတွင် ကော်မတီဝင်များမှ ဝန်ကြီးဌာနများသို့ အဖွဲ့ခွဲ၍ သွားရောက်ဆွေးနွေးပြီး ရရှိလာသောရလဒ်များကို လေ့လာဆန်းစစ်ချက်များအဖြစ် ဆွေးနွေးပွဲတွင် တင်ပြခြင်းပါသည်။ ဆွေးနွေးပွဲများတက်ရောက်ခြင်း။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီသည် ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ ရေးရာအဆောင်အမှတ်(၃)တွင် ၁၆.၈.၂၀၁၁ နေ့တွင် ပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အရအသုံးဆိုင်ရာဥပဒေ ရသုံးမှန်းခြေခွဲဝေချထားမှုငွေများ ရှင်းလင်းဆွေးနွေးပွဲသို့လည်းကောင်း၊ ၁၇.၈.၂၀၁၁ နေ့ စာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးအစီရင်ခံခြင်းဆိုင်ရာဆွေးနွေးပွဲသို့လည်းကောင်း တက်ရောက်ခဲ့ပါသည်။ ဥက္ကဋ္ဌအပါအဝင် ကော်မတီဝင်(၅)ဦးသည် ၁၉.၈.၂၀၁၁ နေ့မှ ၂၁.၈.၂၀၁၁ ရက်နေ့အထိ ကျင်းပသော နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက် ခဲ့ပါသည်။ လေ့လာတွေ့ရှိချက်များ။ ပြည်သူ့ငွေစာရင်းကော်မတီသည် ၂၀၁၁-၂၀၁၂ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အရအသုံးဆိုင်ရာ ဥပဒေအရ နိုင်ငံတော်အရအသုံး ခန့်မှန်းခြေငွေစာရင်းကို လေ့လာစိစစ်ခဲ့ပါသည်။ လေ့လာစိစစ်ချက်များအရ အောက်ပါအတိုင်း တွေ့ရှိရပါသည်။ အသေးစိတ်အား နောက်ဆက်တွဲ(က)ဖြင့် တင်ပြထားပါသည်။ လေ့လာစိစစ်တဲ့ အခါမှာ ကျွန်တော်တို့ အသားတင်လိုငွေကျပ် ၂၂၀၁.၄၅ ဘီလီယံ ဖြစ်ပါတယ်။ အဲဒီလို လိုငွေ ပေါ်ပေါက်မှုရဲ့ အသေးစိတ်ကို ကြည့်မယ်ဆိုလို့ရှိရင် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအဆင့်မှ ကျပ် ၂၀၃၁.၈၅၁ ဘီလီယံဖြစ်ပြီးတော့ ပြည်နယ်/တိုင်းဒေသကြီးများမှာ ၁၇၀.၄၉၃ ဘီလီယံ ဖြစ်ပါတယ်။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များမှာတော့ ၀.၁၃ ဘီလီယံ ဖြစ်ပါတယ်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီကတော့ ၁.၀၂၅ ဘီလီယံ ဖြစ်ပါတယ်။ အဲဒါကြောင့် လိုငွေစုစုပေါင်းဟာ ၂၂၀၁.၄၅ ဘီလီယံ ဖြစ်ပါတယ်။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ရသုံးမှန်းခြေငြိစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နဲ့ ဆွေးနွေးချက်များအရ အောက်ပါအချက်များကို သိရှိရပါသည်။ (က)လိုငွေပေါ်ပေါက်မှုသည် (၅)နှစ်ဆက်တိုက် ပေါ်ပေါက်ခဲ့ပါသည်။ (ခ)လိုငွေကို ငွေတိုက်အာမခံစာချုပ်များဖြင့် ဖြည့်ဆည်းပါသည်။ (ဂ) ရသုံးမှန်းခြေငွေစာရင်းများတွင် နိုင်ငံခြားငွေဖြင့် ရငွေသုံးငွေများပါဝင်သော်လည်း နိုင်ငံခြားရငွေသုံးငွေ ဘတ်ဂျက်စာရင်း

(Foreign Exchange Budget) ရေးဆွဲခြင်းမရှိပါ။ သီးခြားရေးဆွဲထားရမည့်အပြင် (၃)လ တစ်ကြိမ်၊ နိုင်ငံခြားသုံးငွေခွင့်ပြုချက် (Foreign Exchange Permit) တောင်းခံသုံးစွဲမှု အခြေအနေကိုဖော်ပြလျက် စာရင်းပိတ်လက်ကျန်အပေါ် ရသုံးစာရင်းတွင် သတ်မှတ်ငွေလဲလှယ်နှုန်းဖြင့် ညှိနှိုင်းရေးဆွဲဖော်ပြမှုမရှိပါ။ အရငွေကိုလည်းကောင်း၊ အသုံးငွေကိုလည်းကောင်း သတ်မှတ်ငွေလဲလှယ်နှုန်း(ဗဟိုဘဏ်သတ်မှတ်နှုန်း)ဖြင့် စာရင်းတင်ထားကြောင်း သိရှိရပါသည်။ စာရင်းစစ်ချုပ်အစီရင်ခံစာများကို စိစစ်ရန် ကော်မတီအားပေးအပ်ထားသော တာဝန်များနှင့် အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာများကို ပေးပို့လာခြင်းမရှိသဖြင့် စိစစ်နိုင်ခြင်း မရှိသေးပါ။ စာရင်းစစ်ချုပ်ရုံးနှင့် ဆွေးနွေးချက် ၁၇-၈-၂၀၁၁ နေ့ ဆွေးနွေးပွဲအရ မိတ္တူပေးပို့မည် ဟု သိရှိရပါသည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာများအပေါ် စိစစ်ရာတွင် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီနှင့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီတို့သည် ဝန်ကြီးဌာနနှင့် စစ်ဆေးချက်အစီရင်ခံစာတစ်ခုတည်းကို ကော်မတီနှစ်ရပ်မှ တစ်ပြိုင်တည်းစိစစ်နေလျှင် သင့်လျော်မှုမရှိပါသဖြင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းခွဲခြား သတ်မှတ်တာဝန်ပေးရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ နိဂုံး။ အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီသည် ပေးအပ်ထားသောတာဝန်များကို ကျင့်သုံးလျက်ရှိသော နည်းစနစ်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ လွှတ်တော်သို့ တင်ပြအစီရင်ခံသွားမည် ဖြစ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်။ (သဘာသံများ)

## အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၃း၄၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာ ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါမှာ အမျိုးသား လွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကဖို့ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်က လွှတ်တော် အခွင့်အရေး ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၃း၄၉။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၊ လွှတ်တော် အခွင့်အရေးကော်မတီဝင် ဦးတင်မောင်မငြိမ်း က လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၉။**

**ဦးတင်မောင်မငြိမ်း(အဖွဲ့ဝင်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး နှင့်တကွ ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြု အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တန်သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အခွင့်အရေးကော်မတီဝင် ဦးတင်မောင်မငြိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းတဲ့ အမျိုးသားလွှတ်တော် အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော် အခွင့်အရေးကော်မတီရဲ့ကိုယ်စား တင်သွင်းသွားမှာဖြစ်ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းသော အမျိုးသားလွှတ်တော် အခွင့်အရေးကော်မတီ၏ အစီရင်ခံစာ။ နိဒါန်း။ ၁။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၄၇(က)အရလည်းကောင်း၊ အမျိုးသားလွှတ်တော် ဥပဒေပုဒ်မ ၂၁ အရလည်းကောင်း၊ အမျိုးသားလွှတ်တော်သည် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး ၍ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီကို ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ၄-၃-၂၀၁၁ ရက်နေ့တွင် ကော်မတီဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းပေး ခဲ့ပါသည်။ ဖွဲ့စည်းသတ်မှတ်ပေးပြီး ကော်မတီ၏တာဝန်များနှင့် လွှတ်တော်မှ အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ကော်မတီသည် ဆောင်ရွက်ခဲ့ပါသည်။ ၇-၃-၂၀၁၁ ရက်နေ့မှ ၂၆-၈-၂၀၁၁ ရက်နေ့ထိ ကော်မတီ၏ ဆောင်ရွက်ချက်များကို တင်ပြအစီရင်ခံအပ်ပါသည်။ အမျိုးသားလွှတ်တော်

လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ၂။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ၄-၃-၂၀၁၁ ရက် သောကြာနေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သော အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီကို ဖွဲ့စည်းပေးပြီး အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ဖြင့် အတည်ပြုခဲ့ပါသည်။ (၁)ဦးမြညိမ်း(ဥက္ကဋ္ဌ)၊(၂) ဦးဂျေယောဝူ(အဖွဲ့ဝင်)၊ (၃) ဦးဘိုးရယ် (အဖွဲ့ဝင်)၊ (၄) ဦးစောတော်ပလဲ(အဖွဲ့ဝင်)၊ (၅) ဦးဝေ့ယိန်း(အဖွဲ့ဝင်)၊ (၆) ဦးနိုင်ထွန်းအုံ (အဖွဲ့ဝင်)၊ (၇) ဦးမတြာ်ကို(အဖွဲ့ဝင်)၊ (၈) ဦးတင်မောင်မငြိမ်း(အဖွဲ့ဝင်)၊ (၉)ဦးရဲမငြိမ်း(အဖွဲ့ဝင်)၊ (၁၀)ဦးဝင်းမောင်(အဖွဲ့ဝင်)၊ (၁၁) ဦးညွှန့်တင် (အဖွဲ့ဝင်)၊ (၁၂) ဦးနု(အဖွဲ့ဝင်)၊ (၁၃) ဦးကျော်ကျော် (အဖွဲ့ဝင်)၊ (၁၄) ဦးနေဝင်းထွန်း (အဖွဲ့ဝင်)၊ (၁၅) ဦးအောင်ငြိမ်း(အတွင်းရေးမှူး)တို့ ဖြစ်ပါတယ်။

ဆွေးနွေးပွဲများဆောင်ရွက်မှု။ ၃။ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီသည်အမျိုးသားလွှတ်တော်အဆောက်အဦးရုံးခန်းတွင် လွှတ်တော်အခွင့်အရေးတာဝန် များကို ဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့် လွှတ်တော်အသီးသီး၏ အခွင့်အရေးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၏ တာဝန်ထမ်းဆောင်ရာတွင် ကြုံတွေ့ရမည့် တာဝန်ပိုင်း၊ လုပ်ဆောင်ရန် ရှိသည်တို့ကို ၇-၃-၂၀၁၁ ရက်နေ့မှ ၂၄-၃-၂၀၁၁ ရက်နေ့ထိ ကော်မတီတွင်း ဆွေးနွေးပွဲများကို (၁၀)ကြိမ်ဆောင်ရွက်ခဲ့ပါသည်။

တာဝန်ပေးချက်များဆောင်ရွက်ခြင်း။ ၄။ ကော်မတီအနေဖြင့် ၂၅-၅-၂၀၁၁ ရက်နေ့မှ ၂၃-၆-၂၀၁၁ ရက်နေ့ထိ လွှတ်တော်ရုံး၊ ရုံးအမှတ်(၂၀) ရုံးခန်းမတွင် ပြုလုပ်သော ပြည်သူ့ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီဝင်များ၊ ပြည်နယ်/တိုင်းဒေသကြီးများမှ လွှတ်တော် ဥက္ကဋ္ဌများနှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ Capacity Building သို့ တက်ရောက်ခဲ့ ပါသည်။ ယင်းဆွေးနွေးပွဲများတွင် လွှတ်တော်အခွင့်အရေးကော်မတီဝင်များမှ စာတမ်းများ ပြုစု၍ အောက်ပါအတိုင်း တင်ပြဆွေးနွေးခဲ့ကြပါသည်။ (က) ကော်မတီ အတွင်းရေးမှူး ဦးအောင်ငြိမ်း မှ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ (ခ) အဖွဲ့ဝင် ဦးညွှန့်တင်မှ ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများ

ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာများ၊ (ဂ) အဖွဲ့ဝင် ဦးရဲမငြိမ့် မှ အမေရိကန်လွှတ်တော် အစိုးရအဖွဲ့နှင့် တရားရုံးချုပ်တို့၏ အာဏာခွဲဝေကျင့်သုံးပုံ၊ (ဃ) အဖွဲ့ဝင် ဦးတင်မောင်မငြိမ့် မှ တောင်သူလယ်သမားများ လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်ခွင့် (င) အဖွဲ့ဝင် ဦးဘိုးရယ် မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ (စ) အဖွဲ့ဝင် ဦးဂျေယောဝူ မှ လိုင်စင်မဲ့ ဆိုင်ကယ်များကို တစ်ပေါင်းညီကောက်ခံပြီး အရစ်ကျပေးဆပ်မှုစနစ်ဖြစ်ထွန်းရေး ဥပဒေပညာရှင်များနှင့် အပြန်အလှန် ဆွေးနွေးခြင်းများ ဖြစ်ပါသည်။ ၅။ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီဝင်များသည် ၇-၆-၂၀၁၁ နေ့မှ ၉-၆-၂၀၁၁ ရက်နေ့ထိ ပထမအကြိမ်နှင့် ၂၁-၆-၂၀၁၁ မှ ၂၃-၆-၂၀၁၁ ရက်နေ့ထိ ဒုတိယအကြိမ် စာတမ်းဖတ်ပွဲများတွင် အခြားသော လွှတ်တော်ကော်မတီဝင်များနဲ့အတူ အောက်ပါကော်မတီဝင်များမှ ပါဝင်ဆွေးနွေးခဲ့ကပါသည်။ (က) အဖွဲ့ဝင်ဦးညွန့်တင်မှ မူပိုင်ခွင့် Copy Right ဥပဒေနှင့် ပတ်သက်၍ ပါဝင်ဆွေးနွေးခြင်း၊ (ခ) အဖွဲ့ဝင် ဦးရဲမငြိမ့် မှ စာပေနှင့် ဆေးမူပိုင်ခွင့်နှင့် ပတ်သက်၍လည်းကောင်း၊ သဘာဝ ပတ်ဝန်းကျင်ထိန်းကျောင်းမှုထိန်းချုပ်ခြင်း ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးဆောင်ရွက်ချက် ဥပဒေချင်း ပဋိပက္ခဖြစ်မှုကို ထိန်းချုပ်ပေးသည့်ဥပဒေ၊ Good Governmance ကောင်းမွန်သောအစိုးရ၏ အုပ်ချုပ်မှုနှင့်ပတ်သက်၍လည်းကောင်း ပါဝင်ဆွေးနွေးခဲ့ပါသည်။ (ဂ) အဖွဲ့ဝင် ဦးဂျေယောဝူ မှ လာဘ်ပေးလာဘ်ယူ (၇)မျိုးနှင့် ပတ်သက်၍ ဆွေးနွေးခြင်းနှင့် သယံဇာတများကို နောင်လာ နောက်သားများအတွက်ပါ ချွေတာထိန်းသိမ်း သုံးစွဲခြင်း (ဃ) အဖွဲ့ဝင် ဦးဝင်းမောင် မှ ပညာရေး မြှင့်တင်မှုအခန်းကဏ္ဍနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ စာတမ်းများပြုစုတင်ပြခြင်း၊ ၆(က)။ အမျိုးသားလွှတ်တော် အခွင့်အရေးကော်မတီသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ တာဝန်ပေးချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပေါ်ထွန်းလာသော လွှတ်တော် ကော်မတီများ၏ ဖွဲ့စည်းမှု၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို နိုင်ငံတကာလွှတ်တော် များ၏ ဖွဲ့စည်းတည်ဆောက်မှုများနှင့် ချိန်ထိုးလေ့လာခြင်း၊ စာတမ်းပြုစုတင်ပြနိုင်ရေးအတွက် အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရေးရာဆောင်၊ အဆောက်အဦအမှတ် (၁၈)၏ အစည်းအဝေးခန်းမ၌ ၃၁-၅-၂၀၁၁ ရက်နေ့မှစ၍ ကော်မတီတွင်း အစည်းအဝေး (၃)ကြိမ်ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် စာတမ်းပြုစုနိုင်ရေးအတွက် အဖွဲ့ငယ် နှစ်ဖွဲ့ဖြစ်သော (၁) ပြည်တွင်းရေးရာအဖွဲ့၊ (၂)နိုင်ငံတကာလွှတ်တော်များနှင့်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်လွှတ်တော်များ ဖွဲ့စည်းမှုကို ချိန်ထိုးလေ့လာခြင်းတို့ကို အဖွဲ့ခွဲ၍ ဆောင်ရွက်ခဲ့ ပါသည်။ အထက်ပါအဖွဲ့ငယ် နှစ်ဖွဲ့မှ ပြုစုရရှိသောစာတမ်းနှစ်စောင်ကို ၁၀-၆-၂၀၁၁ ရက်နေ့တွင် ပြန်လည်ပေါင်းစည်းပြီး အမျိုးသားလွှတ်တော် အခွင့်အရေးကော်မတီအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အပေါ်တွင် ပေါ်ထွန်းလာသော လွှတ်တော် ကော်မတီများ၏ ဖွဲ့စည်းမှု၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို နိုင်ငံတကာ လွှတ်တော်များ၏ ဖွဲ့စည်းတည်ဆောက်မှုများနှင့် ချိန်ထိုးလေ့လာခြင်း စာတမ်းအဖြစ် ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်သွင်းခဲ့ပါသည်။ ၆။ (ခ) ထို့ပြင် ကော်မတီတာဝန်ပေးချက်အရ အဖွဲ့(၃)ဖွဲ့ ဖွဲ့စည်းကာ အောက်ပါအတိုင်း စာတမ်းပြုစုတင်ပြခဲ့ပါသည်။ (၁) နိုင်ငံတကာရေးရာစာတမ်း (နိုင်ငံတကာ ငွေကေးကြွာခြားမှုနှင့် အကျင့်ပျက် ခြစားမှုတိုက်ဖျက်ရေးစာတမ်း) (၂) မြန်မာနိုင်ငံ၏ ပညာရေး ကို နိုင်ငံတကာ၏ပညာရေးနှင့်နှိုင်းယှဥ်ချိန်ထိုးလေ့လာခြင်း (၃) စီးပွားရေးစာတမ်း (မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာလေ့လာချက်စာတမ်း၊လေ့လာရေးခရီးစဥ်များ) ၇။ အမျိုးသားလွှတ်တော် အခွင့် အရေးကော်မတီဝင်များသည် ပြည်တွင်း ပြည်ပခရီးစဥ်များအဖြစ် အောက်ပါအတိုင်း ပါဝင်ခဲ့ ကြပါသည်။(က)ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော မြန်မာ့ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့မှ ရုရှားဖယ်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဥ်တွင် အမျိုးသား လွှတ်တော် အခွင့်အရေးကော်မတီမှ အဖွဲ့ဝင်များဖြစ်သော ဦးညွန့်တင်နှင့် ဦးနေဝင်းထွန်း လိုက်ပါလေ့လာ၍ လေ့လာရေးခရီးစဥ်နှင့် ပတ်သက်သော စုပေါင်းအစီရင်ခံစာကို နိုင်ငံတော် အကြီးအကဲထံသို့ တင်ပြခဲ့ပါသည်။ (ခ) အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီဝင်များဖြစ်သော ဦးနေဝင်းထွန်း၊ ဦးမတြ်ကို နှင့် ဦးစောတော်ပလဲ တို့သည် ၁၉-၈-၂၀၁၁ မှ ၂၁-၈-၂၀၁၁ ရက်နေ့အထိ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန MICC တွင် ကျင်းပသော နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှု ဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် တွေ့ဆုံပွဲများသို့ ပါဝင်တက်ရောက်ခြင်း။ (၈) အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီဝင်များသည် လွှတ်တော်ဥက္ကဋ္ဌများနှင့် လွှတ်တော်တာဝန်ရှိပုဂ္ဂိုလ်များ နှင့်အတူ အောက်ပါအတိုင်း ပါဝင်တက်ရောက်ခဲ့ကြပါသည်။ (က) ကော်မတီအတွင်းရေးမှူး

ဦးအောင်ငြိမ်း နှင့် အဖွဲ့ဝင် ဦးဘိုးရယ် တို့သည် ၄-၄-၂၀၁၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နှင့်အတူ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် အမျိုးသားနိုင်ငံရေး အကြံပေးအဖွဲ့ ဥက္ကဋ္ဌ မစ္စတာကျာချင့်လင် နှင့် တွေ့ဆုံခြင်း (ခ) ကော်မတီအတွင်းရေးမှူး ဦးအောင်ငြိမ်းနှင့် အဖွဲ့ဝင် ဦးညွန့်တင်တို့သည် ၁-၆-၂၀၁၁ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အတူ အမေရိကန်နိုင်ငံ ဆီးနိတ်လွှတ်တော်အဖွဲ့ဝင် Mr.John Maccain နှင့် တွေ့ဆုံရာတွင် ပါဝင်ခြင်း (ဂ)အဖွဲ့ဝင် ဦးနေဝင်းထွန်း၊ ဦးစောတော်ပလဲ၊ ဦးငွေ့ယိန်းနှင့် ဦးနိုင်ထွန်းအုံတို့သည် ၆-၆-၂၀၁၁ ရက်နေ့တွင် ဂျာမနီနိုင်ငံ လူ့အခွင့်အရေးမူဝါဒနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာကော်မရှင် HE.Mr.Markus Laning အား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှ လက်ခံတွေ့ဆုံရာတွင်ပါဝင်ခြင်း (ဃ) အဖွဲ့ဝင် ဦးစောတော်ပလဲသည် ၁၅-၈-၂၀၁၁ ရက်နေ့ တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့အခြေစိုက် အရှေ့အာရှပစိဖိတ် ဒေသဆိုင်ရာရုံးမှ Regional Director Ms. Anu Puma Rao Singh နှင့် တွေ့ဆုံခြင်း။ (င) အဖွဲ့ဝင် ဦးနေဝင်းထွန်းသည် ၂၂-၆-၂၀၁၁ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အိန္ဒိယပြည်ပရေးရာဝန်ကြီး HE.Mr.S.M.Krishna နှင့် အဖွဲ့အား တွေ့ဆုံခြင်း (စ) အဖွဲ့ဝင် ဦးညွန့်တင်၊ ဦးနေဝင်းထွန်း တို့သည် ၂၃-၈-၂၀၁၁ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ကုလသမဂ္ဂ လူ့အခွင့်အရေးအဖွဲ့၏ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ အထူးသံတမန် Mr.Tomas Ojea Quintanaနှင့် လက်ခံတွေ့ဆုံရာတွင်ပါဝင်ခြင်း၊ ပြည်သူ့အကျိုးပြုစာတမ်းတင်သွင်းခြင်း။ ၉။ အမျိုးသားလွှတ်တော် အခွင့်အရေးကော်မတီဝင် ဦးနေဝင်းထွန်းသည် ပအို့ဝ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနှင့် ယင်းဒေသပတ်ဝန်းကျင်ဒေသများတွင် ဘိန်းစိုက်ပျိုးမှုပပျောက်၍ ဘိန်းအစားထိုးထုတ်လုပ်ငန်းအဖြစ် သတ္တုတူးဖော်ရေးလုပ်ငန်းများလုပ်ကိုင်၍ ဒေသအတွင်း လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်သို့ တင်ပြသည့် ရှမ်းပြည်နယ် ပအို့ဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဆက်စပ်နယ်မြေများတွင် လက်ရှိပကတိဖြစ်ပေါ်နေသည့် ဖြစ်ရပ်မှန်များနှင့် နယ်မြေဒေသ တိုးတက်ဖွံ့ဖြိုးရေးအတွက် အကြံပြုတင်ပြချက်ကို လွှတ်တော်အခွင့်အရေးကော်မတီဝင် ဦးစောတော်ပလဲ၊ ဦးမဖြိုးကိုနှင့် ဦးဂျေယောဝူ တို့ပါဝင်သော စီးပွားရေးလေ့လာရေးအဖွဲ့ငယ်မှ ပူးပေါင်းပါဝင် ပြုစုခဲ့ပါသည်။ ယင်းအကြံပြုတင်ပြချက်ကို လွှတ်တော်နှစ်ရပ်မှ နိုင်ငံတော်သမ္မတကြီးထံ ဆက်လက်တင်သွင်း

ခဲ့ပါသည်။ ယင်းသို့ တင်ပြချက်အပေါ် နိုင်ငံတော်သမ္မတကြီးက မူးယစ်ဆေးဝါးပပျောက်ရေး ဗဟိုမှ အစီအမံဖြင့် အဖွဲ့တစ်ဖွဲ့ဖွဲ့စည်းပြီး ကွင်းဆင်းစစ်ဆေးတင်ပြစေရန် မှတ်ချက်ပြုခဲ့ပါသဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးဌာန၊ မန္တလေးမြို့စိုက်ပျိုးရေး လုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ (က) ဘိန်းအစားထိုး သတ္တုတူးဖော်ရေး လုပ်ငန်း၊ (ခ)ဘိန်းအစားထိုး စိုက်ပျိုးရေးလုပ်ငန်း၊ (ဂ)ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် လမ်းတံတား ဖောက်လုပ်ရေးလုပ်ငန်းဆိုင်ရာများ သုံးသပ်တင်ပြပြီး သတ္တုတူးဖော်ရေးလုပ်ငန်းမှ ထွက်ကုန်များအပြင် ဂျင်းလုပ်ကွက်ပတ်ဝန်းကျင်ရွာများမှ ထွက်ကုန်သီးနှံများ ဈေးကွက်သို့ အမြန်ရောက်ရှိရေးအတွက် ကုန်ထုတ်လမ်း(၇)လမ်း ဖောက်လုပ်ပေးသင့်ကြောင်း တင်ပြခဲ့ပါသည်။ ယင်းသုံးသပ်တင်ပြချက်အပေါ် နိုင်ငံတော်သမ္မတကြီးမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများသို့ အကောင်အထည်ဖော်ဆောင်ရွက်ရန် အကြောင်းကြား ခဲ့ပါသည်။ ယင်းသို့ နိုင်ငံတော်သမ္မတကြီးမှ အရေးယူဆောင်ရွက်ပေးမှုအရ သတ္တုတွင်းဝန်ကြီး ဌာနမှ ကွင်းဆင်းစစ်ဆေးရေး အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနှင့် ဆက်စပ်နယ်မြေများအတွင်းရှိ ကျောက်မီးသွေး၊ ခဲ၊ သွပ်၊ ကျေးနီ၊ ရွှေ၊ ခနောက်စိမ်းနှင့် မဂ္ဂနိစ်ဒိုင်အောက်ဆိုဒ် လုပ်ကွက်များကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကွင်းဆင်းမှု အစီရင်ခံစာ ပြန်လည်တင်သွင်းထားပြီး ဖြစ်ပါသည်။ နိဂုံး။ ၁၀။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ခွင့်ပြုထားသည့် မူဘောင်အရ ၂၀၁၀ ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာသည့် နိုင်ငံရေးအခင်းအကျင်းတွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် အသီးသီး ပေါ်ပေါက်လာခဲ့ ပါသည်။ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အခြေခံဥပဒေကပြဋ္ဌာန်းထားသည့် နိုင်ငံရေး စနစ်မှာ သမ္မတအုပ်ချုပ်ရေးစနစ်ဖြစ်သည်။ သမ္မတအုပ်ချုပ်ရေးစနစ်တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာ(၃)ရပ်ကို အပြန်အလှန်ထိန်းကျောင်း၍

အုပ်ချုပ်သွားရမည်ဖြစ်ရာ လွှတ်တော်များအနေဖြင့် ဥပဒေပြုရေးကို ထိထိရောက်ရောက် ကျင့်သုံးနိုင်ရန်အတွက် လွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ကော်မတီဝင်များ၏ အခန်းကဏ္ဍသည် အလွန်ပင် အရေးကြီး လှပါသည်။ ထိုသို့ အရေးကြီးလှသည်နှင့်လျော်ညီစွာ အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေး ကော်မတီသည်လည်း လွှတ်တော်၏တာဝန်ပေးအပ်ချက်အရ ပထမအကြိမ် ပြည်ထောင်စု လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပသည်မှစ၍ မိမိတို့ဆောင်ရွက်ရမည့် လုပ်ပိုင်ခွင့်နှင့် တာဝန်များကို စဥ်ဆက်မပြတ် ဆွေးနွေးဆောင်ရွက် လျက်ရှိပါကြောင်းနှင့် အခါအားလျော်စွာ အစီရင်ခံတင်ပြသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၄း၀၇။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါမှာ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း ပေးပို့ကြဖို့ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ အတွင်းရေးမှူးက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၄း၀၈။**

**ဒုတိယဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ အတွင်းရေးမှူး ဦးဝင်းနောင် က အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက် များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၈။**

**ဦးဝင်းနောင်(အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး နဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) လွှတ်တော် ကိုယ်စားလှယ်ဖြစ်ပြီး အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက် များ စိစစ်ရေးကော်မတီရဲ့ အတွင်းရေးမှူးလည်း ဖြစ်ပါတယ်။ ကျွန်တော်မှ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးတွင် ကျွန်တော်တို့ ကော်မတီက တင်သွင်းတဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်း သွားမှာဖြစ်ပါတယ်။ နိဒါန်း။ ၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁(က)ဖြင့် ပြဋ္ဌာန်းထားသော နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ကိုပြုနိုင်ရန် အမျိုးသားလွှတ်တော် ကော်မတီအသီးသီးကို ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။ ၂။ အမျိုးသားလွှတ်တော် ကော်မတီတစ်ရပ်ဖြစ်သော အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေး ကော်မတီအနေဖြင့် အမျိုးသားလွှတ်တော်နည်းဥပဒေ ၆၇ မှ ၇၄ အထိ ပြဋ္ဌာန်းထားသော လုပ်ငန်းတာဝန်များဆောင်ရွက်မှုအခြေအနေကို နည်းဥပဒေ ၇၃ အရ အစီရင်ခံစာ ပြုစုတင်သွင်းထားပါသည်။ ရည်ရွယ်ချက်။ ၃။ ပထမအကြိမ် အမျိုးသား လွှတ်တော်နှင့် ပြည်ထောင်စု လွှတ်တော် ပထမပုံမှန်အစည်းအဝေးများတွင် ပြောကြားခဲ့သည့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို အကောင်အထည်ဖော်ဆောင်ရွက် ပြီးစီးမှုများအပေါ် ကော်မတီ၏ စိစစ်တင်ပြချက်များအား လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များ ပေးနိုင်ရန်ဖြစ်ပါတယ်။ ကော်မတီ ဖွဲ့စည်းခြင်း။ ၄။ အမျိုးသား လွှတ်တော်မှ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက် များ စိစစ်ရေးကော်မတီကို ၇-၃-၂၀၁၁ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပါတယ်။ ကျွန်တော် အချိန်နည်း သွားအောင် အဖွဲ့ဝင်စာရင်းတွေ မဖတ်ကြားတော့ပါဘူး။ ဥက္ကဋ္ဌ ဒေါက်တာအေးမောင် နဲ့ ကျွန်တော်တို့ စုစုပေါင်းအဖွဲ့ဝင် (၁၅)ယောက်နဲ့ ဖွဲ့စည်းထားပါတယ်။ ကော်မတီ၏ တာဝန်များ။

၅။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းသော ဥပဒေကြမ်း၊ ဆုံးဖြတ်ချက်၊ အဆို သို့မဟုတ် အစီရင်ခံစာနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမျိုးသားလွှတ်တော်တွင် ဖြေကြား သော မေးခွန်းများနှင့် စပ်လျဉ်း၍သော်လည်းကောင်း ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ရမှာဖြစ်ပါတယ်။ ၆။ အမျိုးသား လွှတ်တော် နည်းဥပဒေ ၇၁ အရ ကော်မတီသည် လွှတ်တော်တွင် ပြည်ထောင်စုအစိုးရက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လိုက်နာ ဆောင်ရွက်ခြင်း ရှိ/မရှိ စိစစ်ပြီး အောက်ပါအချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြရမှာ ဖြစ်ပါတယ်။ ၆။ (က) ပြည်ထောင်စု အစိုးရက ၎င်း၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့်အခြေအနေ အထိ ဆောင်ရွက်ပြီးကြောင်း၊ ၆။(ခ) အဆိုပါအာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပြီးဖြစ်လျှင် ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့်ကာလ အတွင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ/မရှိ နှင့် မူလ သတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း ရှိ/မရှိ။ ၇။ အပိုဒ် ၆ ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထိရောက်မှန်ကန်စွာ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်သည်။ ၈။ သာမန် အားဖြင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ကော်မတီက စိစစ်ရာတွင် (က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ထောက်ခံသူ မလို၊ (ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးနိုင် ခွင့်ရှိသည်၊ (ဂ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။ ၉။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီ တွင် ဆွေးနွေးသောဆွေးနွေးချက်များကို သော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများ နှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ်တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည် ဖြစ်ပါသည်။ ကော်မတီ၏လုပ်ပိုင်ခွင့်များ။ ၁၀။ကော်မတီအစည်းအဝေးများကို

အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမှာဖြစ်ပါတယ်။ ၁၁။ ကော်မတီသည် (က) အမျိုးသားလွှတ်တော်က သတ်မှတ်သည့်ရက်အတွင်း အပြီးသတ် အစီရင်ခံစာ တင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာ တင်ပြရမည်။ (ခ) အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ တင်ပြရမည်။ ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော် လည်းကောင်းတင်ပြရမည်။ (ဂ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက် များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ် ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။ (ဃ) အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ တင်ပြပြီးမှ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအတွင်းရေးမှူးမရှိလျှင် ကော်မတီဝင် တစ်ဦးကသော်လည်းကောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သတ်မှတ်သောနေ့တွင် အစီရင်ခံစာ ကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။ ယင်းအဆို အတည်ဖြစ်ပြီးသောအခါ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များကပေးသည့် ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များ ကို ရယူနိုင်သည်။ သို့ရာတွင် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်များ မပြုလုပ်ရ။ (င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီ အတွင်းရေးမှူး မရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း အစီရင်ခံစာကို အမျိုးသား လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်ဟု ပြဋ္ဌာန်းထားပါသည်။

အပိုဒ် ၁၂။ ကော်မတီဝင်များသည် (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေများပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ (ခ) အမျိုးသားလွှတ်တော်၏ လွှတ်တော်ကော်မတီအများဆုံး ၂ ခုထိ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။ (ဂ) ကော်မတီဝင် အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ထံ

တင်ပြနိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။ ကော်မတီနှင့် ကော်မတီဝင်များက ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေ ဆက်လက်တင်ပြပါမယ်။ ၁၃။ ကော်မတီသည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ပြည်ထောင်စု အစိုးရအဖွဲ့ဝင်များက ဖြေကြားသော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ကော်မတီအစည်းအဝေးများကျင်းပ၍ စနစ်တကျစိစစ်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ် မတ်လ ၉ ရက်နေ့မှ မတ်လ ၂၃ ရက်နေ့အတွင်း အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းခဲ့ကြသော ကြယ်ပွင့်ပြမေးခွန်း(၃၃)ခုနှင့် အဆို(၁၀)ခုအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ ဖြေကြားချက်များအထဲမှ အစိုးရ၏ အာမခံချက်များ(၁၁)ခု၊ ကတိ(၁၁)ခုနှင့် တာဝန်ခံချက်များ(၂၇)ခု ပေါင်း(၄၉)ခုကို စိစစ်တွေ့ရှိရပါတယ်။ ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းခဲ့ကြသော ကြယ်ပွင့်ပြမေးခွန်း(၂၅)ခုနှင့် အဆို(၁၀)ခု အပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၏ ဖြေကြားချက်များထဲမှ အစိုးရ၏အာမခံချက် (၁)ခု ကတိ(၆)ခုနှင့် တာဝန်ခံချက်များ(၄)ခု ပေါင်း(၁၁)ခု စိစစ်တွေ့ရှိရပါသည်။ ကော်မတီသည် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စနစ်တကျ ခွဲခြားစိစစ်နိုင်ရန်အတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်အား ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် လွှတ်တော်ရေးရာ အဆောင် အမှတ် ၊-၁၉ တွင် ပြုလုပ်သောကော်မတီအစည်းအဝေး၌ အောက်ပါအတိုင်း ဆွေးနွေးညှိနှိုင်း အတည်ပြုသတ်မှတ်ခဲ့ပြီး စိစစ်ခဲ့ကခြင်းဖြစ်ပါတယ်။ (က) အာမခံချက်ဆိုသည်မှာ ကိစ္စတစ်ခု အတွက် အဖွဲ့အစည်းတစ်ခုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ၊ ပုဂ္ဂိုလ်အများကိုဖြစ်စေ အာမခံ နိုင်သော အဆင့်ရှိသည့် အကြီးအကဲတစ်ဦးက ထောက်ခံပြောကြားချက် သို့မဟုတ် အာမခံနိုင်သည့် အခြေအနေရှိသော ပုဂ္ဂိုလ်တစ်ဦးက အာမခံပြောကြားချက်ကို ဆိုလိုသည်။ (ခ) တာဝန်ခံချက် ဆိုသည်မှာ မိမိကိုယ်တိုင်ကဖြစ်စေ မိမိတာဝန်ခံအုပ်ချုပ်ရသော အဖွဲ့အစည်းကဖြစ်စေ တာဝန်ခံ ဆောင်ရွက်ရသည့်လုပ်ငန်း သို့မဟုတ် လုပ်ငန်းများအား မိမိတွင်တာဝန်ရှိသည့်အလျောက် တာဝန်ခံဆောင်ရွက်မည်ဟု ပြောကြားချက် သို့မဟုတ် ဝန်ခံထားချက်ကို ဆိုလိုသည်။ (ဂ) ကတိ (Pledge)ဆိုသည်မှာ (၁) တရားဝင်တာဝန် ပေးထားခြင်းမရှိသော်လည်း လုပ်ငန်းတာဝန်တစ်ခု သို့မဟုတ် လုပ်ငန်းတာဝန်များကို မိမိက ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း မိမိ၏ ဂုဏ်သိက္ခာနှင့်အညီ ကတိပေးပြောကြားခြင်းကို ဆိုလိုသည်။ (၂) လုပ်ငန်းတစ်ခုကို အကောင်

အထည်ဖော်ဆောင်ရွက်ရန်အတွက် အဆိုပြုခြင်းခံရသူက အဆိုပြုချက်ကို သဘောတူကြောင်း ဖော်ပြလျှင် အဆိုပြုချက်ကိုလက်ခံသည်မည်၏။ ထိုကဲ့သို့ လက်ခံသောအဆိုပြုချက်သည် ကတိမည်၏။ ၁၆။ ကော်မတီဝင်များသည် နေပြည်တော် လွှတ်တော်ရုံးတွင် ၂၃-၅-၂၀၁၁မှ ၂၃-၆-၂၀၁၁ ရက်နေ့ အထိ လွှတ်တော်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကပြီး လွှတ်တော် ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ပညာရှင်များ၏ ဟောပြောချက်များကို မှတ်သားခြင်း၊ စာတမ်းများပြုစုခြင်း၊ ပါဝင်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ၁၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ က ချမှတ် ပေးသော ခေါင်းစဉ်များဖြစ်သည့် "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေ များအား လေ့လာဆန်းစစ်ခြင်းနှင့် ဆောင်ရွက်သင့်သည်များ" ခေါင်းစဉ်ကို ဥပဒေကြမ်း ကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့ကလည်းကောင်း၊ "ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်တွင် ပေါ်ထွန်းလာသော လွှတ်တော်ကော်မတီများ၏ ဖွဲ့စည်းမှု၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို နိုင်ငံတကာလွှတ်တော်များ၏ ဖွဲ့စည်း တည်ဆောက်မှုများနှင့် ချိန်ထိုးလေ့လာခြင်း" ခေါင်းစဉ်ကို လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက် များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ကလည်းကောင်း ပြုစုတင်ပြခဲ့ကြရာ မိမိတို့ရေးသားတင်ပြသော စာတမ်းအား ကော်မတီဥက္ကဋ္ဌ ဒေါက်တာအေးမောင် က ဖတ်ကြား တင်ပြခဲ့ပါသည်။ ၁၈။ ကော်မတီအနေဖြင့် လွှတ်တော်တွင် ဖြေကြားခဲ့ကြသော ပြည်ထောင်စု အစိုးရအဖွဲ့ဝင်များ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သွားရောက်စစ်ဆေးခြင်း၊ ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက်ရန်ဖြစ်သော်လည်း အောက်ပါ အကြောင်းများကြောင့် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ (က) လွှတ်တော်ရုံးမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် စိစစ်ရေးအဖွဲ့၏ ခရီးစဉ်လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းရေးဆွဲရန် လိုအပ်နေခြင်း၊ (ခ) ကော်မတီ၏ စိစစ်ရေးအဖွဲ့များ ခရီးစဉ်အတွက် အုပ်ချုပ်မှု ကိစ္စရပ်များ ညှိနှိုင်းရန် လိုအပ်နေခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ၁၉။ ကော်မတီအနေဖြင့် ပြည်ထောင်စု ဝန်ကြီးဌာနများ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များကို တာဝန်ခွဲပေးပြီး စိစစ် ဆောင်ရွက်သွားနိုင်ရန်အတွက် အောက်ပါအတိုင်း အဖွဲ့(၄)ဖွဲ့

ဖွဲ့စည်းထားပါကြောင်း တင်ပြအပ် ပါသည်။ (က) အဖွဲ့(၁) ဒေါက်တာအေးမောင်၊ ဦးမှတ်ကြီး၊ ဦးကံညွန့်၊ ဦးစိုင်းကျော်ဇောသန်း တို့ ပါဝင်တဲ့အဖွဲ့ဟာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန စသည့်ဝန်ကြီးဌာန(၉)ခု ဖြစ်ပါတယ်။ အဖွဲ့(၂) ဦးဝင်းနောင်၊ ဦးဉာဏ်လင်း၊ ဒေါက်တာဌေးဝင်း၊ ဦးလှမောင်တို့ ပါဝင်တဲ့အဖွဲ့ဟာ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာနအစရှိသည့် ဝန်ကြီးဌာန (၉)ခုဖြစ်ပါတယ်။ နောက်အဖွဲ့(၃) ဒေါက်တာစိုးထွန်း၊ ဦးစခုန်တိန့်ယိန်း၊ ဦးဂမ်ဆိုင်း၊ ဦးထွန်းကျော် တို့ပါဝင်တဲ့အဖွဲ့ဟာ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာနစသည့် ဝန်ကြီးဌာန(၈)ခု ဖြစ်ပါတယ်။ အဖွဲ့(၄) ဦးသန်းဆွေ၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးစောအောင်ကျော်နိုင်တို့ပါဝင်တဲ့အဖွဲ့ဟာ ပန်ကြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှု ဝန်ကြီးဌာန စသည့်ဝန်ကြီးဌာန(၈)ခု တို့နဲ့ပတ်သက်ပြီးတော့ စိစစ်ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။ ၂၀။ စိစစ်တွေ့ရှိချက်များအရ ၂၀၁၁ ခုနှစ် ဧပြီလ (၁) ရက်နေ့မှ စတင်တာဝန် ထမ်းဆောင်သော ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ယခု လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ကျင်းပတဲ့ သြဂုတ်လအထိ (၅)လကျော်သာ ကာလမြင့်သေးတဲ့အတွက်ကြောင့် ကတိကဝတ် ပြုထားတဲ့ အချက်များထဲမှ အချို့သောအချက်များဟာ ဆောင်ရွက် ပြီးစီးနိုင်မှုအချိန်ယူရဦးမှာ ဖြစ်ပါတယ်။ အချို့အချက်များသာ ပြီးစီးနိုင်ပါသေးတယ်။ ၂၀၁၁ ခုနှစ် မတ်လမှာ ကျင်းပခဲ့တဲ့ ပထမအကြိမ် လွှတ်တော်ပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင်များ၏ ပြောကြားချက်များအား ကော်မတီမှ အစိုးရ၏အာမခံချက်များကတိများနှင့် တာဝန်ခံချက် များကို ခွဲခြားစိစစ်ကာ ဆောင်ရွက်မှုအခြေအနေအား ပြည်ထောင်စုအစိုးရအဖွဲ့သို့ လွှတ်တော်ရုံးမှ တစ်ဆင့် တောင်းခံခဲ့ပါတယ်။ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များပါရှိတဲ့ ဝန်ကြီးဌာန များအလိုက် ပြည်ထောင်စုဝန်ကြီးများ သို့မဟုတ် ဒုတိယဝန်ကြီးများကိုယ်တိုင် လက်မှတ် ရေးထိုး၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ပြန်ကြားပေးခဲ့ပါတယ်။ ၎င်းပြန်ကြားချက်များကို နောက်ဆက်တွဲ (က)၊ (ခ)၊ (ဂ) တို့နဲ့ ပူးတွဲတင်သွင်းထားပါတယ်။ ၎င်းပြန်ကြားချက်များကို တစ်ဆက်တည်း တင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် များ တင်သွင်းခဲ့တဲ့ အဆို(၁၀)ခုအနက် လွှတ်တော်က အတည်ပြုပေးခဲ့တဲ့အဆို (၁)ခုကို

ပြည်ထောင်စုအစိုးရအဖွဲ့ကနေ ဆောင်ရွက်ပြီးစီးမှု ပြန်ကြားချက်ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်(၂)က ဦးပေါ်လျံလွင် ၁၆-၃-၂၀၁၁ ရက်နေ့မှာ အဆိုပြုခဲ့တဲ့ ချင်းအမျိုးသား ဆရာဝန် လောင်းများကို (ဆမ)များ အမြန်ချပေးပါရန်နှင့် အမြန်ခန့်ပေးပြီး ဆရာဝန်များ လိုအပ်သော ချင်းပြည်နယ်ဒေသများသို့ ဆရာဝန်များစေလွှတ်ပေးပါရန်အဆိုနှင့် ပတ်သက်ပြီးတော့ လွှတ်တော် ရဲ့ ဆုံးဖြတ်ချက်ကတော့ ချင်းပြည်နယ်တွင် ဆရာဝန်များလိုသော နေရာဒေသများသို့ ချင်းအမျိုးသား ဆရာဝန်များ(ဆမ) အမြန်ချပေးပါရန်အဆိုကို ရုပ်သိမ်းပြီး ချင်းပြည်နယ်တွင် ကျန်းမာရေး ဝန်ထမ်း လိုအပ်သောဒေသများသို့ စေလွှတ်ပေးပါရန်အဆိုကို လွှတ်တော်မှ အတည်ပြုခဲ့ ပါတယ်။ ဒီတာဝန်ခံချက်နဲ့ ပတ်သက်ပြီးတော့ ဒါ ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့စာ၊ ကျွန်တော်တို့ Slide View နဲ့ တင်ပြထားပါတယ်။ အဲဒီအထဲက ကျွန်တော် အချိန်သက်သာ သွားအောင် High Light လုပ်ထားတယ်။ အရေးကြီးတဲ့ အချက်ကလေးတွေကို ကျွန်တော် ထုတ်နုတ်ပြီးတော့ တင်ပြသွားပါမယ်။ တာဝန်ခံချက်နဲ့ ပတ်သက်ပြီးတော့ ချင်းပြည်နယ်အတွက် လိုအပ်တဲ့ ဆရာဝန်များကိုလည်း ထပ်မံဖြည့်စွက် ခန့်ထားပေးမည်ဖြစ်ပါကြောင်း တာဝန်ခံချက်နဲ့ ပတ်သက်၍ ၃၁-၃-၂၀၁၁ ရက်နေ့ မှ ၁၉-၈-၂၀၁၁ ရက်နေ့အထိ ချင်းပြည်နယ်ရှိ ကျန်းမာရေး ဌာနများတွင် အထူးကုဆရာဝန်များ၊ ဆေးပညာခွဲစိတ်၊ ကလေးသားဖွားမီးယပ်၊ မေ့ဆေး၊ အရိုး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း (၁၀) ဦး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး (၂) ဦး၊ တိုက်နယ် ဆရာဝန်(၄) ဦး၊ လက်ထောက်ဆရာဝန်(၆)ဦး၊ စုစုပေါင်း (၂၂)ဦးကို ထပ်မံဖြည့်စွက်ခန့်ထား ပေးပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်ဆိုပြီးတော့ ပြန်ကြားထားခဲ့ပါတယ်။ ဆက်လက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒါအမျိုးသားလွှတ်တော်မှာ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးမှာ မေးမြန်းခဲ့တဲ့ မေးခွန်း(၃၃)ခုအနက် ပြည်ထောင်စုအစိုးရအဖွဲ့ကနေ အာမခံချက်၊ ကတိနှင့်တာဝန်ခံချက်ပေးထားတဲ့မေးခွန်း(၂၃)ခု ဆောင်ရွက် ပြီးစီးမှုအခြေအနေ ဆက်လက် တင်ပြသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းကတော့ ၉-၃-၂၀၁၁ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်(၄)က ဒေါက်တာမြတ်ဉာဏစိုး မေးမြန်းထားတဲ့ မိုဘိုင်းလ်ဖုန်း ဆက်သွယ်ရေးစနစ်တွင် ကနဦးတပ်ဆင်ခ ပေးသွင်းဖို့မလိုဘဲ ကိုတြင်ငွေဖြည့်ကဒ်ဝယ်ယူခြင်းနဲ့ လွယ်လင့်တကူ သုံးစွဲနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းချက်ဖြစ်ပါတယ်။ အဲဒီမှာ

အာမခံချက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကေးနန်းဝန်ကြီး ကနေပြီးတော့ ပေးထားတဲ့ အာမခံချက်နဲ့ ပတ်သက်ပြီးတော့ အခု ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုတင်ပြပါမယ်။

အထက်ပါအာမခံချက်နှင့်ပတ်သက်၍ မိုဘိုင်းလ်တယ်လီဖုန်းစနစ် တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းအား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းစီမံကိန်းများ တွင် အဆင့်လိုက် ကနဦးတပ်ဆင်ခလျှော့ချရေး ဆောင်ရွက်သွားရန် ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါသည်လို့ ပန်ကြားချင်ပါတယ်။ တာဝန်ခံချက်ပေးထားတဲ့အပြင် ဆက်သွယ်ရေး ကဏ္ဍနဲ့ ပုဂ္ဂလိကနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အပြိုင်အဆိုင် ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီး ဌာနကထည့်ဝင်ငွေ (၄၀) ရာခိုင်နှုန်းပါဝင်မှုဖြင့် နိုင်ငံတော်၏ ဆက်သွယ်ရေးဝန်ဆောင်မှု ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် တာဝန်ခံဆောင်ရွက်လျက်ရှိသည်ဆိုသည့် အချက်နှင့် ပတ်သက်ပြီးတော့ တစ်ဖက်ပါတာဝန်ခံချက်နှင့်ပတ်သက်၍ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက် သာမက ပုဂ္ဂလိကကဏ္ဍမှ ကုမ္ပဏီများပါ မိုဘိုင်းလ်တယ်လီဖုန်း တပ်ဆင်တိုးချဲ့ရေးစီမံကိန်းအား မြန်မာတစ်နိုင်ငံလုံးအနှံ့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်မှုများကို ပြည်တွင်းသတင်းဂျာနယ်များတွင်လည်း ဖော်ပြထားကြောင်း သိရှိကပြီး ဖြစ်ပါသည် ဆိုပြီးတော့ ပန်ကြားထားပါတယ်။ ကတိတစ်ခုနှင့် ပတ်သက်ပြီးတော့ ဥပဒေအနေနဲ့ ပတ်သက်၍ ဆက်သွယ်ရေးဥပဒေကို မိမိတို့ရေးဆွဲပြီးဖြစ်ပါသည်။ ဆက်လက်အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်သွားပါမည်ဟု ဆိုပြီးတော့ ကတိပြုချက်နဲ့ ပတ်သက်ပြီးတော့ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသော သတင်းအချက်အလက် နည်းပညာဆက်သွယ်ရေး စျေးကွက်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများ၊ သုံးစွဲသူများ ဥပဒေပိုင်းအရ ကြီးကြပ်ကွပ်ကဲ ပေးနိုင်ရန် ရည်ရွယ်လျက် ဥပဒေမူကြမ်းကိုဆက်သွယ်ရေး၊ စာတိုက်နှင့်ကေးနန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများက အကြိမ်ကြိမ်အသေးစိတ် ညှိနှိုင်းရေးဆွဲပြုစုပြီးဖြစ်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး သဘောထားမှတ်ချက်ရရှိရန် ပေးပို့ထားပြီးဖြစ်ပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထား မှတ်ချက်ရရှိပါက ဥပဒေမူကြမ်းအား အတည်ပြုပြဋ္ဌာန်းသွားနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်း များအတိုင်း အဆင့်ဆင့် တင်ပြဆောင်ရွက်သွားမည်လို့ ပန်ကြားလည်းတင်ပြထားပါတယ်။

ဆက်လက်ပြီးတော့ မေးခွန်းနံပါတ်(၂)ကို တင်ပြပါ့မယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)က ဦးစံထွန်းမေးမြန်းချက် ဖြစ်ပါတယ်။ သတင်းအချက်အလက်နည်းပညာ သုံးစွဲမှုနဲ့ ပတ်သက်ပြီးတော့ မေးမြန်းချက်ကို ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနကနေ အာမခံပြောကြားချက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့် နည်းပညာဖွံ့ဖြိုး တိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာဌာနများကို ၂၂-၆-၂၀၀၆ ရက်နေ့မှ အစိုးရ၏ခွင့်ပြုချက်နှင့် မိမိတို့ဝန်ကြီးဌာနတွင် ဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်နေပြီဖြစ်ပါသည် အစရှိ သည်ဖြင့် ကျွန်တော်တို့ လွှတ်တော်မှာ ဖြေကြားခဲ့တာဖြစ်ပါတယ်။ အဲဒီဖြေကြားချက်အတိုင်း ဆောင်ရွက်ပြီးစီးမှုကို ပြန်လည်တင်ပြထားရာမှာ တစ်ဖက်ပါ အာမခံချက်နှင့်ပတ်သက်၍ GSM မိုဘိုင်းလ်တယ်လီဖုန်းစနစ်တွင် Unchange Data Rated For GSM Evolution စနစ်ဖြင့် သတင်းအချက်အလက် ရယူသုံးစွဲနိုင်ရေးအတွက် စက်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်ပြီးဖြစ်၍ ပြည်သူများမှ အထက်ပါ ဝန်ဆောင်မှုကို စတင်အသုံးပြုနေပြီဖြစ်ပါသည်။ အရေအတွက်များများ သုံးစွဲနိုင်ရန်အတွက် စက်ပစ္စည်းများကိုလည်း ထပ်မံတိုးချဲ့တပ်ဆင်နေပါပြီလို့ ဖြေကြားထား ပါတယ်။

နောက်အာမခံချက်တစ်ခုနဲ့ ပတ်သက်ပြီးတော့ ကြိုးမဲ့အင်တာနက် ဆက်သွယ်မှုစနစ် တစ်ခု ဖြစ်တဲ့ Mc Will System ကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ တာချီလိတ်၊ ခန္တီး၊ ဟုမ္မလင်း၊ ကလေးဝ၊ ဗန်းမော်၊ ဖောင်းပြင်၊ ပုပ္ပါး၊ ပင်လယ်ဘူး၊ ဗန်းမောက်၊ မစိုက်ကြီးနှား၊ မိုးကုတ်၊ ပဲခူး၊ တောင်ငူ၊ ဖြူး၊ ပုသိမ်၊ မကွေး၊ မိတ္ထီလာ၊ စေတုတ္တရာမြို့ စတဲ့မြို့ကြီး(၂၂)မြို့တွင် တပ်ဆင် ပြီးဖြစ်၍ သတင်းအချက်အလက်များ ရယူသုံးစွဲနိုင်ပြီဖြစ်ပါသည်။ ယင်းစနစ်အား ထပ်မံတိုးချဲ့ နိုင်ရေးအတွက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက် လိုင်းနှုန်း အသုံးပြုခွင့် ရရှိရန်ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားထားပါတယ်။

နောက်အာမခံချက်တစ်ခုနဲ့ ပတ်သက်ပြီးတော့ ဖြေကြားထားရာမှာ ၎င်းအပြင် မြန်နှုန်းမြင့် အင်တာနက်စနစ်တစ်ခုဖြစ်တဲ့ ADSL စနစ်အားမြို့ကြီးပေါင်း (၅၈)မြို့တွင် လိုင်းအင်အား (၈၄၇၂) တပ်ဆင်ပေးပြီးဖြစ်သည့်အပြင် ပြည်သူများ သတင်းအချက်အလက် အလွယ်တကူရယူ အသုံးပြုနိုင်ရေးအတွက် ADSL ကနဦးတပ်ဆင်ခ နှုန်းထားများအား အစိုးရ၊ ပုဂ္ဂလိကမခွဲခြားဘဲ နှုန်းထားတစ်ပြေးညီ သက်သာသောဈေးနှုန်းဖြင့် သတ်မှတ်ဆောင်ရွက်

ပေးခဲ့ပြီးဖြစ်ပါသည်။ အိမ်အရောက် Fiber သွယ်တန်းတပ်ဆင်ရေး သတင်းအချက်အလက်ရယူ သုံးစွဲသောစနစ် (FTTH) Fiber To The Home အား ပြင်ဦးလွင်နှင့် မန္တလေးမြို့များတွင် စီစဉ်ဆောင်ရွက်ပြီး ဖြစ်သည့်အပြင် ရန်ကုန်မြို့တွင် စတင်အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်လို့ ဖြေကြားခဲ့ပါ တယ်။

နောက်မေးခွန်း(၃) ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က ဦးပေါလ်ထန်ထိုင်း ၏ မေးမြန်းချက် ဖြစ်ပါတယ်။ ထန်တလန်မြို့နယ် တယ်လီဖုန်းကိစ္စ ဖြစ်ပါတယ်။ အဲဒီမှာပေးခဲ့တဲ့ တာဝန်ခံချက် အပိုဒ်ကိုပြောကြားခဲ့တာကို အားလုံးအသိဖြစ်ပါတယ်။ ကျွန်တော်အဲဒီ ဆောင်ရွက်ပြီးစီးမှုနဲ့ပတ်သက်လို့ ဆက်လက်ပြီးတော့ ဖတ်ကြားပါမယ်။ တစ်ဖက်ပါ တာဝန်ခံချက်နဲ့ ပတ်သက်၍ ဟားခါး-ထန်တလန် Micro Wave ဆက်ကြောင်းအတွက် စက်မှုအဆောက်အဦ တာဝါတိုင်တည်ဆောက်ခြင်းလုပ်ငန်းတို့၌ ယခုအခါ လမ်းဖောက်လုပ်ခြင်းလုပ်ငန်း၊ သုံးကြောင်းထောက် (၃၂)မီတာ တာဝါဖောင်ဒေးရှင်းအတွက် ဖောင်ဒေးရှင်းတူးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ဖြစ်ပါသည်။ (၃၂)မီတာ တာဝါတိုင်ကို ပို့ဆောင်မည်ဖြစ်၍ သဂုတ်လ ၂၃၊ ၂၄ ရက်နေ့ခန့်တွင် တပ်ဆင်ပြီးစီးမည် ဖြစ်ပါသည်။ Micro ဆက်သွယ်ရေး ဟားခါး-ထန်တလန်အဝေးလိုင်း (၄)လိုင်းတပ်ဆင် ပြီးစီးမည်ဖြစ်ပါသည်။ ထို့အတူ မိုဘိုင်းလ် တယ်လီဖုန်းစနစ် သုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။ အော်တိုတယ်လီဖုန်း ခေါ်ဆိုမှုလွယ်ကူစေရေးအတွက် ထန်တလန် အိတ်ချိန်း၌ ယခင်(CO) လိုင်း(၈)လိုင်းရှိခဲ့ရာမှ ယခုအခါတွင် (CO) လိုင်း(၈)လိုင်း ထပ်မံတပ်ဆင်ပေးထားပြီးဖြစ်သဖြင့် စုစုပေါင်း CO လိုင်း(၁၆)လိုင်းတပ်ဆင်ပေးထားပြီးဖြစ်၍ ဆက်သွယ်မှုလျင်မြန်လွယ်ကူစေရေး ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ Micro ဆက်ကြောင်း များ တပ်ဆင်ပြီးပါက ထန်တလန်အော်တိုအိတ်ချိန်း ဆက်သွယ်မှုလွယ်ကူချောမွေ့ စေရေး အတွက် ဟားခါးအော်တိုအိတ်ချိန်းနှင့် အဝေးလိုင်း(၂)လိုင်း (2E1) ချိတ်ဆက်ထားရှိမည် ဖြစ်ပါ သည်။ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးများကို ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ ဒီဖြေကြားချက်တွေကို ဖတ်ကြားလို့ရှိရင် တစ်နာရီ လောက်ကြာနိုင်တယ်ဆိုပြီးတော့ လွှတ်တော် ဥက္ကဋ္ဌကြီး ကိုလည်း ကျွန်တော်တို့တင်ပြခဲ့ပါတယ်။ ဥက္ကဋ္ဌကြီး ကနေပြီးတော့ ကြာရင် လည်းကြာပါစေ၊ ဒီပြည်ထောင်စုအစိုးရအဖွဲ့ ဖြေကြားချက်တွေကို ပြည့်စုံအောင် ဖတ်ကြား

ပေးပါလို့ မှာကြားခဲ့ပါတယ်။ အဲဒါကြောင့်မို့လို့ ပြည့်စုံတာထက် ပြည့်စုံအောင် ဖတ်ကြားတင်ပြ ခြင်း ဖြစ်ပါတယ်။

မေးခွန်း(၄)ကတော့ ၁၀-၃-၂၀၁၁ ရက်နေ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် မေးမြန်းချက်ဖြစ်ပါတယ်။ အဲဒီမှာ အာမခံချက်တစ်ခုနှင့်ပတ်သက်ပြီးလို့ ဆောင်ရွက်ပြီးစီးမှု အခြေအနေကတော့ နာဂစ်မုန်တိုင်း ကြောင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တာတမံပေါင်း(၃၁)ခု၊ မိုင်အားဖြင့် (၄၈၅.၃၁)မိုင် ထိခိုက်ပျက်စီးခဲ့သည်ကို အခိုင်အမာပြင်ဆင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ်၊ မေလကုန်ထိ (၆၈)ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးကြောင်း တင်ပြထားပါတယ်။ ဆောင်ရွက်ဆဲအခြေအနေအနေနဲ့ ၂၀၁၁ -၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ကျပ်သန်း(၁၀၀၀)ဖြင့် လုပ်ငန်းများဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်လို့ ဖြေကြား ထားပါတယ်။ နောင်ဆက်လက်ဆောင်ရွက်မယ့် အစီအမံအနေနဲ့လည်း တင်ပြထားတာကတော့ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့ ဖြေကြားထားပါတယ်။

နောက်တာဝန်ခံချက်တစ်ပိုဒ်နဲ့ ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ်တွင် ဂီရိမုန်တိုင်း ကြောင့် ရေငန်တား တာတမံ(၁၄)ခု ထိခိုက်ပျက်စီးမှုကို ပြန်လည်ပြင်ဆင်ခဲ့ရာ ၂၀၁၁ ခုနှစ်၊ မတ်လကုန်တွင် လုပ်ငန်းများအားလုံး (၁၀၀)ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးကြောင်း သိရှိရပါတယ်။ တာဝန်ခံချက်၊ ရေငန်တားတာတမံများအပြင် မိမိတို့နိုင်ငံအတွင်းရှိ မြစ်ချောင်းအင်းအိုင် စသည် တို့ မြစ်ရေကြီးမှု ကာကွယ်နိုင်ရန်အတွက် တာဝန်ခံချက်နဲ့ ပတ်သက်ပြီးတော့ ၂၀၁၀-၂၀၁၁ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေကျပ်သန်း ၅၀၀ ဖြင့် ဧရာဝတီတိုင်းတွင် တာ(၁၂)ခု၊ ရန်ကုန်တိုင်း တွင် တာ(၄)ခု၊ ပဲခူးတိုင်းတွင် တာ(၅)ခုတို့ကို ပြင်ဆင်ပြီးစီးခဲ့ကြောင်း တင်ပြထားပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ်သန်း ၅၀၀ ဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၂ (၆)ခုရှိ ရေဘေးကာကွယ်ရေးတာများကို ဦးစားပေးအလိုက် တောင့်တင်းခိုင်မာရေးအတွက် ပြင်ဆင်လျက်ရှိကြောင်း ဖြေကြားထားပါတယ်။ နောက်ဆက်လက် ဆောင်ရွက်မယ့် အစီအစဉ် အနေနဲ့ တာများကို နှစ်စဉ်

ပငြိုဆင်ရန်လိုအပ်သဖြင့် နိုင်ငံတော်သို့ ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုကို အခြေခံပြီးတော့မှ ဦးစားပေးအလိုက် စီမံဆောင်ရွက်ထားရှိကြောင်း ပြောကြားထားပါတယ်။

ဆက်လက်ပြီးတော့ မေးခွန်းအမှတ်(၅) ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က ဦးစံထွန်း မေးမြန်းချက်ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနက ကတိပြုထားခဲ့တာရှိပါတယ်။ ရွှေကူမြို့နယ်၊ စီတောင်ကျေးရွာအနီး ပေါင်းနက် ချောင်းကို ပိတ်ပြီးတော့ စိုက်ပျိုးမြေရရှိရေး ဧကနဲ့ပတ်သက်ပြီးတော့ မေးမြန်းချက်အပေါ်မှာ ဆောင်ရွက်ပြီးစီးမှုကို တင်ပြထားပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်ကုန်ထိ စီမံကိန်းတစ်ခုလုံးရဲ့ (၂၅.၅)ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါကြောင်း တင်ပြထားပါတယ်။ ဆောင်ရွက်ဆဲအနေနဲ့ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ နိုင်ငံတော်ကခွင့်ပြုငွေ ကျပ်သန်း(၁၀၀)ဖြင့် ပွင့်လင်းရာသီမှာ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် စီစဉ်နေပါတယ်။ ခွင့်ပြုရန်ပုံငွေဖြင့် စီမံကိန်းတစ်ခုလုံး၏ (၂၆.၄၅) ရာခိုင်နှုန်း ပြီးစီးမှာဖြစ်ပါတယ်။ နောက်ဆက်လက်ဆောင်ရွက်မယ့် အစီအမံအနေနဲ့ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားသွားပါတယ်။ တင်ပြထားပါတယ်။

နောက်မေးခွန်းနံပါတ်(၆) ရန်ကုန်တိုင်းဒေသကြီးက ဒေါက်တာမတြိုဉာဏစိုးရဲ့ မေးမြန်းချက်ဖြစ်ပါတယ်။ အဲဒီမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကနေပြီး တော့ တာဝန်ခံချက်တစ်ခု ပြုထားတာရှိပါတယ်။ အဲဒီတာဝန်ခံချက်နဲ့ ပတ်သက်ပြီး ဆောင်ရွက်ပြီးစီးမှု အခြေအနေကတော့ လက်မှုလယ်ယာကနေ စက်မှုလယ်ယာသို့ ကူးပြောင်း ခြင်း လုပ်ငန်းစဉ်များရဲ့ မပြောခဲ့ထွင်မှု ကာကွယ်တားဆီးခြင်းကိစ္စဖြစ်ပါတယ်။ ဆောင်ရွက် ပြီးစီးမှုအနေနဲ့ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်ရေးနဲ့ လယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်သုံးစွဲရေးတို့အား ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ထွန်စက်နှင့်လက်တွန်း ထွန်စက်ပေါင်း(၁၈၃၈၃၇)စီး၊ ရိတ်သိမ်းစက်ပေါင်း(၂၁၆၇၁)စီး၊ ချွေလှေ့စက်ပေါင်း(၄၄၃၁၈)စီး တိုးတက်သုံးစွဲလျက်ရှိပါတယ်။ နောက်သင့်လျော်သည့်ဒေသများ၌ အသုံးပြုနိုင်သည့်(၈)တန်း ကောက်စိုက်စက်များထုတ်လုပ်ပြီး ကောက်စိုက်စက်အသုံးပြုနည်း သင်တန်းများဖွင့်လှစ်ခြင်းနဲ့ လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ တောင်သူလယ်သမားများအနေဖြင့် လယ်ယာသုံး စက်ကိရိယာများ ပိုမိုသုံးစွဲနိုင်ရေးအတွက် လက်ငင်းငွေပေးချေမှုစနစ်အပြင်

သင့်လျော်သော အရစ်ကျငွေပေးချေမှုစနစ်ဖြင့်လည်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်ဆိုပြီးတော့ ဆောင်ရွက် ပြီးစီးမှု တင်ပြထားပါတယ်။ နောက်ဆောင်ရွက်ဆဲနှင့် နောက်ဆက်လက်ဆောင်ရွက်မယ့် အစီအမံများအနေနဲ့ ကျွန်တော်တို့ Review မှာ တင်ပြထားပါတယ်။

**အချိန်၊ ၁၄း၃၀။**

**ဒုတိယဥက္ကဋ္ဌ** ။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုနှစ်နာရီခွဲ လည်းရှိသွားတယ်ဆိုတော့ ခေတ္တနာရီဝက်အနားပေးပါတယ်။ (၃) နာရီမှာ ပြန်ပြီး လွှတ်တော် အစည်းအဝေး ပြန်လည်စတင်ပါမယ်။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာ ပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**[**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ၁၄း၃၀ နာရီ အချိန်တွင် ခေတ္တရပ်နားပြီး ၁၅း၀၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။**]**

**အချိန်၊ ၁၅း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ကြွရောက်လာ ပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးဝင်းနောင် ဆက်လက်ဆောင်ရွက်နိုင်ပါပြီ။

**အချိန်၊ ၁၅း၀၀။**

**ဦးဝင်းနောင်(အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ)**။ ။လေးစားအပ်ပါသော

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ အစီရင်ခံစာကို ဆက်ပြီးတော့ မဖတ်ကြားခင်မှာ လွှတ်တော်ကိုယ်စားလှယ်များသိအောင် နည်းနည်းလေးရှင်းလင်းတင်ပြလိုပါတယ်။ ဒီ ပြည်ထောင်စု အစိုးရအဖွဲ့ ဆောင်ရွက်ချက်တွေ ဝန်ကြီးဌာနအသီးသီးကနေပြီးတော့ ဝန်ကြီးကိုယ်တိုင် လက်မှတ်ထိုးပြီးတော့ ပန်ကြားတင်ပြလာတာတွေဖြစ်ပါတယ်။ ဝန်ကြီးခရီးသွားနေရင်တောင် ဝန်ကြီး ပြည်ပခရီးသွားနေတဲ့အတွက်ကြောင့် ဒုတိယဝန်ကြီးက လက်မှတ်ရေးထိုးပါတယ် ဆိုပြီးတော့၊ ဖော်ပြပြီးတော့ ဒုတိယဝန်ကြီးကိုယ်တိုင် လက်မှတ်ထိုးပြီးတော့ တင်ပြပါတယ်။ ဒီပန်ကြားလည်းတင်ပြချက်တွေကို ကော်မတီကနေပြီးတော့ လိုတဲ့အချက်လေးတွေလောက်ပဲ ကျွန်တော် ပထမစဉ်းစားပါတယ်။ ဒါကို ကောက်နုတ်ပြီးတော့တင်တယ်။ ဒါပေမယ့် ဝန်ကြီးဌာနကနေ ပြီးတော့ အပြည့်အစုံဖော်ပြကြားချက်တွေကို ကျွန်တော်တို့က ဖတ်ပြတောက် လိုက်ရင် အပြည့်အစုံ မသိရမှာလည်း စိုးရိမ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ကော်မတီဥက္ကဋ္ဌကနေပြီးတော့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးဆီ တင်ပြတဲ့အခါမှာ အပြည့်အစုံသာ ဖတ်ကြားပြဖို့ဆိုပြီးတော့ လမ်းညွှန်သွားခဲ့ပါတယ်။

ဆက်လက်ပြီးတော့ ဖတ်ကြားတင်ပြတဲ့အခါမှာ ဒီမှာလည်း View နဲ့ Slide view တွေနဲ့ ထိုးထားတဲ့အတွက်ကြောင့် အဲဒီမှာ အပြည့်အစုံ ဖတ်ရှုနိုင်ပါကြောင်း တင်ပြလိုပါတယ်။ ဆက်လက်ပြီးတော့ ဖတ်ကြားတင်ပြသွားပါမယ်။ မေးခွန်းနံပါတ်(၇)ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)က ဦးမဒြုန်း မေးမြန်းချက်ဖြစ်ပါတယ်။ အဲဒီမှာ တာဝန်ခံချက်တစ်ခုနဲ့ ပတ်သက်ပြီးတော့ ဥရုချောင်းတစ်လျှောက် ချင်းတွင်းဝမှနန်ပိုအောင်အထိ ရေစီးရေလာကောင်း မွန်ရေးနဲ့ ရေယာဥ်လုပ်ငန်းများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးနဲ့ ပတ်သက်ပြီးတော့ ဝန်ကြီးဌာနကနေပြီးတော့ အဲဒီတာဝန်ခံချက်နဲ့ ပတ်သက်ပြီးတော့ (၁)ဥရုချောင်းရေစီးရေလာ ကောင်းမွန်ရေးနဲ့ ရေလမ်းကြောင်းထိန်းသိမ်းရေးတို့အတွက် ဥရုချောင်းနဲ့ ပေ ၃၀၀ အကွာအထိ လုပ်ကွက်များ ခွင့်မပြုရေးသတ်မှတ်ထားပါကြောင်း၊ ချောင်း-ဝဲ-ယာ-ဘေး-၃၀၀-အကွာ ရွှေနှင့် ကျောက် တူးဖော်ခွင့်လုပ်ကွက်များ အသစ်ချပေးခြင်းမပြုဘဲ ယခင်ပေးပြီးသား လုပ်ကွက်များ ကို သက်တမ်းကုန်မှသာ ပယ်ဖျက်ရန် စီမံထားရှိပါကြောင်း၊ ယခင်က သတ္တုတွင်းဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့ ညှိနှိုင်းပြီး ပို့ဆောင်ရေးဝန်ကြီးဌာန မြစ်ကြောင်းရှင်းလင်းရေး ခွင့်ပြုချက်အရ လုပ်ငန်းဆောင်ရွက်ရင်း ရွှေသတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ပေးထားသော

ဥရုချောင်းအတွင်း ဖားကန့်မြို့နယ် ဟောင်းပါးကျေးရွာမှ ဆည်ဇင်းကျေးရွာအထိ၊ ဟုမ္မလင်းမြို့နယ်၊ ဆည်ဇင်းကျေးရွာမှ နမ့်တောကျေးရွာအထိ လုပ်ငန်းဆောင်ရွက်ခွင့်မှာ ၂၁-၅-၂၀၁၀ ရက်မှ ၂၀-၅-၂၀၁၁ ရက်နေ့အထိဖြစ်ပြီး ယခုအခါခွင့်ပြုကာလမှာ ကုန်ဆုံးသွားပြီးဖြစ်ပါကြောင်း၊ ၎င်း လုပ်ကွက်(၂)ကွက်၏လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခွင့်ကို ထပ်မံသက်တမ်းတိုးပေးထားခြင်း မရှိဘဲ ယခုလာမည့်ပွင့်လင်းရာသီတွင် ဥရုချောင်းမြစ်ကမ်းပြင် နှိမ့်ချရေးလုပ်ငန်းများကို အခြားသော ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်ကြားထားပါတယ်။ ဒါဟာ သတ္တုတွင်းဝန်ကြီးဌာနရဲ့ ပြန်လည်တင်ပြချက်ဖြစ်ပါတယ်။

နောက်အပိုင်း(၂) ချောင်းအတွင်း ရွှေတူးဖော်ခြင်းနှင့် ကမ်းပါးဖြိုနှရွှေတူးဖော်ခြင်း မပြုလုပ်ရေးအတွက် ဒေသခံအာဏာပိုင်များဖြင့် ဖွဲ့စည်းထားတဲ့ ကြီးကြပ်ရေးအဖွဲ့များက စနစ်တကျစစ်ဆေးကပြမ်တ်ဖယ်ရှားသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ နောက်ယခုနှစ် မိုးရာသီ စော၍ရောက်ရှိခြင်းနှင့် မိုးများခြင်း၊ ရေကြီးခြင်းတို့ကြောင့် ယခင် လုပ်လက်စ ရွှေတူးဖော်ရေး လုပ်ငန်းများ ယခုနှစ် မေလအတွင်းကပင် ရုပ်သိမ်းသွားကပြီး ဖြစ်ပါတယ်။ ယခုနှစ် ပွင့်လင်း ရာသီရောက်သည့်အခါတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များမှ ထိထိရောက်ရောက် စစ်ဆေးခြင်း၊ ဖယ်ရှားခြင်းလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားရန် စီမံထားရှိကြောင်း တင်ပြထား ပါတယ်။

ဆက်လက်ပြီးတော့ မေးခွန်းနံပါတ်(၈) ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)က ဦးစတီဗင်သာဘိတ် ရဲ့ မေးမြန်းချက်ဖြစ်ပါတယ်။ တိုင်းရင်းသားများ မိမိဘာသာစကား၊ စာပေ သင်ယူခွင့်ပြုရန်နှင့် ဘယ်အချိန်မှာ စတင်ခွင့်ပြုနိုင်မလဲ မေးမြန်းချက်ဖြစ်ပါတယ်။ ပညာရေး ဝန်ကြီးဌာနကနေ ဝန်ကြီးပြေးခဲ့တဲ့ ကတိကဝတ်နဲ့ပတ်သက်ပြီးတော့ နံပါတ်(၁) သက်ဆိုင်ရာ အခြေခံပညာကျောင်းအလိုက် တာဝန်ထမ်းဆောင်နေတဲ့ ဆရာ/ဆရာမများတွင် ဒေသခံ တိုင်းရင်းသားများ မပါရှိနိုင်ခြင်း၊ ကျောင်းအချို့တွင် ဒေသခံတိုင်းရင်းသား ဆရာ/ဆရာမများ ရှိနိုင်သော်လည်း တိုင်းရင်းသားဘာသာစကားတတ်ကျွမ်းမှု မရှိသူဖြစ်နိုင်ခြင်း၊ နိုင်ငံတော်မှ တိုင်းရင်းဘာသာအတွက် ထပ်ဆောင်း၍ ဆရာ ခန့်ထားပေးရန် အခက်အခဲရှိခြင်းတို့ကြောင့် ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိပြည်နယ်

ယဉ်ကျေးမှုနှင့် စာပေအဖွဲ့က တိုင်းရင်းဘာသာ သင်ကြားနိုင်သူများကို စေလွှတ်ပေးနိုင်သည့် ကျောင်းများတွင် တစ်နေ့တာ စာသင်ချိန်ကုန်ဆုံးပြီးနောက် မူလတန်းအောက်ဆင့် သူငယ်တန်းမှ ဒုတိယတန်းအထိ အတန်းများမှာ တိုင်းရင်းဘာသာ သင်ယူလိုသည့် ကလေးများအတွက် စာသင်ချိန်တစ်နာရီထက် မပိုစေဘဲ တိုင်းရင်းဘာသာကို သင်ကြားပေးနိုင်ပါတယ်။ နံပါတ်(၂) ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစုတိုင်းမှ မိမိတို့ဘာသာစကား သင်ကြားပေးရန် တောင်းခံမှုများ မဖြစ်စေဘဲ ဈေးသုံးတိုင်းရင်းဘာသာစကား Second Language ကိုသာ တောင်းခံစေသင့်ပါကြောင်း၊ ဘာသာစကား သင်ကြားမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့က သင်ကြားခွင့်ပြုမြယ့် တိုင်းရင်းသားဘာသာစကားကို ပညာရေးဝန်ကြီးဌာနသို့ တင်ပြရမည်ဖြစ်ပါတယ်။ နံပါတ်(၃) သင်ကြားခွင့်ပြုသည့် တိုင်းရင်းဘာသာစကားအတွက် မူလတန်းအောက်အဆင့် အတန်းတစ်တန်းချင်းအလိုက် သင်ရိုးမာတိကာ၊ သင်ခန်းစာခေါင်းစဉ်၊ အကြောင်းအရာနဲ့ စာသင်ချိန်တို့ကို သက်ဆိုင်ရာ ပြည်နယ်ယဉ်ကျေးမှုနဲ့ စာပေအဖွဲ့က ရေးဆွဲပြုစုပြီး သက်ဆိုင်ရာဝန်ကြီး၊ သက်ဆိုင်ရာအစိုးရအဖွဲ့မှတစ်ဆင့် တင်ပြရန်နှင့် ပညာရေးဝန်ကြီးဌာနက စိစစ်အတည်ပြုပေးသည့်အတိုင်း သင်ကြားပေးရန်ဖြစ်ပါကြောင်းစသည်ဖြင့် ဖြေကြားထားပါတယ်။

နောက်တစ်ခု မေးခွန်း(၉)ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က ဦးခက်ထိန်နန် မေးမြန်းချက်ဖြစ်ပါတယ်။ မစ်ကြီးနားလေယာဉ်ကွင်းနဲ့ပတ်သက်လို့ မေးမြန်းချက်ဖြစ်ပါတယ်။ အဲဒီမှာ ပို့ဆောင်ရေးဝန်ကြီးဌာနက ပေးခဲ့တဲ့အာမခံချက်နဲ့ပတ်သက်ပြီးတော့ (က)မစ်ကြီးနားလေယာဉ်ကွင်းသို့ ဖော်ကာ F-28 ဂျက်လေယာဉ်များ ဆင်းသက်ပျံသန်းအသုံးပြုလျက်ရှိပြီး ဖော်ကာ F-100 ဂျက်လေယာဉ်နဲ့ Y-8 လေယာဉ်များ ဆင်းသက်ပျံသန်းနိုင်ရန် လက်ရှိ လေယာဉ်ပြေးလမ်း ၆၀၀၀ x ၁၅၀ ပေအား မြောက်ဖက်သို့ ပေ ၁၀၀၀ x ၁၅၀ ပေ တိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၅ -၂၀၀၆ ဘဏ္ဍာရေးနှစ်ကနေ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ်မှာ ပြေးလမ်း ၄၀၀ x ၁၀၀ ပေ ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ပါကြောင်း၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှာ မြေဖို့လုပ်ငန်း ၄၀၂၅၀ ကျင်းပြီးစီးခဲ့ကြောင်း ဒါကတော့ ကျွန်တော်တို့ View မှာလည်း တင်ပြထားပြီးဖြစ်ကြောင်း တင်ပြထားပါတယ်။ နောက် အပိုဒ်(ဂ) ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ

ကျပ်သန်း ၄၀၀ ဖြင့် တိုးချဲ့လေယာဉ်ပေးလြေမ်း ၁၀၀၀ x ၁၀၀ ပေကို ဘေးနှစ်ဖက်အကျယ် ၂၂၅ ပေစီ တိုးချဲ့ခြင်း၊ လေယာဉ်ရပ်နားနေရာနဲ့ လေယာဉ်အဝင်လမ်းတို့အား ကတ္တရာ ရေပိတ်လွှာလောင်းခြင်း၊ ပေးလြေမ်းနယ်နိမိတ်အတွင်း မြေနေရာရှင်းလင်းခြင်း၊ အပေါ်ယံမြေသြား ဖယ်ရှားခြင်း၊ ပင်မရေနုတ်မြောင်းတူးခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိရာ ၂၀၁၂ ခုနှစ် အတွင်း လုပ်ငန်းပြီးစီးမှာဖြစ်ကြောင်း ပြန်လည်တင်ပြထားပါတယ်။

နောက်မေးခွန်း(၁၀) ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ဦးပေါလ်ထန်ထိုင်း၏ မေးမြန်းချက် ဖြစ်ပါတယ်။ ချင်းပြည်နယ်အတွင်း ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်ခွင့်နဲ့ ပတ်သက်ပြီးတော့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနကနေ ပေးခဲ့တဲ့ကတိနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်ပြီးစီးမှု ပြန်လည်တင်ပြချက်မှာ (၁) ယခုအချိန်တွင် ချင်းပြည်နယ် တောင်ပိုင်းဒေသသာမက မြောက်ပိုင်းဒေသရှိ မြို့များကိုလည်း ယခင် အစီအစဉ်အတိုင်း၊ စနစ်အတိုင်းသက်ဆိုင်ရာမှ ကြိုတင်ခွင့်ပြုချက်ရယူ၍ Package Tour များကို ခွင့်ပြုထား ပါကြောင်း ကွန်တော် View မှာ တင်ပြထားပါတယ်။ မင်းတပ်၊ ကန်ပက်လက်၊ နတ်မတောင် ဒေသအတွင်း ချင်းပြည်နယ်မြောက်ပိုင်းဒေသ၏ ခရီးသွားလုပ်ငန်းစီစဉ်ဆောင်ရွက် နိုင်မှု အခြေအနေကို သိရှိနိုင်ရန် ၂၀၁၁ ခုနှစ် မေလအတွင်း မိမိဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ် တစ်ဦးမှ ခေါင်းဆောင်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်အချို့နဲ့အတူ ချင်းပြည်နယ်မြောက်ပိုင်း ဟားခါး၊ ဖလမ်း၊ တီးတိန်ဒေသသို့ သွားရောက်လေ့လာခြင်း၊ ခရီးစဉ်ရေးဆွဲခြင်းနှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ချင်းပြည်နယ်ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးချက်များ ဆောင်ရွက်ခဲ့ပါကြောင်း၊ နောင်တွင် လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ တည်းခို နေထိုင်ရေး၊ စားသောက်ရေးကိစ္စရပ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေခြင်းများ၊ ချင်းပြည်နယ် တောင်ပိုင်းဒေသများအပြင် မြောက်ပိုင်းဒေသများသို့ပါ နိုင်ငံရပ်ခြား ကမ္ဘာလှည့်ခရီးသည် များအား ခရီးသွားလုပ်ငန်းကုမ္ပဏီများ၏ အစီအစဉ်ဖြင့် Package Tour ဖွဲ့စည်း ပို့ဆောင်နိုင်ရန် လိုအပ်သည့် မှတ်တင်ကြေညာခြင်းနှင့် ခရီးစဉ်ရောင်းချခြင်းတို့ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖော်ပြအပ်ပါတယ်။ နောက်အပိုဒ်(၅) ဖော်ပြချက် လည်း View မှာ တင်ပြထားပါတယ်။

နောက်မေးခွန်းနံပါတ်(၁၁)ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က ဒေါက်တာမတြာဉာဏစိုး ရဲ့ မေးမြန်းချက်ဖြစ်ပါတယ်။ အဲဒီမှာရထားပို့ဆောင်ရေး ဝန်ကြီးဌာနက

ပေးခဲ့တဲ့ အာမခံချက်တစ်ခုနဲ့ ပတ်သက်ပြီးတော့ စက်ခေါင်းစက်ရုံ နေပြည်တော်မှာလည်းကောင်း၊ လူစီးတွဲစက်ရုံ မဖြိုင်ယ်မှာလည်းကောင်း စက်ရုံတည်ဆောက်ရန်ကိစ္စပါ။ အဲဒါနဲ့ ပတ်သက်ပြီး တော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူတည်ဆောက်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာနဲ့ ငွေကြေးဆိုင်ရာ အချက်အလက်များအပေါ် အသေးစိတ်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက် ရှိပါကြောင်း၊ နောက်ကတိတစ်ခုနဲ့ပတ်သက်ပြီးတော့လည်း မြို့ပတ်ရထားခရီးစဉ် တိုးချဲ့ ဖောက်လုပ်မှု ဆောင်ရွက်ရာတွင် မြို့တွင်းယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်ရေးကိစ္စ ထည့်သွင်း စဉ်းစားမှုဖြစ်ပါတယ်။ အထက်ပါ ကတိနဲ့ပတ်သက်ပြီးတော့ ရန်ကုန်မြို့ပတ်ရထားများကို အဆင့်မြှင့်တင် ဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်၍ မြို့ပတ်ရထား ပြေးဆွဲခြင်းလုပ်ငန်းများကို ပုဂ္ဂလိကသို့လွှဲပြောင်းပေးရန်အတွက် လုပ်ငန်းစဉ်များနဲ့ ဆွေးနွေးလျက်ရှိပါကြောင်း တင်ပြထား ပါတယ်။ စိတ်ပါဝင်စားတဲ့လုပ်ငန်းရှင်တွေရဲ့ တင်ပြချက်ကို အသေးစိတ်စိစစ်ပြီးတော့ ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြထားပါတယ်။

နောက်တာဝန်ခံချက်တစ်ခုကတော့ ရန်ကုန်မြို့ရဲ့ နယ်နိမိတ်ကျယ်ဝန်းလာသည်နှင့် အမျှ အပြေးစီးမြို့ပတ်ရထားလမ်းတွေကို တိုးချဲ့ဖောက်လုပ်နိုင်ရန် တိုင်းတာမှုများ ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း တာဝန်ခံတင်ပြထားတာနဲ့ပတ်သက်ပြီး ဆောင်ရွက်မှုအခြေအနေကတော့ တစ်ဖက်ပါ တာဝန်ခံချက်၊ တစ်နဲ့ပတ်သက်၍ တိုးကြောင်ကလေး ဒဂုံတက္ကသိုလ် ပုလဲမြို့သစ်မှ လှော်ကားသို့ အပြေးစီးမြို့ပတ်ရထားလမ်းအသစ် တိုးချဲ့ဖောက်လုပ်ရေးနဲ့ပတ်သက်၍ တိုင်းတာမှုအရ အရှည် (၂၀) မိုင်ခန့်ရှိရာ တိုးကြောင်ကလေးမှ ဒဂုံတက္ကသိုလ်အထိ (၅)မိုင်အား ဖောက်လုပ်ဖွင့်လှစ်ပြီး ကျန်ရှိသည့်လမ်းအပိုင်းအား ဆက်လက်ဖောက်လုပ်နိုင်ရေးအတွက် ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်အစိုးရထံတင်ပြ၍ ငွေလုံးငွေရင်းရန်ပုံငွေ တောင်းခံပြီး ဆက်လက် ဆောင်ရွက်ရန် စီစဉ်ထားပါတယ်။ နောက်တာဝန်ခံချက်တစ်ခုဖြစ်တဲ့ ရန်ကုန်မြို့ပတ်ရထားလမ်း များကို နေ့စဉ် ခေါက်ရေ(၂၀၀)ခန့် တိုးတက်ပြေးဆွဲတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ရန်ကုန် မြို့ပတ်ရထားခရီးစဉ် (၂၀၀)ကို တိုးချဲ့ပြေးဆွဲခြင်းမပြုဘဲ ရထားတွဲဆိုင်းများ ပိုမိုချိတ်ဆွဲ ပေးမည်ဖြစ် ကြောင်း ဖြေကြားချက်အပေါ် ဆောင်ရွက်ချက်မှာ ရထားတွဲဆိုင်းများတွင် ယခင်က (၆)တွဲအစား လူစီးများတဲ့ ရုံးတက်ရုံးဆင်းချိန်များတွင်(၁)တွဲ ပိုမိုချိတ်ဆွဲ၍ (၇)တွဲပါ တွဲဆိုင်း များဖြင့် ပြေးဆွဲလျက်ရှိပါကြောင်း ဖြေကြားထားပါတယ်။

နောက်တာဝန်ခံချက်တစ်ခုကတော့ ခေါင်းမှာ အင်ဂျင်ပါတဲ့ DMU လူစီးတွဲတွေ ဝယ်ယူတင်သွင်းပြီး ပြေးဆွဲသွားရန် စီစဉ်လျက်ရှိကြောင်း၊ လူစီးတွဲများကို အဆင့်အတန်းမြှင့်တင် ဆောင်ရွက်ထားပါကြောင်း တင်ပြချက်နဲ့ပတ်သက်၍ အဆင့်မီလူစီးတွဲများနဲ့ ရထားစက်ခေါင်းကို ပြည်တွင်း၌ မထုတ်လုပ်မီကြားကာလတွင် စက်ခေါင်းနှင့် လူစီးတွဲများ ဝယ်ယူဖြည့်တင်းရေး အတွက် တင်သွင်းလိုသည့် ကုမ္ပဏီများ၏ အဆိုပြုချက်များအပေါ် နည်းပညာနဲ့ ငွေကြေးပိုင်း ဆိုင်ရာအချက်အလက်များ စိစစ်လျက်ရှိကြောင်း တင်ပြထားပါတယ်။

နောက် မေးခွန်းနံပါတ် (၁၂)ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်က ဦးခက်ထိန်နန် မေးမြန်းတဲ့ မန္တလေး-ရွှေဘို-မြစ်ကြီးနား ရထားလမ်း တစ်နှစ်ပတ်လုံးရာသီမရွေး စိတ်ချလက်ချ သွားလာနိုင်ရေးနဲ့ ပတ်သက်ပြီးတော့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနကပေးခဲ့တဲ့ တာဝန်ခံချက်နဲ့ ပတ်သက်ပြီးတော့ အပိုဒ်(၁)မန္တလေး-ရွှေဘို-မြစ်ကြီးနား ရထားလမ်း စစ်ကိုင်းတိုင်း၊ အင်းတော် မြို့နယ် မဲဇာဘုံချောင်းရထားလမ်းပိုင်းကို တစ်နှစ်ပတ်လုံး စိတ်ချလက်ချသွားလာနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုကို တင်ပြထားပါတယ်။ View မှာ ဖော်ပြထားပါတယ်။ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းကို ယခုနှစ် မိုးမကျမီ ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြထားပါတယ်။ အပိုဒ်(၂)မဲဇာဘုံချောင်းလမ်းအပိုင်းတွင် တောင်တက်တောင်ဆင်း၊ ဆင်ခြေလျှောမတ်စောက်ခြင်း၊ (၆)ပုံသဏ္ဍာန်ကွေ့များ ကျဉ်းမြောင်းပြီး ကွေ့(၃၃)ကွေ့ရှိခြင်း၊ မိုးကာလတွင် နရဲချောင်း ရေတိုက်စားမှု ပြင်းထန်တဲ့အတွက်ကြောင့် စိတ်ချရမှုမရှိသည့်အတွက်ကြောင့် ရာသီမရွေး စိတ်ချရမှုရှိစေမယ့် လက်ရှိရထားလမ်း၏ အနောက်ဖက်မှာ (၃)မိုင်အရှည်ရှိတဲ့ လမ်းအူကြောင်း တစ်ခုကို လေ့လာဖော်ထုတ်ပြီးဖြစ်ပါတယ်။ လာမည့်ပွင့်လင်းရာသီတွင် ဖောက်လုပ်သွားမယ်လို့ တင်ပြထားပါတယ်။

ဆက်လက်ပြီးတော့ မေးခွန်းကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ကိုယ်စားလှယ် ဦးမောင်သာခင် မေးမြန်းခဲ့တဲ့ ရခိုင်ပြည်နယ်နှင့်ပြည်မ ဆက်သွယ်တဲ့လမ်းများမှာရှိတဲ့ သစ်သား တံတားကို သံကူကွန်ကရစ်တံတားအဖြစ် တိုးမြှင့်ဆောက်လုပ်ပေးရန်နှင့် တောင်ပြိုကျခြင်းမှ အကာအကွယ်ပေးနိုင်တဲ့ တောင်ကြားလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ်နှင့်ပတ်သက်ပြီး မေးမြန်းချက်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ကနေပြီးတော့ ပေးခဲ့တဲ့ တာဝန်ခံချက် ဆောင်ရွက်ချက်ကို view

မှာ တင်ပြထားပါတယ်။ နောက်ဆက်လက် ဆောင်ရွက်မယ့် အစီအစဉ်ကိုလည်း တင်ပြထားပါတယ်။ အသေးစိတ် ဆောင်ရွက်ချက်တွေ view မှာ တင်ပြထားပါတယ်။

နောက်မေးခွန်းနံပါတ်(၁၄) အသေးစိတ်ဆောင်ရွက်ချက်တွေ အများကြီး ဥာင်ပြထားပါတယ်။ မေးခွန်းနံပါတ်(၁၄)ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း မေးမြန်းတဲ့ မေးခွန်းဖြစ်ပါတယ်။ အဲဒီမေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ခံချက် ပေးခဲ့တဲ့ အပိုင်းနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်ပြီးစီးမှုကို တင်ပြထားပါတယ်။ ကုလားတန် ဘက်စုံသယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ ပလက်ဝ-စက်ပစ်ကွင်းမှ မိုဇို့ဝ-အိန္ဒိယ နယ်စပ်အထိ (၆၂)ကီလိုမီတာကို ဆောင်ရွက်ရန်အတွက် ၂၀၀၃-၂၀၀၄ ခုနှစ် ကနေစပြီးတော့ တိုင်းတာတွက်ချက် ဆောင်ရွက်ခဲ့တာကို တင်ပြထားပါတယ်။ နောက်ဆောင်ရွက်ဆဲအခြေအနေတွေကိုလည်း View မှာ တင်ပြထားပါတယ်။ နောက်ဆုံး ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်ကိုလည်း တင်ပြထားပါတယ်။

နောက်ပေးခဲ့တဲ့ ကတိတစ်ခုနဲ့ ပတ်သက်ပြီးတော့သည် ဖလမ်း-ရိဒ်ခေါ်ရိဒ်ဒါလမ်း မှာ မေပြသားလမ်းဖြစ်ပြီးတော့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက နှစ်စဉ်စီမံကိန်းချမှတ်ပြီးတော့ အပိုင်းလိုက် အဆင့်မြှင့်တင် ဆောင်ရွက်ရန်ဖြစ်ပါတယ်လို့ ဖေကြာငြချက်တွေအပေါ်မှာလည်း ဆောင်ရွက်ချက် တွေ တင်ပြထားပါတယ်။

နောက်မေးခွန်းနံပါတ်(၁၅)ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)က ဦးဇုန်လှယ်ထန်း မေးမြန်းခဲ့တဲ့ ချင်းပြည်နယ်မြောက်ပိုင်းအတွက် ကျီခါး-တွန်းဇံ-တီးတိန်-ဖလမ်း-ဟားခါး စသည့် ဒီလမ်း တစ်ဆယ့်နှစ်ရာသီသွား ကတ္တရာလမ်းခင်းရေးနဲ့ ပတ်သက်ပြီးတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာနက ပေးခဲ့တဲ့ကတိနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်ချက်တွေ View မှာ တင်ပြထားပါတယ်။ ဆောင်ရွက်ပြီးစီးမှုနဲ့ ဆောင်ရွက်ဆဲအခြေအနေ ပြည့်ပြည့်စုံစုံ တင်ပြထားပါတယ်။ နောက် တာဝန်ခံချက်ဖြစ်တဲ့ လမ်းအလိုက် ဦးစားပေးမှုကို အာရှလမ်းမကြီးနဲ့ အာဆီယံလမ်းမကြီး၂များဟာ ပထမဦးစားပေးအဆင့် စသည်ဖြင့်ပေါ့လေ။ အဆင့်အလိုက် ဦးစားပေးအဆင့် မြှင့်တင် ပြီးတော့ ကတ္တရာလမ်းအဆင့် ဆောင်ရွက်လျက်ရှိပါတယ်ဆိုပြီးတော့ ဆောင်ရွက်ပြီးစီးမှု ဆောင်ရွက်ဆဲအခြေအနေတွေကိုလည်း ဆက်လက်တင်ပြထားပါတယ်။ နောက် ကတိတစ်ခုနဲ့

ပတ်သက်ပြီးတော့ ပခုက္ကူ-မင်းတပ်-ကန်ပက်လက်လမ်းအပိုင်းမှာ ဆောင်ရွက်ချက်တွေအနက် ကျန်အပိုင်းတွေကို နိုင်ငံတော် ရန်ပုံငွေရရှိမှု အပေါ်မူတည်ပြီးတော့ နှစ်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားရန် စီမံချက်ချမှတ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်လို့ ဖြေကြားထားပါတယ်။

မေးခွန်းနံပါတ်(၁၆)ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)က ဦးဇုန်လှယ်ထန်း မေးမြန်းချက်ဖြစ်ပါတယ်။ လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက နေပြီးတော့ ပေးခဲ့တဲ့တာဝန်ခံချက်တစ်ခုကို ဖြေကြားချက် ဖြစ်ပါတယ်။ မန္တလေး-တရုတ်နယ်စပ်အဝင်အထွက် သွားလာမှုကို ၂၅-၃-၁၉၉၇ ရက်နေ့က ချုပ်ဆိုခဲ့တဲ့စာချုပ်မှ စတင်ပြီးတော့ ဖြေကြားထားတာ ဖြစ်ပါတယ်။ အဲဒီတာဝန်ခံချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမယ်။ ဆောင်ရွက်လျက် ရှိပါတယ်ဆိုပြီး ဖြေကြားထားပါတယ်။ ကျွန်တော် View မှာတင်ပြထားပါတယ်။ အဲဒီတော့ အဲဒီပေးခဲ့တဲ့တာဝန်ခံချက်တွေအတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားထား ပါတယ်။

နောက်မေးခွန်းနံပါတ်(၁၇) ကချင်ပြည်နယ် မဲဆန္ဒနယ်(၁၀)က ဦးစိုင်းမငြမောင် မေးမြန်းတဲ့ ဗမာမဟုတ်တဲ့ မိဘနှစ်ပါးမှ မွေးဖွားခဲ့သော သားသမီးများ၊ ဗမာ သို့မဟုတ် အခြားသော တိုင်းရင်းသားများဖြစ်နေတဲ့ကိစ္စကို ဘယ်လိုမှန်ကန်အောင် ပြန်လည်ဆောင်ရွက် ပေးနိုင်မလဲဆိုတဲ့မေးမြန်းချက်၊ လူဝင်မှုကြီးကြပ်ရေးနဲ့ပြည်သူ့အင်အားဝန်ကြီးဌာနကနေပြီးတော့ ပေးခဲ့တဲ့ တာဝန်ခံချက်နဲ့ ပတ်သက်ပြီးတော့ ဒါတင်ပြထားပါတယ်။ မြို့နယ်အဆင့်၊ တိုင်းနဲ့ ပြည်နယ်အဆင့်၊ ရုံးချုပ်အဆင့် (၃)ဆင့်တို့ကနေ စစ်ဆေးမှုပြုလုပ်လို့ မှန်ကန်ပါက ညွှန်ကြားရေးမှူးချုပ်ရဲ့အခွင့်အာဏာနဲ့ လူမျိုးပြင်ဆင်မှုကို ခွင့်ပေးထားပါကြောင်း၊ အလားတူ လူမျိုးအမည်ပြင်ဆင်ခြင်း၊ မွေးသက္ကရာဇ်ပြင်ဆင်ခြင်း၊ အမည်ဖြည့်စွက်ခြင်း၊ မိဘအမည် ပြင်ဆင်ခြင်း စတဲ့လုပ်ငန်းများကို ဆောင်ရွက်နိုင်ပါကြောင်း ပေးခဲ့တဲ့ ဒီ တာဝန်ခံချက်နဲ့ ပတ်သက်ပြီးတော့ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၁ ခုနှစ် ဧပြီလမှ သြဂုတ်လ ၁၅ ရက်အထိ လူမျိုးပြင်ဆင်ခြင်း၃ ဦး၊ ကိုးကွယ်သည့်ဘာသာပြင်ဆင်ခြင်း ၁၄ ဦး၊ မိဘအမည် ပြင်ဆင်ခြင်း ၁၅ ဦး၊ မွေးသက္ကရာဇ်ပြင်ဆင်ခြင်း ၁၃၈ ဦး၊ အမည်ဖြည့်စွက်ခြင်း ၁၉၁ ဦး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း တင်ပြထားပါတယ်။

နောက်မေးခွန်းနံပါတ်(၁၈)ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါက်တာမြတ်ညွှာစိုး မေးမြန်းတဲ့ စွမ်းအင်ဝန်ကြီးဌာနနဲ့ဆိုင်တဲ့ မေးမြန်းချက် ဖြစ်ပါတယ်။ စွမ်းအင်ဝန်ကြီးဌာနရဲ့ ပေးခဲ့တဲ့တာဝန်ခံချက်နဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်ချက်တွေကို တင်ပြထားပါတယ်။ ဒါကြောင့် High Light အပြာနဲ့ တင်ပြထားပါတယ်။

နောက်မေးခွန်းနံပါတ်(၁၉)ဖြစ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) ဦးစခုန်တိန့်ယိန်း မေးမြန်းတဲ့ မေးခွန်းဖြစ်ပါတယ်။ မြစ်ဆုံ စီမံကိန်းရဲ့ အထက်ဘက် ရေဝပ်ဧရိယာမှာပါဝင်တဲ့ ရွာတွေနဲ့ ရွာတွေမှာပါရှိတဲ့ ပြည်သူတွေအတွက် ဆောင်ရွက်ပေးချက်ဖြစ်ပါတယ်။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဒီတမံဧရိယာနဲ့ မလွတ်ကင်းတဲ့ ကျေးရွာ(၅)ရွာ ပြန်လည်နေရာချထားရေး ဆောင်ရွက်မှုတွေကို တင်ပြထားပါတယ်။ ပေးခဲ့တဲ့အာမခံချက်နဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်ပြီးစီးမှုတွေ ကိုလည်း တင်ပြထားပါတယ်။ ကျေးရွာ(၉)ရွာက ဒေသခံ(၄၂၀)ကို ပိုင်ဆိုင်တဲ့ စသည်ပေါ့လေ။ ဒါဆောင်ရွက်ပေးမှုတွေ၊ ဒါအဖြူနဲ့ High Light လုပ်ပြီးတော့ တင်ပြထားပါတယ်။ နောက် ဧရာဝတီမြစ်ဆုံနှင့်အထက် မေခ၊ မေလိခမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်း (၈)ခု အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြီးစီးတဲ့အခြေအနေတွေ ရာခိုင်နှုန်းနဲ့ တင်ပြထားပါတယ်။ အဲဒီတော့ ကျေးဇူးပြုပြီးတော့ အဲဒီ View မှာ ကွန်တော် ထိုးထားတာလေးပဲ ဖတ်ရှုပေးဖို့ ဖြစ်ပါတယ်။

နောက် မေးခွန်းနံပါတ်(၂၀) ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)က ဦးဇုန်လှယ်ထန်း တင်ပြချက်ဖြစ်ပါတယ်။ ချင်းပြည်နယ်ရှိ မြို့များအားလုံးကို မဟာဓာတ်အားလိုင်း သွယ်တန်းဖြန့်ဝေပေးရန် စီစဉ်ဆောင်ရွက်ပေးပါရန် မေးမြန်းချက်ဖြစ်ပါတယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပေးခဲ့တဲ့တာဝန်ခံချက်ကို ဆောင်ရွက်ချက် ကွန်တော်အောက်မှာ High Light အပြာနဲ့ အရောင်ခြယ်ပြီးတော့ တင်ပြထားပါတယ်။

နောက် မေးခွန်းနံပါတ်(၂၁) ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄) ဒေါက်တာမြတ်ညွှာစိုးရဲ့ ပို့ကုန်လုပ်ငန်းစဉ်များမှာ ကုန်သွယ်ခွန် (၂)ရာခိုင်နှုန်း၊ ဝင်ငွေခွန် (၈)ရာခိုင်နှုန်း စုစုပေါင်း(၁၀)ရာခိုင်နှုန်း အခွန်ကောက်ခံဖို့နဲ့ သွင်းကုန်လုပ်ငန်းစဉ် (၃.၅)ရာခိုင်နှုန်း ပင်ရင်းမှ နုတ်စေတဲ့အခွန်များကိစ္စ မေးမြန်းချက်ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဖြေကြားချက် တင်ပြထားပါတယ်။

ဆက်လက်ပြီးတော့ မေးခွန်းနံပါတ်(၂၂)ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ် ဦးလှဆွေ မေးမြန်းချက်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ပေးခဲ့တဲ့တာဝန်ခံချက် တစ်ခုနဲ့ပတ်သက်ပြီးတော့ ဖြေကြားချက်တွေကို High Light နဲ့ လုပ်ပြီးတော့ တင်ပြထားပါတယ်။ ဆောင်ရွက်ချက်အသေးစိတ်တွေကိုလည်း တင်ပြထားပါတယ်။

နောက်ဆုံး ကချင်ပြည်နယ် မဲဆန္ဒနယ်(၄)က ဦးစခုန်တိန့်ယိန်း မေးမြန်းချက် မေးခွန်းအမှတ်စဉ်(၂၃)ဖြစ်ပါတယ်။ ငြိမ်းချမ်းသာယာပြီး နိုင်ငံတော်ကြီး ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရန် တရားဥပဒေစိုးမိုးမှုတည်ဆောက်ရာမှာ ဥပဒေပြင်ပမှ လက်နက်စွဲကိုင်လျက် နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသေးတဲ့ အဖွဲ့အစည်းကို မည်ကဲ့သို့ အစီအမံများဖြင့် ဖြေရှင်းဆောင်ရွက်ပေးမည်နည်း မေးမြန်းချက်နဲ့ ပတ်သက်ပြီးတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီး အဲဒီတုန်းကလာပြီးတော့ ဖြေကြားခဲ့ပါတယ်။ အဲဒီတုန်းက အာမခံချက်တစ်ခု ဖော်ပြခြင်တာရှိပါတယ်။ အဲဒီအာမခံချက်နဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသစ်က နိုင်ငံ့တာဝန်စတင်ယူခဲ့တဲ့ ၃၀-၃-၂၀၁၁ ရက်နေ့မှာ နိုင်ငံတော် သမ္မတကြီးက မူဝါဒလမ်းစဉ် (၇)ရပ်ကို သံသယရှိနေသေးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်သေးတဲ့သူများကိုလည်း သူတို့ရဲ့သံသယများပျောက်ပြီး အမျိုးသားအကျိုးစီးပွား အတွက် ပူးပေါင်းဆောင်ရွက်လာအောင် မိမိတို့ရဲ့ မှန်ကန်တဲ့စေတနာတွေကို ပြသဆောင်ရွက် သွားမှာဖြစ်ကြောင်း၊ မတူညီတဲ့သဘောထားအမြင်တွေ ရှိကမြဲဖြစ်သော်လည်း တိုင်းပြည်နဲ့ လူမျိုးအကျိုးအတွက် တူညီတဲ့ကိစ္စတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကစေလိုကြောင်း၊ နိုင်ငံတော် အစိုးရအနေနဲ့ ငြိမ်းချမ်းရေးတံခါးဖွင့်ထားပြီး လက်ကမ်းကြိုဆိုနေမှာဖြစ်ကြောင်း စသည်ဖြင့် မိန့်ကြားခဲ့ပါတယ်။ အဆိုပါမိန့်ကြားချက်နဲ့အညီ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ခြင်းမရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကိုလည်း ယာယီငြိမ်းချမ်းရေးမှသည် ထာဝရငြိမ်းချမ်းရေးသို့ ကူးပြောင်းရောက်ရှိရန် မှန်ကန်တဲ့စေတနာ၊ မေတ္တာမြင့်တဲ့အသိ၊ နားလည်စာနာတဲ့သည်းခံစိတ်ထားနဲ့ ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ ထို့အတူ နယ်စပ်ဒေသရှိ ကျန်နေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်များအတွက်လည်း ငြိမ်းချမ်းရေးတံခါးဖွင့်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ သို့သော် ၁၂-၈-၂၀၁၁ ရက်နေ့ သတင်းစာ ရှင်းလင်းပွဲ ဒါကတော့ အဲဒီတုန်းက ဖြေကြားချက်တွေ ဖြစ်ပါတယ်။ နောက်ပိုင်းကာလ

တိုးတက် ဆောင်ရွက်ချက်တွေလည်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ လိုအပ်တဲ့အပိုင်းလေးတွေ High Light လုပ်ပြထားပါတယ်။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေနဲ့ လက်နက်ကိုင်ပဋိပက္ခကို မလိုလား၊ ငြိမ်းချမ်းရေးကို အဓိကလိုလားတဲ့ အတွက်ကြောင့် ၂၀၁၁ ခုနှစ်၊ သဂြုတ်လ ၁ ရက်နေ့တွင် ကြေညာချက်အမှတ် ၁/၂၀၁၁ ကို ထုတ်ပြန်၍ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်း ထားခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး စတဲ့ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ရရှိပြီးဖြစ်တဲ့ဒေသတွေမှာ ဝန်ကြီးဌာနအသီးသီးက ၎င်းတို့ရဲ့ ပုံမှန်လုပ်ငန်း များကို ဆက်လက်ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ထို့အပြင် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပန်ကြားရေးဆိုင်ရာကိစ္စများကိုလည်း အချိန်တိုအတွင်း ကျယ်ကျယ်ပြန့်ပြန့် အလေးထား ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ဆိုပြီးတော့ ပန်ကြားလည် တင်ပြထားပါတယ်။

ဆက်လက်ပြီးတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနဲ့ ဆိုင်တဲ့ မေးခွန်းတစ်ခုဖြစ်ပါတယ်။ ဒါ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)က ကိုယ်စားလှယ် ဦးထွန်းကျော် ရဲ့ မေးမြန်းတဲ့ မေးခွန်းဖြစ်ပါတယ်။ အဲဒီမှာ ဝန်ကြီးဌာနကနေပြီးတော့ ကတိတစ်ခု ပြုခဲ့တာရှိပါတယ်။ View မှာဖော်ပြထားပါတယ်။ ဆောင်ရွက်ဆဲအခြေအနေနဲ့ လက်ရှိအစိုးရ တာဝန်ယူသည့်ကာလအတွင်း ဆန်ကုန်သည်များမှ သယ်ဆောင်ဖြန့်ဖြူး ရောင်းချခြင်းများ အတွက် လာဘ်ပေးညှိနှိုင်းသည့်ကိစ္စ တိုင်ကြားမှုမရှိခဲ့သဖြင့်အရေးယူဆောင်ရွက်ရခြင်း မရှိပါကြောင်း နဲ့ လာဘ်ပေးလာဘ်ယူကိစ္စနှင့် ပတ်သက်၍ တိုင်ကြားမှုရှိလာပါက စုံစမ်းစစ်ဆေးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပန်ကြားလည်ရှင်းလင်း ဖြေကြားထားပါတယ်။

ဆက်လက်ပြီးတော့ ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေးမှာ မေးမြန်းခဲ့တဲ့ မေးခွန်း(၂၅)ခုအနက် ပြည်ထောင်စုအစိုးရအဖွဲ့မှ အာမခံချက်၊ ကတိတာဝန်ခံချက်ပေးထားတဲ့ မေးခွန်း(၁၁)ခုအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ ပန်ကြားချက်ကို တင်ပြပါ့မယ်။ ဒီပန်ကြားချက်တွေကိုတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကနေ စုပေါင်းပြီးတော့မှ ပြုစုပြီး ပန်ကြားပေးခဲ့တာ ဖြစ်ပါတယ်။ ပထမမေးခွန်း(၁)ကတော့ ဧရာဝတီတိုင်းဒေသကြီး

မဲဆန္ဒနယ်အမှတ်(၆)မှ ကိုယ်စားလှယ် ဦးခင်မောင်ရီ မေးမြန်းတဲ့ ဧရာဝတီမြစ်ဆုံ ဒေသမှာရှိတဲ့ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ လက်ရှိ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေတဲ့အခြေအနေနဲ့ ဆက်လက်ဆောင်ရွက်မယ့် စီမံကိန်းများနဲ့ ပတ်သက်ပြီးတော့ ဖြစ်နိုင်သမျှ ပြည့်စုံစွာသိရှိလိုကြောင်း မေးမြန်းချက်ပေါ်မှာ ဖြေကြားခဲ့တဲ့ ပြောကြားခဲ့တဲ့ အာမခံချက်၊ ယနေ့ လျှပ်စစ်ထုတ်လုပ်မှုအခြေအနေနှင့် တည်ဆောက်လျှက်ရှိတဲ့ လျှပ်စစ်စီမံကိန်းများအခြေအနေကို ရှင်းလင်းပြောကြားထားပါတယ်။ ဆောင်ရွက်ဆဲအခြေအနေကို High Light ခရမ်းရောင်နဲ့ ပြထားပါတယ်။ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရှင်းလင်းဖြေကြားချက်တွေကို High Light လုပ်ပြီးပြထားပါတယ်။

နောက် ပြည်ထောင်စုလွှတ်တော်မှာ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ဦးသိန်းထွန်း မေးမြန်းချက်ကို ဖြေကြားခဲ့တဲ့ အချက်ဖြစ်ပါတယ်။ ဒါကတော့ ဓာတ်မြေသြဇာ ဆိုင်ရာကိစ္စ ဖြစ်ပါတယ်။ View မှာ ဆောင်ရွက်ပြီးစီးမှုနဲ့ ဆောင်ရွက်ဆဲအခြေအနေကို တင်ပြထားပါတယ်။ မေးခွန်းနံပါတ်(၃)ကတော့ ဒိုက်ဦးမြို့နယ် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမင်းဆွေမေးခဲ့တဲ့ ပဲခူးတိုင်းဒေသကြီး အတွင်းမှာ ဆည်များပြီးစီးသော်လည်း ဆည်ရေသောက်စနစ်များ ပြီးစီးမှုမရှိသေးတဲ့အတွက် ကြောင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မယ့် အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက် ပြီးတော့ ဖြေကြားချက်များကို High Light လုပ်ပြီးတော့ တင်ပြထားပါတယ်။

နောက်မေးခွန်း နံပါတ်(၄)ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က ကိုယ်စားလှယ် ဦးစိုးအောင် မေးမြန်းထားတဲ့ မေးခွန်းဖြစ်ပါတယ်။ အဲဒီမှာ ပြည်ထောင်စုဝန်ကြီး ကနေပြီးတော့ ပေးခဲ့တဲ့ကတိပေါ့နော်။ ပိုးသတ်ဆေးများ အဆိပ်သင့်မှုနဲ့ ပတ်သက်ပြီးတော့ ဖြေကြားချက်ကို High Light လုပ်ပြီးတော့ တင်ပြထားပါတယ်။ ဆောင်ရွက်ပြီးစီးမှုနဲ့ ဆောင်ရွက်ဆဲ အခြေအနေများ တင်ပြထားပါတယ်။

နောက် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)က ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း နွေစပါးစိုက်ပျိုးခြင်းနဲ့ ပတ်သက်ပြီးတော့ မေးမြန်းချက်ဖြစ်ပါတယ်။ အဲဒီမှာ ပြည်ထောင်စုဝန်ကြီးပြုခဲ့တဲ့ ကတိနှင့်ပတ်သက်ပြီးတော့ ဆောင်ရွက်ပြီးစီးမှုနဲ့ ဆောင်ရွက်ဆဲအခြေအနေကို View မှာ တင်ပြထားပါတယ်။ နောက်မေးခွန်းနံပါတ်(၆)ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်

အမှတ်(၂)က ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း မေးမြန်းတဲ့ ရိဒ်မြို့နယ်ခွဲမှ ဖလမ်းမြို့သို့ ကားလမ်းဖောက်လုပ်ခြင်းနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးက ပေးခဲ့တဲ့ကတိနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်ထား ရှိမှုကို View မှာ တင်ပြထားပါတယ်။

နောက်မေးခွန်းနံပါတ်(၇) ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ်မေးမြန်းခဲ့တဲ့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ “ဝ” ဒေသရဲ့ ဖွံ့ဖြိုး တိုးတက်ရေးအတွက် တိုးတက်ဆောင်ရွက်သွားမယ့် လမ်းတံတား လျှပ်စစ်မီးကိစ္စ မေးမြန်းချက်ကို ပြည်ထောင်စုဝန်ကြီးဖြေကြားခဲ့တဲ့ ကတိနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်ပြီးစီးမှု၊ လမ်းတံတား လုပ်ငန်းပြီးစီးမှု၊ ကျန်းမာရေးလုပ်ငန်းပြီးစီးမှု၊ ပညာရေးလုပ်ငန်းပြီးစီးမှု၊ စိုက်ပျိုးရေးလုပ်ငန်း ပြီးစီးမှုများ တင်ပြထားပါတယ်။ ဆောင်ရွက်ဆဲအခြေအနေနဲ့ နောက် ဆက်လက်ဆောင်ရွက်မယ့် အစီအမံများကို တင်ပြထားပါတယ်။ နောက်တစ်ခုကတော့ ကယားပြည်နယ် ဖားဆောင်း မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်တင် မေးမြန်းတဲ့ ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေးအတွက် အောင်ပန်း-လွိုင်ကော်-မယ်စဲ့ ကားလမ်း အဆင့်မြှင့်တိုးချဲ့ တည်ဆောက်ခြင်းနှင့် ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးအား တာဝန်ခံချက်ပြုခဲ့တာ ရှိပါတယ်။ ဒီအချက်တွေထဲက အရေးကြီးတာကို High Light အပြာရောင်နဲ့ပြထားပါတယ်။ ဆောင်ရွက်ပြီးစီးမှုနဲ့ ဆောင်ရွက်ဆဲ အခေခြအနေများ တင်ပြထားပါတယ်။

နောက်ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ်မေးမြန်းခဲ့တဲ့ ဟိုပန်-ပင်လုံကားလမ်း ရာသီမရွေးသွားနိုင်ဖို့ အဆင့်မြှင့်လမ်း အဖြစ် ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ အခြေအနေ သိလိုပါကြောင်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားထားပါတယ်။ ကျွန်တော်တို့ အပြာနဲ့လည်း ဖော်ပြထားပါတယ်။ ဆောင်ရွက်ဆဲကိုလည်း ခရမ်းရောင်နဲ့ ဖော်ပြထားပါတယ်။ နောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးငွေမောင် မေးမြန်းခဲ့တဲ့ အမျိုးသားပညာရေး အကြား အလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင်နဲ့ပတ်သက်ပြီးတော့ မေးမြန်းချက်ကို ပေးခဲ့တဲ့ တာဝန်ခံချက် ဆောင်ရွက်ချက်တွေကို တင်ပြထားပါတယ်။

နောက် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး ၏ မေးမြန်းချက် ဈေးကစားချယ်လှယ်မှု၊ စီးပွားရေးလက်ဝါးကြီးအုပ်မှု မည်သို့မည်ပုံကိုင်တွယ်ဖြေရှင်းမလဲ မေးမြန်းချက်နဲ့ပတ်သက်ပြီးတော့ တာဝန်ခံချက်ပေးခဲ့တာရှိပါတယ်။ ပြည်ထောင်စုဝန်ကြီးက အဲဒီအချက်တွေကို High Light လုပ်ပြီးတော့ တင်ပြထားပါတယ်။ နောက် ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးကနေပြီးတော့ ဝန်ကြီးရုံးအသီးသီးက ပြန်ကြားတင်ပြချက်တွေကို တင်ပြလို့ ပြီးပါပြီ။

ကျွန်တော်တို့ အစီရင်ခံစာရဲ့အပိုင်းကို ဆက်လက်ဖတ်ကြားတင်ပြပါ့မယ်။ ကော်မတီက ဆက်လက်ဆောင်ရွက်သွားမယ့် အစီအစဉ် အပိုဒ် ၂၃။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သော မေးခွန်းနှင့် အဆိုများအပေါ်တွင်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များက တင်သွင်းကြသော ဥပဒေကြမ်း၊ အဆို သို့မဟုတ် အစီရင်ခံစာ များနှင့် စပ်လျဉ်း၍လည်းကောင်း ဖြေကြားခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက် များကို ဆက်လက်စိစစ်ပြီး အမျိုးသားလွှတ်တော် နည်းဥပဒေ ၇၁ နှင့်အညီ လွှတ်တော်သို့ အပြီးသတ် အစီရင်ခံစာများ ပြန်လည်တင်ပြသွားနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။ အပိုဒ် ၂၄။ စိစစ်ရေးကော်မတီအနေဖြင့် လုပ်ငန်းကဏ္ဍတစ်ခုချင်းအလိုက် စစ်ဆေးပြီး စနစ်တကျ တစ်ပေါင်းညီ ပြုစုတင်ပြသွားနိုင်ရန်အတွက် စစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာပုံစံကို အောက်ပါအတိုင်း ချမှတ်ထားရှိပါကြောင်း တင်ပြအပ်ပါတယ်။

(က) အကြောင်းအရာ ခေါင်းစဉ်၊ (ခ) ရည်ညွှန်းချက်များ၊ (ဂ) စိစစ်ရေးအဖွဲ့ အမည်စာရင်း၊ (ဃ)စိစစ်ရေးလုပ်ငန်းဆောင်ရွက်သည့် ခရီးစဉ်အကျဉ်း၊ (င) စိစစ်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့သည့် ဝန်ကြီးဌာနနဲ့ဦးစီးဌာနများ၊ (စ) စိစစ်ရာတွင် ဖြေကြားရှင်းလင်းခဲ့သည့် ဌာနတာဝန်ခံများ၊ (ဆ) လုပ်ငန်း၏နောက်ခံသမိုင်းအကျဉ်း၊ (ဇ) စီမံကိန်း/စီမံချက်နှင့် လျာထားချက်များ၊ (ဈ) စိစစ်တွေ့ရှိသည့် တွေ့ရှိချက်များ၊ (ည) အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ သတ်မှတ်သည့်ကာလအတွင်းပြီးစီးမှု ရှိ/မရှိ နှင့် မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း ရှိ/မရှိ တို့ သုံးသပ်အကဲဖြတ်ချက်၊ (ဋ) အခက်အခဲများတွေ့ရှိပါက အကြံပြုတင်ပြရန်၊ (ဌ) နောက်ဆက်တွဲများ ဖြစ်ပါတယ်။

နိဂုံး။ ၂၅။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၃ အရ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန်၊ အဆိုတင်သွင်းရမည်ဖြစ်ပြီး အဆိုအတည်ဖြစ်ပြီးသောအခါ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များ ကို လာပေးကြရန် ဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့ အမျိုးသားလွှတ်တော်မှ သတ်မှတ်ပေးတဲ့ ကော်မတီရဲ့တာဝန်များအတိုင်း တိတိကျကျလိုက်နာပြီး ဆက်လက်စိစစ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အစီရင်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သဘာသံများ)

## အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၅း၂၈။**

**ဒုတိယဥက္ကဋ္ဌ** ။ ။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအစီရင်ခံစာကို ဆွေးနွေးမယ့်လွှတ်တော် ကိုယ်စားလှယ် တွေရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း ပေးပို့ကြရန်ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ၂၀ ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ၂၁ ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**အချိန်၊ ၁၅း၃၀။**

**ဒုတိယဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ်၊ အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၂၀ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သဘာသံများ)

**အချိန်၊ ၁၅း၃၀။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး၊ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ အစည်းအဝေးကို ၁၅း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]